ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ရက်၊ တနင်္လာနေ့၊ (18-8-2003)(၃၉၆၆)

ပုဗ္ဗေ စ ကတပုညတာ တော် မင်္ဂလ မုတ္တမံ။

ရှေးကောင်းမှုကံ ရှိခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ကျောက်ဆည် ခုတင်–၂၀၀ဆံ့ ဆေးရုံ အဆောက်အအုံသစ်

ဩဂုတ် ၁၆ ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ကျောက်ဆည်မြို့တွင် အသစ်တည်ဆောက်ပြီးစီးနေသော ခုတင်–၂၀၀ဆံ့ ဆေးရုံအဆောက်အအုံသစ်တွင် လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

(သတင်း–စာ–၇) (သတင်းစဉ်)

ယနေ့ထုတ် စောင်ရေ ၂၁၀၉၈၀

နိုင်ငံတော်အတွင်း သိပ္ပံနှင့်နည်းပညာရပ်များ အချိန်နှင့်တစ်ပြေးညီ တိုးတက်ရေး သိပ္ပံနှင့်နည်းပညာဆိုင်ရာ အခြေခံအဆောက်အအုံများ ပေါ်ထွန်းလာစေရေးအတွက်

အမျိုးသားရေးသန္နိဋ္ဌာန်ဖြင့် တစ်မျိုးသားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၁၇

မန္တလေးသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကော်ပိုရေးရှင်းလီမိတက် MICT Park(Mandalay) ဖွင့်ပွဲနှင့် International ICT Exhibitionဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၆ရက် နံနက် ၉နာရီတွင် မန္တလေးမြို့ အဆင့်မြင့်ရတနာပုံဈေး၌ ကျင်းပရာ မြန်မာနိုင်ငံ ကွန်ပျူတာပညာ ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံကွန်ပျူတာပညာ ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ အီလက်ထရွန်းနစ်

အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ (e-National Task Force) အဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ စီးပွားရေးတာဝန်ခံ Mr. Huang Wen Long၊ အိန္ဒိယနိုင်ငံ ကောင်စစ်ဝန်ချုပ် Mr. P. K. Bhutiani ၊ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေး ကော်ပိုရေးရှင်း (MICTDC)မှ ဒါရိုက်တာအဖွဲ့ဝင်များ၊ သတင်းနှင့် ဆက်သွယ်ရေးနည်းပညာ (Information Technology) ဆိုင်ရာ ပညာရှင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း၊ခရိုင်၊မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းနှင့် မြန်မာနိုင်ငံ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ★

ချောင်းမကြီး(ပျဉ်းမနား) ရေလှောင်တမံ

မန္တလေးတိုင်း ပျဉ်းမနားမြို့နယ် ချောင်းမကြီး(ပျဉ်းမနား) ရေလှောင်တမံတွင် ပင်မတမံနှင့် ရေထုတ်ပြွန်မှ ထုတ်ပေးရန် ကွန်ကရစ်ရေမြောင်း တည်ဆောက်လျက်ရှိသည်ကို ဩဂုတ် ၈ ရက်က တွေ့ရစဉ်။

ဓာတ်ပုံမှတ်တမ်း–အောင်မိုး(ကြေးမုံ)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၁၈-၈-၂၀၀၃
(တနင်္လာနေ့)

သဘာဝအလှအပများ ထိန်းသိမ်းမြှင့်တင် ဒေသဖွံ့ဖြိုးရေး ဝိုင်းဝန်းကြိုးပမ်း

မြန်မာနိုင်ငံသည် သဘာဝတောတောင်ရေမြေ အလှအပများဖြင့် ပြည့်စုံသောနိုင်ငံဖြစ်သည်။ သဘာဝအမွေအနှစ်များဖြစ်သည့် သစ်တော၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝနယ်မြေများကို သစ်တောဥပဒေ၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေများဖြင့် စနစ်တကျထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်သည့် အစဉ်အလာသည် ကာလရှည်လျားစွာကပင် တည်ရှိခဲ့သည်။ မြန်မာနိုင်ငံသားတို့၏ သဘာဝပတ်ဝန်းကျင်အား ချစ်မြတ်နိုးမှုကို မြို့ပြနှင့် ကျေးလက်ဒေသများရှိ စိမ်းလန်းစိုပြည်နေသည့် ရှုခင်း၊ မြင်ကွင်းများက အထောက်အထားအဖြစ် ဖော်ပြနေပေသည်။

နိုင်ငံတော်က သဘာဝအခြေအနေများကြောင့် တောတောင်များ မပျက်စီးစေရန် ကြိုတင်ကာကွယ်သည့် အစီအမံများကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ သစ်တော၊ သယံဇာတထိန်းသိမ်းရေး လမ်းညွှန်ချက်နှင့်အညီ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသ ၁၃ခရိုင်တွင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနက သစ်ပင်များပြန်လည်စိုက်ပျိုးခြင်း၊ စိုက်ပျိုးပြီးသစ်ပင်များ စနစ်တကျ ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ သစ်တောအဆင့်အတန်းများ တိုးတက်ရှင်သန်လျက်ရှိသည်။ ယခုအခါ မြန်မာနိုင်ငံ အပူပိုင်းဒေသများဖြစ်သည့် မုံရွာ၊ စစ်ကိုင်း၊ မြင်းခြံ၊ မိတ္ထီလာ၊ ရမည်းသင်း၊ ပခုက္ကူ၊ မင်းဘူး၊ မကွေး၊ သရက်၊ ဂန့်ဂေါ၊ ညောင်ဦး၊ ကျောက်ဆည်နှင့် ရွှေဘိုခရိုင်များတွင် စိမ်းလန်းစိုပြည်သော သစ်တောများကို တွေ့မြင်နေရပြီဖြစ်သည်။

မြန်မာနိုင်ငံအတွင်း သစ်တောများ စိမ်းလန်းစိုပြည်သာယာမှုနှင့် သဘာဝအလှအပရှုခင်းများပြည့်စုံသည့် ဒေသအများအပြားလည်းရှိသေးရာ မိမိတို့ဒေသအလိုက်တည်ရှိနေသည့် သဘာဝအလှအပများကို ယိုယွင်းပျက်စီးမှုမရှိစေရန် ဝိုင်းဝန်းထိန်းသိမ်းပြုပြင်စောင့်ရှောက်ကြရမည် ဖြစ်သည်။ သာဓကအားဖြင့် ကချင်ပြည်နယ်သည် နိုင်ငံတော်၏ မြောက်ပိုင်းတွင်တည်ရှိပြီး ဆီးနှင်းများဖုံးလွှမ်းလျက်ရှိသည့် တောင်တန်းများနှင့် မြန်မာ့သဘာဝအလှအပရှုခင်းများဖြင့် ပြည့်စုံနေသည်။

ကချင်ပြည်နယ်သည် ယခင်က လမ်းပန်းဆက်သွယ်မှုခက်ခဲသည့် နယ်မြေတစ်ခုဖြစ်ခဲ့သည်။ တစ်ချိန်တစ်ခါက ငြိမ်းချမ်းမှုမရှိခဲ့၍ ပြည်နယ်အတွင်း တစ်မြို့နယ်နှင့် တစ်မြို့နယ်ပင် သွားလာရန်အခက်အခဲရှိခဲ့ကြသည်။

ယနေ့ကာလတွင် တိုင်းရင်းသားညီအစ်ကိုများ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်စာနာမှု၊ အပြန်အလှန်နားလည်မှုများဖြင့် ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်လျက်ရှိကြရာ ကချင်ပြည်နယ်တစ်ဝန်း ငြိမ်းချမ်းသာယာလျက်ရှိနေပြီဖြစ်သည်။

ပြည်နယ်အတွင်း ဧရာဝတီမြစ်ကူး ဗလမင်းထင်တံတား၊ တာပိန်မြစ်ကူးတံတား၊ တဘက်ချောင်းတံတား၊ နမ့်မြစ်ခတံတား၊ မလိယန်တံတား၊ နန့်ဆန်ယန်တံတား၊ မိုးလဲတံတား၊ တနိုင်းတံတားနှင့် ဟိုပင်တံတားကြီးများကိုလည်း တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ရာ ပြည်သူများ အလွယ်တကူ ကူးသန်းဆက်သွယ်သွားလာနိုင်ကြပြီဖြစ်သည်။

ပူတာအိုမြို့နယ် မူလာရှီးဒီကြိုးတံတား၊ ခါကာဘိုရာဇီအမျိုးသားဥယျာဉ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပညာပေးပြခန်းတို့သည် စိတ်ဝင်စားဖွယ်ရာကောင်းသည်။ အဆိုပါ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးပြခန်းတွင် ဒေသရင်းသစ်ခွမျိုးနှင့် ပန်းမန်များ၊ သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်မှုနှင့် မြန်မာနိုင်ငံမြောက်ဖျားရှိ ဆက်စပ်သဘာဝထိန်းသိမ်းရေးနယ်မြေ ပြခန်းပြကွက်များကို စီစဉ်ပြသထားကြောင်း သိရသည်။

သို့ဖြစ်ရာ ဒေသခံတိုင်းရင်းသားပြည်သူအားလုံးက မိမိတို့ဒေသရှိ ရှားပါးတိရစ္ဆာန်၊ သစ်ပင်ပန်းမန်၊ တောတောင် သဘာဝအလှအပများ မပျက်စီးစေရေးအတွက် ထိန်းသိမ်းမြှင့်တင်သွားကြရန်နှင့် မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ အောင်မြင်စေရေးအတွက် ညီညီညွတ်ညွတ် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်အရှေ့ပိုင်းနှင့် အနောက်ပိုင်းခရိုင်များအတွင်း ဘုန်းတော်ကြီး စာသင်တိုက်များသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်များလှူဒါန်း

ရန်ကုန်အနောက်ပိုင်းခရိုင် လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်များသို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားတွင် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိကြီးများက ဆွမ်းဆန်တော်၊ ဆီနှင့်ပဲတို့ကို ဆရာတော်များထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန် ဩဂုတ် ၁၇

ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက်များနှင့် သီလရှင်စာသင်တိုက်များသို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီက ရန်ကင်းမြို့နယ် (၁၁)ရပ်ကွက်ရှိ ပဥ္စနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်၌ ကျင်းပသည်။

လှူဒါန်းပွဲ အခမ်းအနားသို့ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ရန်ကင်းမြို့နယ် ပဥ္စနိကာယသာသနာ့ ဗိမာန်ကျောင်းတိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ တေဇောဘာသ အမှူးပြုသော ဆရာတော် သံဃာတော်များ၊ စွန်းလွန်းဂူ သီလရှင်စာသင်တိုက် ပဓာနနာယက သီလရှင်ဆရာကြီး ဒေါ်ဝဏ္ဏဝတီ အမှူးပြုသော သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီး ဆရာလေးများ ကြွရောက်တော်မူကြပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၊ ဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီး မောင်ပါ၊ တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိကြီးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့်ရန်ကင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ယနေ့ လှူဒါန်းမှု အစုစုတို့မှာ ဆွမ်းဆန်တော် ၄၉၈အိတ်၊ ဆီ ၂၂၃ပိဿာ၊ အိုင်အိုဒင်းဆားပိဿာ၂၄၅၀၊သွားတိုက်ဆေးဘူး ၂၈၉ဘူး၊ တိုင်းရင်းဆေးမျိုးစုံ ၄၈၉၃ဘူး၊ ပဲ ၅၈၇ ပိဿာ၊ ကြက်သွန်နီ ၁၁အိတ်၊ အာလူး၁၀အိတ်၊ သကြား ၁၀ပိဿာ၊ ကြာဆန်ပိဿာ ၅၀နှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေပေါင်း ခုနစ်ရာကိုးဆယ် ငါးသိန်း နှစ်သောင်းခုနစ်ထောင်လေးရာ ကိုးဆယ်တစ်ကျပ်ဖြစ်သည်။

သရက်တောကျောင်းတိုက်

အလားတူ ရန်ကုန်အနောက်ပိုင်းခရိုင် လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်များသို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင် ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူတော်ငွေများ စိုက်ထူလှူဒါန်းပွဲအခမ်းအနားကို ညနေ၃နာရီတွင် လမ်းမတော်မြို့နယ်(၁၂)ရပ်ကွက်ရှိ သရက်တောကျောင်းတိုက် အလယ်တိုက်ကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ ဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီးမောင်ပါနှင့် တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိကြီးများက ဆရာတော်သံဃာတော်များအား လှူဖွယ်ပစ္စည်းများကိုဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ ကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်စိုး၊ စစ်ဦးစီးဗိုလ်မှူးကြီး(ရေ) ဗိုလ်မှူးကြီး ဉာဏ်ထွန်းနှင့် စစ်ဦးစီးဗိုလ်မှူးကြီး(လေ)ဗိုလ်မှူးကြီးဇင်ယော်တို့က ဆရာတော် သံဃာတော်များအား ဆွမ်းဆန်တော်၊ဆီနှင့်ပဲ တို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဌာနဆိုင်ရာများနှင့် စေတနာရှင်ပြည်သူများက လှူဒါန်းကြသော ဆွမ်းဆန်တော် ဆီ၊ ဆား၊ ဆေးနှင့် ပဲများကို တာဝန်ရှိသူများနှင့် အလှူရှင်များကဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ယနေ့ လှူဒါန်းမှုအစုစုတို့မှာ ဆွမ်းဆန်တော် ၁၉၃အိတ်၊ ဆီ ၇၈ပိဿာ၊ အိုင်အိုဒင်းဆား၆၈၄ ပိဿာ၊ သွားတိုက်ဆေးဘူး ၁၄၅ဘူး၊ တိုင်းရင်းဆေးမျိုးစုံ ၄၅၉၇ဘူး၊ ပဲ ၁၃၇ပိဿာနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေကျပ်လေးဆယ့်တစ်သိန်း လေးသောင်းငါးထောင်ခုနစ်ရာ ခုနစ်ဆယ်တို့ ဖြစ်သည်။

(သတင်းစဉ်)

၂၀၀၃ခုနှစ် ကောဒသမအကြိမ်(၁၁ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တစ်ပြောပြိုင်ပွဲအတွက် ရွေးချယ်ထားသော သီချင်းများ

(ယမန်နေ့မှအဆက်)

၁။ ပညာရှင်အဆင့်

(က) အောင်မြေမြမန်း (ပတ်ပျိုး)
(ခ) အောင်မြေသာစံ (ပတ်ပျိုး)
(ဂ) မဲဇာတောင်ခြေ (ပတ်ပျိုး)
(ဃ) ပန်းဟောဝန် (ယိုးဒယား)
(င) တောင်ဇမ္ဗူပိုင် (ယိုးဒယား)
(စ) အထူးထူးငယ်နှင့် (ပတ်ပျိုး)
(ဆ) မိုင်းပြာဝေ (ပတ်ပျိုး)
(ဇ) ရွှန်းရွှန်းမြ (သီချင်းခံ)

၂။ ဝါသနာရှင်အဆင့်

(က) ဘုန်းမိုးသွန်းလောင်း (သီချင်းခံ)
(ခ) ဖြူပြာမှုရာ (ပတ်ပျိုး)
(ဂ) နီးအောင်ပင်လှမ်း (ခေတ်ဟောင်းကာလပေါ်) (မကြည်အောင်)

၃။ အဆင့်မြင့်ပညာအဆင့်

(က) ကျွန်းကျွန်းပိုင်သ (ကြိုး)
(ခ) ဇမ္ဗူတောင်ညာ (ပတ်ပျိုး)
(ဂ) နဂါးနီ (ခေတ်ဟောင်းကာလပေါ်) (ခင်မောင်ရင်)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့်

(က) ဝေဇယန်နှင့်နှုန်းငြား (ကြိုး)
(ခ) နှစ်ကိုယ်သစ္စာ (ပတ်ပျိုး)
(ဂ) ဇာတိနွယ် (ခေတ်ဟောင်းကာလပေါ်) (မကြည်အောင်)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့်

(က) မြန်ခန်းကျွန်းတွင်း (ကြိုး)
(ခ) ဟေမဝန်ချာ (ဘွဲ့)
(ဂ) မေတ္တာဂုဏ် (ခေတ်ဟောင်းကာလပေါ်) (ပြည်လှဖေ)

၆။ အခြေခံပညာ(၅-၁၀)အဆင့်

(က) သာယာ (ကြိုး)
(ခ) သီလာမြေယံ (ကြိုး)
(ဂ) တပ်မတော်အင်အား (ခေတ်ဟောင်းကာလပေါ်) (အဖွဲ့)

(ဆက်လက်ဖော်ပြပါမည်။)

အမေရိကန်တပ်များ အီရတ်မှ ထွက်သွားရန် ဘာသာရေးခေါင်းဆောင်များ တောင်းဆို ပြောက်ကျားစနစ်ဖြင့် တိုက်ခိုက်မှုများကြောင့် အမေရိကန်တို့ အသေအပျောက်များပြားလာ

ဘဂ္ဂဒက် ဩဂုတ် ၁၆

မွတ်စလင် ဘာသာရေးခေါင်းဆောင်များက အမေရိကန် သိမ်းပိုက်ရေးတပ်များအား အီရတ်မှ ထွက်သွားကြရန် သောကြာနေ့က ဘုရားဝတ်ပြုပွဲ ကျင်းပစဉ် တောင်းဆိုလိုက်သည်။ အီရတ်၌ အမေရိကန်တပ်ဖွဲ့များအား ပြောက်ကျားစနစ်ဖြင့် တိုက်ခိုက်မှုများကြောင့် အသေအပျောက် များပြားလျက်ရှိသည်။

ဘဂ္ဂဒက်မြို့၏ အရှေ့မြောက်ဘက်ရှိ ဘာလာဒ်မြို့အနီးတွင် အမေရိကန်စစ်ယာဉ်တန်းငယ်တစ်ခုကို ဒုံးပစ်လောင်ချာဖြင့် နှစ်ချက်ပစ်ခတ်ခံခဲ့ရသည်။ ထိုတိုက်ခိုက်မှုကြောင့် အမေရိကန်စစ်သား နှစ်ဦးနှင့် အီရတ်အရပ်သား သုံးဦးတို့ ဒဏ်ရာရရှိသွားကြသည်။

ဒုတိယဗိုလ်မှူးကြီး ဝီလျံမက်ဒေါ်နယ်သည် အမှတ်(၄) ကြည်းတပ်မမှ ပြောရေးဆိုခွင့်ရှိသူဖြစ်သည်။ ၎င်းက အဆိုပါ တိုက်ခိုက်မှုနှင့် ပတ်သက်သော သေနတ်သမားကို ဖမ်းဆီးရမိခြင်း မရှိသေးဟု ဆိုသည်။

အထက်ပါ ကြည်းတပ်မသည် ဆက်ဒမ်ဟူစိန်၏ ဇာတိမြို့ တီကရစ်ဒေသတွင် ဆက်ဒမ်အား ဖမ်းမိရေးအတွက် စစ်ဆင်ရေးကို ဦးဆောင်ဆင်နွှဲနေသော တပ်မဖြစ်သည်။ အမေရိကန်တပ်ဖွဲ့များသည် နောက်ဆုံးပြုလုပ်သော စစ်ဆင်ရေးတွင် အီရတ် ၁၄ ဦးကို ဖမ်းဆီးထိန်းသိမ်းထားလိုက်ပြီး မြေပြင်မှ ဝေဟင်ပစ်ဒုံးများ၊ ဒုံးကျည်များ၊ ဒုံးပစ်လောင်ချာများနှင့် မော်တာစိန်ပြောင်းများကို ဖမ်းဆီးရမိခဲ့သည်ဟု မက်ဒေါ်နယ်က ပြောကြားခဲ့သည်။

ဘဂ္ဂဒက်မြို့ အနောက်ဘက် ၂၅ မိုင်အကွာ အယ်ဖာလာဟာမြို့တွင် အမေရိကန်စစ်ယာဉ်တန်းကို ပစ်မှတ်ထားသည့် ပေါက်ကွဲမှုဖြစ်ပွားပြီးနောက်တွင် အပေါက်ကြီးဖြစ်နေသည့်ဘေးမှ ကားများ ဖြတ်မောင်းနေစဉ်။ (ယင်းကဲ့သို့ ပေါက်ကွဲမှု ဖြစ်ပွားခဲ့သည့်အတွက် အမေရိကန်တပ်သားသုံးဦး ဒဏ်ရာရရှိခဲ့သည်ဟု ဒေသခံတို့က ပြောကြားသည်။) *(ဓာတ်ပုံ-အင်တာနက်)*

ရင်ဆိုင်နေရ

ဆက်ဒမ်အား ထောက်ခံမှုအားကောင်းသော ဆွန်နီမွတ်စလင်များ ကြီးစိုးရာဒေသတွင် အမေရိကန်တပ်ဖွဲ့များသည် ပြောက်ကျားတိုက်ခိုက်မှုများနှင့် ရင်ဆိုင်နေရသည်။ ဝါရှင်တန်က မေ ၁ ရက်တွင် အီရတ်၌ စစ်ပွဲကြီးများ ပြီးဆုံးသွားပြီဖြစ်ကြောင်း ကြေညာခဲ့သည်။ ထိုကြေညာချက်ထွက်ပေါ်လာပြီး နောက်ပိုင်း၌ တိုက်ပွဲများအတွင်း သေဆုံးခဲ့ရသော အမေရိကန်စစ်သား စုစုပေါင်းမှာ ၆၀ ဦး ရှိသွားပြီဖြစ်သည်။

အီရတ်နိုင်ငံတွင် ရှီးယားမွတ်စလင်များသည် လူများစုဖြစ်သည်။ များသောအားဖြင့် ရှီးယားမွတ်စလင်များသည် အီရတ်နိုင်ငံကို အမေရိကန်က တိုက်ခိုက်သည်ကို ဆန့်ကျင်ခြင်း မရှိ၊ လိုလားကြသူများဖြစ်သည်။ သို့သော် ယခုအခါ လူများစု ရှီးယားမွတ်စလင်များကပါ မလိုလားသည့် လက္ခဏာများ ပြလာရသည်ဟု ဆိုသည်။

နိုင်ငံတောင်ပိုင်းရှိ ဘာဆရာမြို့တွင် ပြီးခဲ့သော သီတင်းပတ်အကုန်က လူများစု ရှီးယားဘာသာဝင်များနှင့် ဗြိတိန်တပ်ဖွဲ့ဝင်များအကြား ပြဿနာဖြစ်ခဲ့ကြသည်။ ထိုအဖြစ်အပျက် ပေါ်လာပြီးနောက်ပိုင်း ကြာသပတေးနေ့တွင် လမ်းမပေါ်တွင် ထောင်ထားသော ဗုံးတစ်လုံး ပေါက်ကွဲခဲ့ရာ ဗြိတိန်စစ်သားတစ်ဦး သေဆုံးသွားပြီး အခြားနှစ်ဦး ဒဏ်ရာရရှိသွားသည်။

မကြာသေးမီက ဘဂ္ဂဒက်မြို့မြောက်ဘက် ဆဒ်မြို့တွင် ဆန္ဒပြမှုတစ်ခု ပေါ်ပေါက်ခဲ့ရာ အမေရိကန်တပ်ဖွဲ့များက ပစ်ခတ်သဖြင့် ဆန္ဒပြသူတစ်ဦး သေဆုံးခဲ့ပြီး လေးဦးဒဏ်ရာရရှိသွားသည်။

ကြွေးကြော်

ထိုကိစ္စကို မကျေနပ်သဖြင့် ဆဒ်မြို့တွင် အီရတ်လူမျိုး ၅၀၀၀ ကျော်က လမ်းမပေါ်တွင် ဆုတောင်းပွဲ တစ်ခု ကျင်းပခဲ့သည်။ ဆုတောင်းပွဲကျင်းပစဉ် "အစ္စလာမ်များကို ထောက်ခံသည်၊ အမေရိကန်များကို အလိုမရှိ" စသည်ဖြင့် ကြွေးကြော်ခဲ့ကြသည်။

ထိုဝတ်ပြုပွဲတွင် ရှိတ်အဗ္ဗဒူဟာဒီအယ်လ်ဒါရာဂျီက ဆဒ်မြို့အဖြစ်အပျက်ဟာ သက်သေပြလိုက်တာပဲဖြစ်တယ်။ အမေရိကန်များနဲ့ ဇီယွန်ဝါဒီတွေဟာ မွတ်စလင်ဘာသာဝင်တွေကို စစ်ကြေညာလိုက်တာပဲဖြစ်တယ်ဟု ပြောကြားသွားသည်။

တစ်ကမ္ဘာလုံးနှင့် အမေရိကန်ပြည်ထောင်စုကို အသိပေး ပြောကြားလိုတယ်။ ကျွန်ုပ်တို့အား ထိပါးလာသူများကို အီရတ်နိုင်ငံရဲ့ သားကောင်းများသည် နှစ်ဆပြန်လည်တုံ့ပြန်မည်ဆိုသည်ကို သိစေလိုပါသည်ဟု ၎င်းက ဖြည့်စွက်ပြောကြားသွားသည်။ ***အင်တာနက်။***

နယူးယောက်မြို့၌ လျှပ်စစ်မီးပြတ်တောက် လူအများအပြား လမ်းများပေါ်တွင် အိပ်ခဲ့ရ

နယူးယောက် ဩဂုတ် ၁၆

အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ နယူးယောက်တိုင်းမ် စကွဲယားပန်းခြံတွင် လျှပ်စစ်မီး ပြတ်တောက်မှုကြောင့် ပိတ်မိနေသော ပင်ပန်းနွမ်းနယ်ကာ မျက်တွင်းချောင်နေသည့် ရာနှင့်ချီသော လူများသည် ၎င်းတို့၏ ယာယီအိပ်ရာခင်းများမှ နိုးထကြကာ အရှေ့အရပ်ဆီမှ ထွန်းတောက်လာသည့် မှိန်ပျပျ အလင်းရောင်အောက်တွင် လေးလေးလံလံ သွားလာလှုပ်ရှားကြသည်။

မှောင်အတိကျ

မြောက်အမေရိကဒေသ၏ သမိုင်းတွင် အဆိုးရွားဆုံး လျှပ်စစ်မီးပြတ်တောက်သဖြင့် နေရာအနှံ့အပြားတွင် မှောင်အတိကျပြီးနောက် ၁၂ နာရီကျော် ကြာသည့်တိုင်အောင် နယူးယောက်မြို့နှင့် ၎င်း၏ဆင်ခြေဖုံးဒေသအများစုတွင် လျှပ်စစ်မီး မရရှိဘဲ ရှိနေပေသည်။ မြေအောက်ရထားများမှာလည်း ပြေးဆွဲနိုင်ခြင်း မရှိသေးပေ။ မီးမလာ၍ ရေလည်း မရဘဲဖြစ်ခဲ့ရသည်။

တိတ်ဆိတ်ငြိမ်သက်

ယခင်က နံနက်လင်းပြီဆိုလျှင် လှုပ်ရှားသွားလာမှုများကြောင့် စည်ကားနေတတ်သည့် မင်ဟက်တန်ရပ်ကွက်တွင်လည်း လမ်းကြီး၊ လမ်းငယ် အသွယ်သွယ်တွင် တိတ်ဆိတ်ငြိမ်သက်နေသည်။ ညပိုင်းတွင် မီးပြတ်တောက်မှုထဲတွင် ပိတ်မိနေသူ အများအပြားသည် ရရာပစ္စည်းများဖြင့် ခေါင်းအုံးလုပ်ကာ အိပ်ခဲ့ကြသည်။

နယူးယောက်မြို့သည် အများစုအားဖြင့် ညပိုင်းဆိုလျှင် တိတ်ဆိတ်ငြိမ်သက်နေတတ်သည်။ သို့ရာတွင် လျှပ်စစ်မီးပြတ်တောက်သည့်ညတွင် ဘရုတ်ကလင်းဒေသတွင် ကိုးကြားကိုးကြား လုယက်မှုဖြစ်ခဲ့သည့်အတွက် ဖမ်းဆီးမှုများလည်း ဖြစ်ခဲ့ရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဩဂုတ် ၁၅ ရက်က လျှပ်စစ်မီးများ ပြတ်တောက်မှုကြောင့် နေအထွက်တွင် မြင်ရသည့် နယူးယောက်မြို့မှ အင်ပါယာစတိတ် အဆောက်အအုံ၏ မှုန်ပျပျမြင်ကွင်းကို တွေ့ရစဉ်။ (မြောက်အမေရိက သမိုင်းတွင် အဆိုးရွားဆုံး မီးပြတ်တောက်မှု ဖြစ်ပွားခဲ့သော်လည်း လူတစ်ဦးသာ နှလုံးရောဂါကြောင့် သေဆုံးခဲ့ရသည်။ မီးသတ်သမား တစ်ဦးမှာလည်း မီးသတ်ရင်း ဒဏ်ရာရရှိခဲ့သည်။) *(ဓာတ်ပုံ-အင်တာနက်)*

အမေရိကန်၌ မီးပြတ်မှုကြောင့် လေကြောင်းလုပ်ငန်း ဖရိုဖရဲဖြစ် ကမ္ဘာ့အကြီးမားဆုံး နယူးယောက် စတော့ဈေးကွက်လည်း ထိခိုက်

ဝါရှင်တန် ဩဂုတ် ၁၆

သမိုင်းတစ်လျှောက် အကြီးကျယ်ဆုံးသော မီးပြတ်တောက်မှုကြောင့် ထိခိုက်မှုရှိခဲ့ပြီး အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံ လေဆိပ်များတွင် လေကြောင်းပျံသန်းမှု ကန့်သတ်ထားမှုများ အားလုံးကို အမေရိကန်အစိုးရက ရုပ်သိမ်းလိုက်ကြောင်းဖြင့် ပြည်ထောင်စုလေကြောင်းပျံသန်းရေး အုပ်ချုပ်မှုအဖွဲ့က ကြာသပတေးနေ့နှောင်းပိုင်းက ပြောကြားသည်ဟု ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

နယူးယောက်မြို့ရှိ အထင်ကရ လေဆိပ်များဖြစ်သည့် နယူးအာ့ခ်၊ ဂျွန်အက်ဖ်ကနေဒီနှင့် လာဂွာဒီယာ လေဆိပ်အားလုံးကို ကနေဒါရှိ ကလိဗ်

လင်၊ တိုရွန်တိုနှင့် အော့တဝါလေဆိပ်များနည်းတူ လေကြောင်းပျံသန်းမှုများ ပြန်လည် ဆောင်ရွက်ခွင့်ပြုလိုက်ပြီဖြစ်သည်။

လေဆိပ်များတွင် မီးပျက်မှုဖြစ်ပွားပြီးနောက် လေကြောင်းခရီးစဉ်များ နှောင့်နှေးမှု သို့တည်းမဟုတ် ခရီးစဉ်များ ဖျက်သိမ်းမှုတို့ကြောင့် အမေရိကန်ပြည်ထောင်စုရှိ လေယာဉ်ခရီးသည် ထောင်ချီ၍ သောင်တင်ခဲ့ပြီး ကွန်ပျူတာနှင့် လက်မှတ်ရောင်း အစီအစဉ်ကို ဖျက်သိမ်းပြီး လုံခြုံရေးဆိုင်ရာ ကွန်ပျူတာဖြင့် စစ်ဆေးရေးပစ္စည်းများနှင့် အခြားစနစ်များကို ရပ်ဆိုင်းထားခဲ့ရသည်။

အမေရိကန် ပြည်ထောင်စုတွင် ကြာသပတေးနေ့က မီးပြတ်တောက်မှု ဖြစ်ပွားသောကြောင့် ကမ္ဘာတွင် အကြီးဆုံးသော နယူးယောက်ရှိ စတော့ဈေးကွက်သည်လည်း ထိခိုက်မှုရှိခဲ့သည်ဟု ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

မိမိတို့ ယခုလောလောဆယ်တွင် မီးပျက်မှုနှင့် ကြုံတွေ့နေရကြောင်း၊ စတော့ဈေးကွက်ကို ပိတ်ထားလိုက်ရပြီး မည်သည့်ငွေပေးငွေယူ ရှင်းလင်းရေးဆိုင်ရာ နောက်ဆက်တွဲရလဒ်များ ပေါ်ပေါက်လာမည် မသိသေးကြောင်း အဆိုပါ စတော့ဈေးကွက်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အမေရိကန်ပြည်ထောင်စုရှိ အထင်ကရ မြို့ကြီးများတွင် မီးပျက်မှု အနှံ့အပြား ဖြစ်ပွားခဲ့ပြီးနောက် မီးပြန်လင်းခဲ့ပါက နယူးယောက်ရှိ မြေအောက်ရထားလုပ်ငန်းများတွင် လျှပ်စစ်မီးကို ခြောက်နာရီမှ ရှစ်နာရီကျော်သည့် အချိန်ထိ ဆက်လက်ထိန်းသိမ်းထားနိုင်စွမ်းမရှိကြောင်း သယ်ယူပို့ဆောင်မှုဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားလိုက်သည်။

မွန်းလွဲပိုင်း လူစတင်စည်ကားချိန် ဒေသစံတော်ချိန် ၄ နာရီ ၁၁ မိနစ်တွင် မီးပျက်သွားသဖြင့် မြေအောက်ရထားစနစ် အသုံးပြုသူ ၃၅၀၀၀၀ ခန့်တို့သည် ခရီးဆက်လက်မသွားနိုင်ဘဲ သောင်တင်ခဲ့ရကြောင်း ဖော်ပြပါ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး ဒိုင်ဒရီပါကာက ပြောကြားသည်။

လမ်းပြအမှတ်အသားများ အလုပ်လုပ်နိုင်ခြင်း မရှိတော့၍ ခရီးသွားလာရေး အခြေအနေမှာ ဆိုးရွားလှကြောင်း၊ မြို့တော်၏ တံတားသုံးခုကို ကားများမသွားရန် ပိတ်ထားလိုက်၍ မန်ဟက်တန်ရပ်ကွက်သို့ ဝင်ရောက်နိုင်ခြင်းမရှိတော့ကြောင်း နယူးယောက်မြို့တော် ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဩဂုတ် ၁၅ရက်က အီရတ်နိုင်ငံ ဘာဆရာမြို့တွင် ညပိုင်း စစ်ဆေးမှုများပြုလုပ်စဉ် မသင်္ကာသူတစ်ဦးအား ဗြိတိသျှတပ်သားတစ်ဦးက စစ်ဆေးမေးမြန်းနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကုလသမဂ္ဂ၏ အီရတ် အကူအညီပေးရေးအဖွဲ့သို့ ရုရှားကျွမ်းကျင်သူများ စေလွှတ်ရန် အသင့်ရှိနေ

မော်စကို ဩဂုတ် ၁၆

မကြာမီ ဖွဲ့စည်းမည့် ကုလသမဂ္ဂအဖွဲ့ကြီး၏ အီရတ်အကူအညီပေးရေးအဖွဲ့သို့ ပါဝင်ဆောင်ရွက်ရန် ရုရှားနိုင်ငံက ကျွမ်းကျင်သူများစေလွှတ်ရန် အသင့်ရှိကြောင်း ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး ယူရီဖေဒိုတော့က သောကြာနေ့တွင် ပြောကြားလိုက်သည်။

ပြောကြား

အီရတ် အုပ်ချုပ်ရေးကောင်စီ (အိုင်ဂျီစီ) ထူထောင်ဖွဲ့စည်းမှုကို ကြိုဆိုသည့် အမေရိကန်ရေးဆွဲသော ဆုံးဖြတ်ချက်ကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီက အတည်ပြုပြီး နောက်တစ်ရက်တွင် ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး ဖေဒိုတော့က အထက်ပါအတိုင်း ပြောကြားလိုက်သည်။

အီရတ်နိုင်ငံတွင် ကုလသမဂ္ဂလုပ်ငန်းဆောင်တာများကို ညှိနှိုင်းဆောင်ရွက်ပေးရန် အဖွဲ့ဝင် ၃၀၀ ပါဝင်သည့် ကုလသမဂ္ဂ အကူအညီပေးရေးအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းရန် ထိုဆုံးဖြတ်ချက်က အာဏာအပ်နှင်းခွင့်ပြုလိုက်သည်။

ထိုဆုံးဖြတ်ချက်အရ တစ်နှစ်တာ အာဏာနှင့်အတူ ကုလသမဂ္ဂ အကူအညီပေးရေးအဖွဲ့က အမေရိကန် သိမ်းပိုက်ရေးအာဏာပိုင်များ၊ အီရတ်အုပ်ချုပ်ရေးကောင်စီတို့နှင့် လက်တွဲဆောင်ရွက်မည်ဖြစ်သည်။

ကြိုဆို

အမေရိကန်စီစဉ်ပေးသည့် အီရတ်အုပ်ချုပ်ရေးကောင်စီ ဖွဲ့စည်းခြင်းကို ရုရှားနိုင်ငံက ကြိုဆိုကြောင်းဖြင့် ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး ဖေဒိုတော့က ထပ်မံပြောကြားလိုက်သည်။

အီရတ် အုပ်ချုပ်ရေးကောင်စီ ဖွဲ့စည်းခြင်းသည် အီရတ်နိုင်ငံ၏ အချုပ်အခြာ အာဏာပိုင်မှုကို အာမခံမည့် နိုင်ငံတကာ အသိအမှတ်ပြု အီရတ်အစိုးရ ဖွဲ့စည်းရေးကို ဦးတည်သည့် ခြေလှမ်းတစ်ရပ်အဖြစ် ကြိုဆိုကြောင်းဖြင့် ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန်၌ မီးပြတ်လပ်မှု ပြင်သစ်မှလေယာဉ်ခရီးစဉ်များ ဆိုးဆိုးရွားရွားထိခိုက်

ဘက္ကဒက် ဩဂုတ် ၁၇

အမေရိကန် ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံ နေရာဒေသ အနှံ့အပြားတွင် မီးပြတ်တောက်မှု ဖြစ်ပွားသောကြောင့် ပြင်သစ်နိုင်ငံမှ အမေရိကန်ပြည်ထောင်စု နယူးယောက်သို့ ပျံသန်းနေသည့် လေကြောင်းအသွားအပြန် ခရီးစဉ်များ ဆိုးဆိုးရွားရွား ပျက်စီးထိခိုက်ခဲ့ရကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

လူလိုက်ပါခြင်းမရှိသည့် အာကာသခရီးစဉ် ၂၀၀၈ ခုနှစ်တွင် အိန္ဒိယနိုင်ငံ လွှတ်တင်မည်

နယူးဒေလီ ဩဂုတ် ၁၆

အိန္ဒိယနိုင်ငံက လူလိုက်ပါခြင်း မရှိသည့် အာကာသ မစ်ရှင် ခရီးစဉ်ကို လသို့ ၂၀၀၈ ခုနှစ်တွင် လွှတ်တင်မည်ဖြစ်ကြောင်း အိန္ဒိယဝန်ကြီးချုပ် ဗာ့ဂျ်ပါယီးက သောကြာနေ့တွင် ပြောကြားလိုက်ပြီး ယင်းသည် အိန္ဒိယနိုင်ငံ၏ သိပ္ပံပညာစွမ်းပကားကို ဖော်ထုတ်ပြသည့် ကြိုးပမ်းမှု တစ်ရပ်ပင်ဖြစ်သည်။

အိန္ဒိယနိုင်ငံသည် သိပ္ပံကဏ္ဍတွင် ခုန်ပျံကျော်လွှား တိုးတက်ရန် တာစူနေပြီဖြစ်ကြောင်း၊ ၂၀၀၈ခုနှစ်တွင် အိန္ဒိယနိုင်ငံက လသို့ လူလိုက်ပါခြင်း မရှိသည့် မစ်ရှင်အဖွဲ့ တစ်ဖွဲ့လွှတ်တင်မည်ဟု ကြေညာရသည်ကို မိမိပျော်ရွှင်လှကြောင်း စသည်ဖြင့် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်သို့ ဗာ့ဂျ်ပါယီး ပြောကြားသည့် မိန့်ခွန်းတွင် ဖော်ပြထားသည်။ ယင်းခရီးစဉ်ကို ပထမ အကြိမ်မြောက် လစန္ဒာသွားခရီးစဉ်ဟု ခေါ် မည်ဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

ယင်းအစီအစဉ်သည် အမေရိကန် ဒေါ်လာ သန်း၈၀ ကုန်ကျဖွယ်ရှိသည်။ လသို့ အာကာသယာဉ် စေလွှတ်မည့် အဆိုပြုချက်ကို ပထမဆုံးအကြိမ်အဖြစ် နိုင်ငံတော်ပိုင် အိန္ဒိယအာကာသ သုတေသနအဖွဲ့က လွန်ခဲ့သည့် သုံးနှစ်က တင်ပြဆွေးနွေးခဲ့ဖူးသည်။

အမ်အင်အေ၊ရိုက်တာ။

တရားသောစစ်ဖြစ်အောင် ထောက်လှမ်းရေးသတင်းကို မလိမ့်တစ်ပတ်လုပ်ထားသည်ဟူ၍ ကျွန်တော် ဘာ့ကြောင့် ယုံကြည်ရသနည်း

(နယူးယောက်စ်တိုင်းသတင်းစာ-အင်တာနက်စာမျက်နှာပေါ်မှ ဆောင်းပါးရှင် Joseph C Wilson ၏ Why I believe intelligence was twisted to justify war ဆောင်းပါးကို မြန်မာဘာသာသို့ ကောက်နုတ်ပြန်ဆိုဖော်ပြပါသည်။)

အမေရိကန်အစိုးရက အီရတ်နိုင်ငံ၏ ခြိမ်းခြောက်မှုအန္တရာယ်ကို အရှိထက် ချဲ့ကားရန်အတွက် အီရတ် နျူကလီးယားလက်နက်အစီအစဉ်နှင့်စပ်လျဉ်းသည့် ထောက်လှမ်းရေးသတင်းအချက်အလက်အချို့ကို မလိမ့်တစ်ပတ် ပြင်ဆင်ထားသည်ဟု ကျွန်တော် ကောက်ချက်ချရုံမှအပ အခြားရွေးချယ်ရန် နည်းလမ်းမရှိတော့။ ဤသည်မှာ အီရတ်စစ်ပွဲမတိုင်မီ လပိုင်းအတွင်း ဘုရှ်အစိုးရနှင့် ထိတွေ့ဆက်ဆံခဲ့သော ကျွန်တော့်အတွေ့အကြုံကို မှီး၍ သုံးသပ်ကောက်ချက်ချခြင်းဖြစ်ပါသည်။

ကျွန်တော်သည် ၁၉၇၆ခုနှစ်မှ ၁၉၉၈ခုနှစ်အထိ ၂၃နှစ်လုံး နိုင်ငံခြားရေးဌာနတွင် အောက်ခြေမှ သံအမတ်ကြီးအထိ အဆင့်ဆင့် တာဝန်ထမ်းရွက်ခဲ့သည်။ ၁၉၉၀ပြည့်နှစ်တွင် ဘဂ္ဂဒက်မြို့၌ သံရုံးတာဝန်ခံ သံမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ဆက်ဒမ်ဟူစိန်နှင့် နောက်ဆုံးကြုံတွေ့ခဲ့သော အမေရိကန်သံတမန်ဖြစ်ပါသည်။

သမ္မတဘုရှ် အစိုးရလက်ထက်တွင် ဂါဘွန်နိုင်ငံ၊ စောတိုမီနှင့် ပရင်စီပီ နိုင်ငံများဆိုင်ရာ အမေရိကန်သံအမတ်ကြီးအဖြစ် တာဝန်ထမ်းခဲ့ပါသည်။ သမ္မတကလင်တန်လက်ထက်ကလည်း အမျိုးသားလုံခြုံရေးကောင်စီ၏ အာဖရိကမူဝါဒရေးရာ ချမှတ်ရေးတွင် ကူညီခဲ့ဖူးသည်။

ဤအတွေ့အကြုံများကြောင့်ပင် အီရတ်လက်နက်အစီအစဉ်တွင် အာဖရိကနှင့် ဆက်စပ်ဖွယ်ရှိမှုတွင် စစ်ဆေးကြည့်ရာတွင် တစ်စိတ်တစ်ပိုင်းက ကျွန်တော်ပါဝင်ခွင့်ရလာခြင်းဖြစ်နိုင်သည်။

ယခုတလော သတင်းများတွင် နိုင်ဂျာနိုင်ငံသို့သွားသည့် အမည်မဖော်သော သံတမန်ဟောင်းတစ်ဦးဆိုသူမှာ အခြားသူမဟုတ်၊ကျွန်တော်ပင်ဖြစ်ပါသည်။

၂၀၀၂ခုနှစ် ဖေဖော်ဝါရီလတွင် ထောက်လှမ်းရေးအစီရင်ခံစာတစ်ခုနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတ ဒစ်ချေနီ၏ရုံးက စီအိုင်အေသို့ ပေးထားကြောင်း စီအိုင်အေ အရာရှိများက ပြောလာသည်။ ထိုအချိန်က ထိုအစီရင်ခံစာကို မတွေ့သေးပါ။ သို့သော် ၁၉၉၀ပြည့်နှစ်နှောင်းပိုင်းက နိုင်ဂျာမှ ယူရေနီယံများ အီရတ်သို့ ရောင်းချရေး စာချွန်လွှာကို ရည်ညွှန်းကြောင်း စီအိုင်အေအရာရှိများက ကျွန်တော့်ကို ပြောပါသည်။ ထိုကိစ္စ စုံစမ်းရန် အကြောင်းပေါ်လာသည်။

သို့ဖြင့် ကျွန်တော်သည် သံတမန်အဖြစ်နေခဲ့ပြီး အမျိုးသားလုံခြုံရေး အရာရှိအဖြစ် ရောက်ဖူးသည့် နိုင်ဂျာနိုင်ငံ မြို့တော်နီယာမေသို့ ၂၀၀၂ခုနှစ် ဖေဖော်ဝါရီလကုန်ပိုင်းက ရောက်သွားသည်။ ကျွန်တော်မှတ်မိသလောက် မြို့အခြေအနေက ယခင်ကထက်များစွာ ပြောင်းလဲမသွားသေးပေ။

နောက်နေ့နံနက်တွင် အမေရိကန်သံရုံးသွားပြီး သံအမတ်ကြီး အိုဝင်ကပ်ပက်ထရစ်နှင့် ကျွန်တော်သွားတွေ့သည်။ သံရုံးအဖွဲ့ဝင်များကလည်း နိုင်ဂျာနိုင်ငံ ယူရေနီယံလုပ်ငန်းကို မျက်စိဒေါက်ထောက်ကြည့်နေကြသည်။

သံအမတ်ကြီးက နိုင်ဂျာက အီရတ်သို့ ယူရေနီယံများ ရောင်းချသည်ဆိုသော စွပ်စွဲချက်ကိစ္စ သူသိရှိကြောင်း၊ အမေရိကန်အစိုးရထံ သူအစီရင်ခံရာ၌ ထိုစွပ်စွဲချက်မမှန်ကြောင်း ဖွင့်ချရေးထားမိခဲ့၍ စိတ်တစ်ထင့်ထင့်ဖြစ်နေကြောင်း ကျွန်တော့်ကို ထုတ်ပြောသောအခါ ကျွန်တော် မအံ့ဩမိပါ။ မည်သို့ပင်ဖြစ်စေ ကျွန်တော့်အနေဖြင့် စုံစမ်းစရာရှိသည်တို့ကို စုံစမ်းခြင်းသည်သာ အကောင်းဆုံးဖြစ်မည်ဟု သံအမတ်ကြီးနှင့် ကျွန်တော်တို့ သဘောရကြသည်။

ရှစ်ရက်ကြာ စုံစမ်းပြီးနောက် အီရတ်သို့ ယူရေနီယံရောင်းချသည်ဆိုမှု မဖြစ်နိုင်ကြောင်း အပိုင်ဆုံးဖြတ်နိုင်ပါသည်။ ယင်းကိစ္စကို သံအမတ်ကြီးအား ကျွန်တော်ပြောပြသောအခါ တစ်သဘောတည်းဖြစ်နေသည်ကို တွေ့ရသည်။

မတ်လဆန်းတွင် ဝါရှင်တန်သို့ ပြန်လာသည်။ စီအိုင်အေသို့ ကျွန်တော် အသေးစိတ်ရှင်းပြသည်။ ထို့ပြင် နိုင်ငံခြားရေးဌာန အာဖရိကရေးရာ ဗျူရိုသို့ သွားရောက်ပြီး တွေ့ရှိချက်များကို ရှင်းပြလိုက်သေးသည်။ ကျွန်တော့်ခရီးစဉ်မှာ လျှို့ဝှက်စရာမဟုတ်သလို ကျွန်တော့် ရှင်းလင်းတင်ပြချက်၌လည်း ကမ္ဘာတုန်လောက်သည့် သို့မဟုတ် လျှို့ဝှက်ရမည့် အချက်အလက်များမပါရှိ။

နိုင်ဂျာပြဿနာမှာ ရှင်းသွားပြီဟု ယူဆ၍ ကျွန်တော်သည် ကိုယ့်အလုပ်ကို လုပ်နေမိသည်။

ပြဿနာကမပြီးသေး။ စက်တင်ဘာလတွင် ပေါ်ပေါက်လာပြန်သည်။ ဗြိတိန်အစိုးရက စက္ကူဖြူစာတမ်းတစ်စောင်ထုတ်သည်။ စာတမ်းတွင် ဆက်ဒမ်ဟူစိန်၏ သမားရိုးကျမဟုတ်သော လက်နက်များ အစီအစဉ်က လတ်တလော ခြိမ်းခြောက်လာသည်ဟု ဖော်ပြထားသည်။ အီရတ်က နိုင်ဂျာမှ ယူရေနီယံများ ဝယ်ရန် ကြိုးပမ်းသည်ဆိုသော သတင်းကို ကိုးကားစွပ်စွဲထားသည်။

ဇန်နဝါရီလတွင် အမေရိကန်သမ္မတ ဘုရှ်က ဗြိတိန်စွပ်စွဲချက်ကို ကိုးကားပြီး အီရတ်သည် အာဖရိကတိုက်မှ ယူရေနီယံများဝယ်ရန် ကြိုးပမ်းကြောင်း စွပ်စွဲပြောဆိုလိုက်သည်။

နောက်တစ်ရက်တွင် နိုင်ငံခြားရေးဌာနမှ မိတ်ဆွေတစ်ဦးကို ကျွန်တော် ဆက်သွယ်ပြီး နိုင်ဂျာကိစ္စကို ပြောပြမိသည်။

ထိုမိတ်ဆွေက ကျွန်တော့်ကို သိပ်မစိုးရိမ်ရန်နှင့် သမ္မတကြီးက ဂါဘွန်၊ တောင်အာဖရိက၊ နမီးဘီးယားစသည့် ယူရေနီယံထုတ်သော သုံးနိုင်ငံအနက် နိုင်ငံတစ်ခုခုကို ရည်ညွှန်းခြင်းဖြစ်လိမ့်မည်ဟု နှစ်သိမ့်ပါသည်။ ကျွန်တော်လည်း သူ့ရှင်းလင်းချက်ကို လက်ခံလိုက်သည်။

ဤသည်တို့မှာ ကျွန်တော်သိသော အကြောင်းအချက်များဖြစ်ပါသည်။

ဒုတိယသမ္မတ ရုံးက အရေးကြီးမေးခွန်းတစ်ခုမေးသည်။ စီအိုင်အေက ကူညီဖြေပေးဖို့ ကျွန်တော့်အား မေတ္တာရပ်သည်။ ကျွန်တော်ကူညီဖြေရှင်းပေးခဲ့သည်။ ကျွန်တော်၏ ဖြေရှင်းတွေ့ရှိချက်တို့ကို အမေရိကန်အစိုးရအဖွဲ့တွင် သင့်လျော်မည့် အရာရှိများထံ ဖြန့်ပေးမည်ဟု ယုံကြည်ထားခဲ့၏။

သို့သော်-ယုံကြည်သလိုဖြစ်မလာ၊ ဘာ့ကြောင့်ပါနည်း၊ ကျွန်တော့်တွေ့ရှိတင်ပြချက်က မတိကျဟု ယူဆ၍လော။ ယင်းသို့ဆိုလျှင် ကျွန်တော် လက်ခံနိုင်ပါ၏။ သို့သော် ကျွန်တော်တို့ ခေါင်းဆောင်ပိုင်းက အီရတ်အရေးနှင့်ပတ်သက်၍ ကျွန်တော့်တင်ပြချက်မှာ အသုံးမတည့်ဟုဆိုလျှင်တော့-ကလိမ်ဉာဏ်ဖြင့် စစ်တစ်ပွဲကိုဆင်နွှဲဖို့ ခိုင်လုံသည့် အကြောင်းပြချက်ရှိရပေမည်။

အနိမ့်ဆုံးအားဖြင့် သမ္မတကို စစ်အင်အားအသုံးပြုခွင့်ပေးသည့် အမေရိကန်ကွန်ဂရက်အနေဖြင့် အီရတ်အား စစ်ဆင်ရေးတွင် အကြောင်းခိုင်လုံမှုရှိ၊မရှိကို စဉ်းစားဖို့သင့်သည်။

ဆက်ဒမ်ဟူစိန်လက်တွင် အစုအပြုံလိုက် သေစေနိုင်သည့် လက်နက်များရှိခဲ့သော် ထိုလက်နက်များ ဖျက်သိမ်းဖို့ စစ်မဆင်မီမှာပင် နိုင်ငံတကာ၏ ထောက်ခံအားပေးမှုကို ရယူသင့်သည်။ အီရတ်နိုင်ငံ၌ ဓာတုလက်နက်၊ ပိုးမွှားလက်နက်၊ နျူကလီးယားလက်နက်အစီအစဉ်များရှိလျှင် ကုလသမဂ္ဂဆုံးဖြတ်ချက်များကို အီရတ်က ချိုးဖောက်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် တကယ်ရှိလျှင် နိုင်ငံတကာ ထောက်ခံမှု မရစရာမရှိပေ။

အမေရိကန်အစိုးရ၏ နိုင်ငံခြားရေးဝါဒသည် သတင်းအချက်အလက်ခိုင်မာမှုအပေါ်တွင် များစွာတည်မှီနေသည်။ အီရတ်စစ်ပွဲဆင်နွှဲရခြင်းမှာ တရားပါသည်ဟုဆိုရန် ထောက်လှမ်းရေးသတင်းအချက်အလက်များကို မလိမ့်တစ်ပတ် ပြင်ဆင်ခြင်းဟုတ်၊ မဟုတ် စစ်ကြောသင့်သည်။ စစ်ကြောခြင်းမှာ တစ်ဖက်သားကို အပုပ်ချခြင်းမဟုတ်သလို သမိုင်းကို ပြန်လည်ပြင်ဆင်ခြင်းလည်း မဟုတ်ပေ။

အီရတ်၌ အမေရိကန်စစ်သားရာနှင့်ချီ၍ သေကျေနေကြရပေပြီ။ ယင်းသို့ဖြစ်ခဲ့ရခြင်းမှာ ခိုင်လုံသော အကြောင်းပြချက်ရှိ၊မရှိ အဖြေမှန်သိဖို့ ကြိုးပမ်းရန် တာဝန်ရှိပေသည်။

(Joseph C Wilson သည် ၁၉၉၂ခုနှစ်မှ ၁၉၉၅ခုနှစ်အထိ ဂါဘွန်နိုင်ငံဆိုင်ရာ အမေရိကန်အသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။)

ဘုရှ်၏ အီရတ်စစ်ရေးလှုပ်ရှားမှုမှာ အထင်အမြင်သေးဖွယ်ဖြစ် အမေရိကန်စစ်သားများ ပြန်ခေါ်ရန် မိသားစုများတောင်းဆိုဆန္ဒပြ

ဝါရှင်တန် ဩဂုတ် ၁၆

အီရတ်ရောက် အမေရိကန်စစ်သားများ၏ မိသားစုဝင် ၆၀၀ ကျော်တို့က သမ္မတဘုရှ်၏ အီရတ်စစ်ရေး စွန့်စားမှုမှာ အထင်အမြင်သေးအောင် ပြုလုပ်မှုအဖြစ် ရှုမြင်ကြပြီး အီရတ်အား စစ်ဆင်တိုက်ခိုက်ရသည့် သမ္မတဘုရှ်၏ ဆင်ခြေပေးမှုကို ပြစ်တင်ဝေဖန်လျက် အီရတ်မှ အမေရိကန်စစ်သားများအား ပြန်ခေါ်ပေးရေး တောင်းဆိုတိုက်ပွဲဝင်လျက်ရှိသည်။

တပ်လှန့်နှိုးဆော်

အီရတ်စစ်ပွဲအပြီး ဆက်လက် တာဝန်ထမ်းဆောင်နေရသော အမေရိကန်စစ်သားများအား သမ္မတဘုရှ်က သူတို့ကို ဆက်ထားဟူသော ပြောကြားချက်နှင့် စပ်လျဉ်း၍ စစ်သားမိသားစုများ ပွင့်ပွင့်လင်းလင်းပြောအဖွဲ့ကို ပူးတွဲထူထောင်သူ နန်စီလက်ဆင်က ရည်ညွှန်းပြောကြားရာ၌ သမ္မတ၏ ဤစကားသုံးလုံးက ယနေ့မိမိတို့ စတင်သည့် တိုက်ပွဲကို ဆင်နွှဲရန် "စစ်သားမိသားစုများ ပွင့်ပွင့်လင်းလင်းပြောအဖွဲ့" "ငြိမ်းချမ်းရေး စစ်မှုထမ်းဟောင်းများအဖွဲ့"နှင့် အခြားသော စစ်မှုထမ်းဟောင်းများအဖွဲ့များကို ရုတ်တရက် တပ်လှန့် နှိုးဆော်ပေးလိုက်သကဲ့သို့ရှိကြောင်း ပြောကြားလိုက်သည်။

ပြန်ခေါ်ပေး

ယခုအခါ မိမိတို့အနေဖြင့် သူတို့ကို ခုချက်ချင်း ပြန်ခေါ်ပေးဟူ၍ ပြောလိုကြောင်း၊ မိမိတို့ အမေရိကန်စစ်သားများကို အီရတ်ရှေ့တန်း၌ မထားသင့်တော့၍ ဖြစ်ကြောင်း ၎င်းကပြောဆိုသည်။

အီရတ်နိုင်ငံအနေဖြင့် အန္တရာယ်ပြုမည့် အနေအထားတွင် မရှိ၍လည်းကောင်း၊ အီရတ်၌ လူအစုအပြုံလိုက်သေစေနိုင်သည့် လက်နက်များ မရှိ၍သော်လည်းကောင်း၊ အယ်လ်ခိုင်ဒါ အကြမ်းဖက်အဖွဲ့နှင့် ဆက်ဒမ်ဟူစိန်တို့ အကြား အဆက်အသွယ်မရှိ၍သော်လည်းကောင်း မိမိတို့ အမေရိကန် စစ်သားများကို အိမ်ပြန်ခေါ်ရန် တိုက်တွန်းကြောင်းဖြင့် နန်စီလက်ဆင်က ပြောကြားလိုက်သည်။

မျက်မှောက်ကာလတွင် အီရတ်ကို အမေရိကန်တို့ ကျူးကျော်ခြင်းမှာ မှားယွင်းသည်ဟု မိမိတို့ပြောရမှာဖြစ်ကြောင်း၊ အီရတ်တွင် အမေရိကန်တပ်များ သိမ်းပိုက်တပ်စွဲထားခြင်းမှာလည်း မှားယွင်းကြောင်း၊ အမှားကို ကျူးလွန်ရန် မှန်ကန်သော လမ်းစဉ်မဟုတ်ကြောင်း ၎င်းက ပြောကြားလိုက်သည်။

ကန့်ကွက်ဆန္ဒပြ

အဆိုပါ "စစ်သားမိသားစုများ ပွင့်ပွင့်လင်းလင်းပြောအဖွဲ့" ဝင်များသည် ဗုဒ္ဓဟူးနေ့က ဝါရှင်တန်မြို့တော်၌လည်းကောင်း၊ ကြာသပတေးနေ့က အမှတ်(၈၂) လေကြောင်းချီ တပ်ရင်းတည်ရှိရာ မြောက်ကာရိုလိုင်းနားပြည်နယ် ဖို့ဒ်ဘရက်၌လည်းကောင်း ကန့်ကွက်ဆန္ဒပြပွဲများ ပြုလုပ်ကြသည်။

ကျူးကျော်သူများ

အမေရိကန်၏ကြီးမားသော အစဉ်အလာ၌ မိမိတို့စစ်သားများမှာ လွတ်မြောက်ရေး ဆောင်ရွက်သူများအဖြစ် ဂုဏ်ယူဝင့်ကြွားခဲ့ရာ ယခုအခါတွင် ရန်လိုသည့် နိုင်ငံတစ်နိုင်ငံ၌ ကျူးကျော်သူများ၊ သိမ်းပိုက်သူများ အဖြစ်သို့ ရောက်ရှိသွားရပြီဖြစ်ကြောင်း အီရတ်၌ တာဝန်ကျနေသော အမေရိကန်စစ်သားတစ်ဦး၏ မိခင်ဖြစ်သူ ဆူဆန်ရှမန်က ပြောဆိုသည်။

သမ္မတဘုရှ်အား မေးလို

အီရတ်ရှိ မိမိတို့သားများကိုပြန်ခေါ်ဖို့ နောက်ထပ်မိမိတို့၏သားများ ဘယ်မျှလောက်လိုသေးသလဲဟု သမ္မတဘုရှ်ကို မိမိမေးလိုကြောင်းဖြင့် အီရတ်၌ သားဖြစ်သူ အယ်ဘတ်တို့ သေဆုံးခဲ့ရသူ ဖခင်ကြီး ဖာနန်ဒိုဆိုလာက ပြောကြားလိုက်သည်။ ***အင်တာနက်။***

ကင်းလှည့် စစ်ဆေး

ဩဂုတ် ၁၅ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တွင် အမေရိကန်တပ်သားများ ကင်းလှည့်စစ်ဆေးစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အမေရိကန်စစ်ယာဉ်တန်း တိုက်ခိုက်ခံရ အမေရိကန်တပ်သားနှစ်ဦး ဒဏ်ရာရရှိ

တီကရစ် ဩဂုတ် ၁၆

အမေရိကန်စစ်ယာဉ်တန်းအား ဒုံးပစ်လောင်ချာဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် အမေရိကန်စစ်သားနှစ်ဦး ဒဏ်ရရှိသွားကြောင်း စစ်ဘက်သတင်းများက ဆိုသည်။ မတည်မငြိမ်ဖြစ်နေသော အရှေ့မြောက်ဘက် ဘာလက်မြို့၌ ဖြစ်ပွားသော အထက်ပါပစ်ခတ်မှုတွင် အီရတ်အရပ်သားသုံးဦးလည်း ဒဏ်ရာရရှိသွားသည်ဟု ဆိုသည်။

ပြန်လွှတ်

နံနက် ၈ နာရီခန့်တွင် ဒုံးပစ်လောင်ချာနှင့် စစ်ယာဉ်တန်းငယ်ကို အတိုက်ခံရခြင်းဖြစ်ပြီး ထိခိုက်သွားသော အီရတ်များကို အခင်းဖြစ်ပွားရာနေရာ၌ပင် ဆေးဝါးကုသပေးပြီး ပြန်လွှတ်ပေးလိုက်သည်။ စစ်သားများကိုမူ စစ်ဆေးရုံသို့ ပို့၍ ကုသခဲ့ရာ ယခုအခါ ၎င်းတို့၏အခြေအနေမှာ တည်ငြိမ်မှုရနေပြီ ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်မှူးကြီးဝီလျံမက်ဒေါ်နယ်က ဆိုသည်။ ၎င်းသည် အမှတ်(၄) အမေရိကန်ကြည်းတပ်မမှ ဖြစ်သည်။

ပစ်ခတ်တိုက်ခိုက်သူ သေနတ်သမားကို မမိသေးပေ။ မေ ၁ ရက်မှစ၍ ယခုအချိန်အထိ သေဆုံးသူအမေရိကန်စစ်သည် ၆၀ ဦး ရှိသွားပြီဖြစ်သည်။

လွန်ခဲ့သော ၂၄ နာရီအတွင်းကလည်း အခြားသော တိုက်ခိုက်မှုတစ်ခု ဖြစ်ပွားခဲ့သေးသည်။ ထိုအဖြစ်အပျက်တွင် အီရတ် ၁၄ ဦးကို ဖမ်းဆီးထားခဲ့သည်။ ဖမ်းဆီးခံထားရသူများထဲတွင် တစ်ဦးမှာ အမေရိကန်တို့က သတ်မှတ်ထားသော နာမည်ပျက်စာရင်းဝင် ၂၅၀ တွင် ပါဝင်သူတစ်ဦးဖြစ်သည်။ ထိုစာရင်းသည် အမေရိကန်တို့က အလွန်အလိုရှိနေသော အီရတ် ၅၅ ဦး စာရင်းနှင့် မသက်ဆိုင်ပေ၊ သီးခြားဖြစ်သည်။ ပြီးခဲ့သောသီတင်းပတ်အတွင်းက တီကရစ်မြို့တွင် နာမည်ပျက်စာရင်း၌ ပါဝင်သူသုံးဦးကို ဖမ်းဆီးရမိခဲ့သည်။

အကြောင်းရင်းစုံစမ်း

အီရတ် ၁၄ ဦးအပြင် မြေပြင်မှဝေဟင်ပစ် ဒုံးကျည်အစင်း ၆၀၊ တာတိုပစ်ဖရော့ ဒုံးပျံရှစ်စင်း၊ လောင်ချာဗုံးသီးများနှင့် မော်တာဗုံးသီးများလည်း ရမိခဲ့သည်ဟု ဆိုသည်။ အခြားအဖြစ်အပျက်တစ်ခုတွင် အေအိပ်ချ်–၆၄ အပါချီ ရဟတ်ယာဉ်တစ်စင်းမှာ အရေးပေါ်သက်ဆင်းခဲ့ရသည့်အတွက် လေသူရဲနှစ်ဦး ဒဏ်ရာရရှိသွားသည်။ လေသူရဲနှစ်ဦးကို ဆေးဝါးကုသရန် ဂျာမနီနိုင်ငံသို့ ပို့ပေးလိုက်ပြီး ရဟတ်ယာဉ်ပျက်ကျရသည့် အကြောင်းရင်းကို စုံစမ်းလျက်ရှိသည်။ ***အင်တာနက်။***

နယူးယောက်မြို့သို့ ထွက်ခွာမည့် လေယာဉ်စီးခရီးသည်များ ပြင်သစ်နိုင်ငံ ပါရီမြို့ ချားလ်စ် ဒီဂေါလေဆိပ်တွင် ဩဂုတ် ၁၅ ရက်က သောင်တင်နေစဉ်။ (အမေရိကန်နှင့် ကနေဒါနိုင်ငံတွင် လျှပ်စစ်မီး ပြတ်တောက်မှုကြောင့် ပြင်သစ်လေကြောင်းလိုင်းသည် နယူးယောက်သို့ ပျံသန်းမည့် ခရီးစဉ်သုံးခုကို ဖျက်သိမ်းခဲ့ရသည်။)

(ဓာတ်ပုံ–အင်တာနက်)

အီရတ်နှင့်တူရကီနယ်စပ်၌ စစ်မဲ့ကြားဇုန် ထူထောင်ရန် တူရကီနိုင်ငံက အမေရိကန်အား အကြံပြု

အန်ကာရာ ဩဂုတ် ၁၆

တူရကီနိုင်ငံက အီရတ်နိုင်ငံ တည်ငြိမ်ရေး အကူအညီပေးရန် တပ်များစေလွှတ်ရန် အသင့်ရှိနေပြီး အီရတ်နယ်စပ်တွင် ကြားခံဒေသထူထောင်ရေးကို အမေရိကန်အား အဆိုပြုလိုက်ကြောင်း တူရကီ ပုဂ္ဂလိက ရုပ်မြင်သံကြားဌာန အင်န်တီဗွီက သောကြာနေ့တွင် ကြေညာသည်။

အီရတ်နိုင်ငံ မြောက်ပိုင်းတွင် လက်နက်ကိုင် အကြမ်းဖက် ကလာပ်စည်းများ တည်ရှိနေပြီး အကြမ်းဖက်သမားများ တူရကီနိုင်ငံအတွင်း စိမ့်ဝင်လာမည်ကို စိုးရိမ်သည့်အတွက် အီရတ်နိုင်ငံအတွင်း အီရတ်–တူရကီ နယ်စပ်တစ်လျှောက်တွင် လက်နက်မဲ့ဇုန် ထူထောင်ရန် တူရကီအစိုးရက စီစဉ်နေကြောင်း သိရသည်။

လက်နက်မဲ့ဇုန်

အမေရိကန်အစိုးရကမူ တူရကီအစိုးရ၏ အကြံပြုချက်ကို တရားဝင်တုံ့ပြန်ခြင်း မပြုသေးဟု ဆိုသည်။ လက်နက်မဲ့ဇုန် ထူထောင်ကြောင်း ကြေညာပြီး ယင်းဥပဒေကို အသေအချာ အကောင်အထည်ဖော်ခြင်းဖြင့် နယ်စပ်လုံခြုံရေးကို ရယူနိုင်ကြောင်း တူရကီအစိုးရက ထောက်ပြသည်။

တူရကီနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် စစ်ဦးစီးချုပ်ရုံးအရာရှိများပါသည့် ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် အီရတ်သို့ လာမည့်ရက်သတ္တပတ်တွင် သွားရောက်မည်ဖြစ်သည်။

တူရကီနိုင်ငံက အီရတ်သို့ တပ်များစေလွှတ်ပြီး အိမ်နီးချင်း အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးတွင် ပါဝင်လိုသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ချမ်းသာသည့်နိုင်ငံများ၌ ဆီးချိုရောဂါသည်တိုးလာ သေဆုံးမှုနှုန်းမှာမူ ကျဆင်း

လန်ဒန် ဩဂုတ် ၁၆

ချမ်းသာကြွယ်ဝသည့် နိုင်ငံများတွင် ဆီးချိုရောဂါသည်ဦးရေ များပြားလာကြောင်း၊ သို့ရာတွင် ရောဂါ ရှိ၊ မရှိကို စောစီးစွာသိရှိပြီး ပိုမိုတိုးတက်ကောင်းမွန်သည့် ဆေးဝါးကုသမှုများကြောင့် ဆီးချိုရောဂါကြောင့် သေဆုံးမှုနှုန်းမှာ ကျဆင်းလာကြောင်း သောကြာနေ့၌ထုတ်ပြန်သည့် လေ့လာဆန်းစစ်ချက်၌ သိပ္ပံပညာရှင်များက ဖော်ပြထားသည်။

၃ ရာခိုင်နှုန်းကျဆင်း

ဒိန်းမတ်နိုင်ငံတောင်ပိုင်း တက္ကသိုလ်မှ သုတေသီများသည် ၁၉၉၃ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိ လူပေါင်း ၄၇၀၀၀၀ နေထိုင်သည့်ဒေသတွင် ဆီးချိုရောဂါဖြစ်ပွားမှုအခြေအနေကို ဆန်းစစ်လေ့လာမှုတစ်ရပ် ပြုလုပ်ခဲ့ကြသည်။ ခြောက်နှစ်ကြာ လေ့လာဆန်းစစ်ရာတွင် ဆီးချိုရောဂါဖြစ်ပွားသူဦးရေသည် နှစ်စဉ် ၃ ရာခိုင်နှုန်းခန့်များပြားသော်လည်း ဆီးချိုရောဂါကြောင့် သေဆုံးမှုနှုန်းမှာမူ နှစ်စဉ် ၃ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ ***အမ်အင်အေ၊ ရိုက်တာ။***

စီးပွားရေးကုန်လုပ်စွမ်းအားစုများ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး

အောင်မိုးစံ

ဒုတိယကမ္ဘာစစ်ပြီးခေတ်(စစ်အေးတိုက်ပွဲခေတ်)တွင် အရင်းရှင်နိုင်ငံများနဲ့ ခေတ်ဟောင်းဆိုရှယ်လစ်နိုင်ငံများ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်လာခဲ့ပါတယ်။ အဲဒီလို အရှေ့အုပ်စုနဲ့ အနောက်အုပ်စုဆိုပြီး တည်ရှိခဲ့တဲ့ စစ်အေးကာလတုန်းက အမေရိကန်အစိုးရ အဆက်ဆက်တို့ဟာ တစ်ဖက်တွင်ကွန်မြူနစ်နိုင်ငံများဆန့်ကျင်ရေး မူဝါဒတွေကျင့်သုံးပြီး တစ်ဖက်မှာတော့ ဒီနိုင်ငံတွေကို သီးနှံရိက္ခာ တန်ချိန်သန်းနဲ့ချီပြီး နှစ်စဉ်တင်ပို့ရောင်းချခဲ့ပါတယ်။ စစ်ရေးဘက်မှာ အသုံးမပြုနိုင်တဲ့ စက်မှုနည်းပညာတွေကိုလည်း လွှဲပြောင်းရောင်းချပေးတဲ့ ဆက်ဆံရေးများရှိခဲ့ကြပါတယ်။ ၁၉၇၀ ပြည့်လွန် ကာလများက အစပြုပြီး ဥရောပနဲ့အာရှဆိုရှယ်လစ်နိုင်ငံများတွင် ပြုပြင်ပြောင်းလဲရေးတွေ အနှံ့အပြားလို ပေါ်ပေါက်လာခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဆိုရှယ်လစ်နိုင်ငံဟောင်းများအဖို့ မိမိတို့ရဲ့စီးပွားရေး၊ နိုင်ငံရေးအခြေအနေတွေဟာ စက်မှုအရင်းရှင်နိုင်ငံများနဲ့ ကြာလာလေ၊ ကွာဟချက် ကြီးမားဆုတ်ယုတ်လာလေ ဖြစ်လာတဲ့အတွက် ခါးသီးတဲ့ကိုယ်ပိုင်အတွေ့အကြုံတွေနဲ့ ပြောင်းလဲခဲ့ကြတာဖြစ်ပါတယ်။ အခုလို ပြောင်းလဲလာဖို့အတွက် အမေရိကန်နဲ့ အနောက်အုပ်စုနိုင်ငံများရဲ့ စီးပွားရေးပိတ်ဆို့အကျပ်ကိုင်ဖိအားပေးမှု လုံးဝမပါခဲ့ဘူးဆိုတာ အထင်အရှားပင် ဖြစ်ပါတယ်။ သက်ဆိုင်ရာနိုင်ငံများရဲ့ ပြည်တွင်းလိုအပ်ချက်ကြောင့်သာဖြစ်တယ်။ ပြည်တွင်းရဲ့အားဟာ ပြည်တွင်းမှာပဲရှိတယ်ဆိုတဲ့ လူမှုသိပ္ပံတရားနဲ့အညီ ပြောင်းလဲလာတာဖြစ်ပါတယ်။

ဒါကြောင့် အခုလို ကမ္ဘာနဲ့အဝန်း ဈေးကွက်စီးပွားရေးနဲ့ ဒီမိုကရေစီထူထောင်ရေးဘက်သို့ ပြောင်းလဲလာတဲ့ သမိုင်းအကွေ့အလှည့်ဟာ ဘယ်လိုမှ အမေရိကန်အစိုးရအဆက်ဆက်တို့ရဲ့ စီးပွားရေးဖြတ်တောက်ပိတ်ဆို့အကျပ်ကိုင် အရေးယူမှုကြောင့် မဟုတ်ဘူးဆိုတာ အကျိုးအကြောင်း ဆက်စပ်တွေ့မြင်နိုင်ပါတယ်။ စနစ်နှစ်ခု ငြိမ်းချမ်းစွာယှဉ်ပြိုင်နေနေရာကနေပြီး ပြုပြင်ပြောင်းလဲရေးတွေ သဘာဝကျစွာ ပေါ်ပေါက်လာတာပဲဖြစ်ပါတယ်။

မြန်မာနိုင်ငံတွင်လည်း ၁၉၈၈ ခုနှစ်ကစပြီး လူထုဆန္ဒနဲ့အညီ တပ်မတော်အစိုးရ ရှေ့ဆောင်မှုနဲ့ ဈေးကွက်စီးပွားရေးနဲ့ ဒီမိုကရေစီထူထောင်ရေးသို့ ပြောင်းလဲလာခဲ့ပါတယ်။ တပ်မတော်အစိုးရကိုယ်တိုင် တစ်ပါတီဆိုရှယ်လစ်စနစ်နဲ့ ဗဟိုကချုပ်ကိုင်တဲ့ ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ဖျက်သိမ်းခဲ့ပါတယ်။ ပါတီစုံဒီမိုကရေစီစနစ်နဲ့ လွတ်လပ်တဲ့ တံခါးဖွင့်ဈေးကွက်စီးပွားရေးကို စတင်ကျင့်သုံးအကောင်အထည်ဖော်လာခဲ့ပါတယ်။ ဒီကနေ့ဆိုရင် ဒီမိုကရေစီနိုင်ငံတော်သစ်အတွက် ရေခံမြေခံကောင်းတွေ ပေါ်ထွန်းလာပြီဖြစ်ပါတယ်။ နိုင်ငံရေးပါတီများ တရားဝင်ပါတီစုံရပ်တည်ခွင့်ရှိလာတယ်။ ပါတီစုံရွေးကောက်ပွဲကြီး ကျင်းပပေးခဲ့တယ်။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေးအတွက် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် အရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်နဲ့ အလုပ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်တဲ့ကိုယ်စားလှယ်များ ပါဝင်တဲ့ အမျိုးသားညီလာခံကြီးကို ကျင်းပပေးခဲ့ပါတယ်။ အမျိုးသားပြန်လည်သင့်မြတ်စည်းလုံးရေးအတွက်လည်း အစိုးရအဆက်ဆက်ကို နှစ်ရှည်ကြာစွာ ဆန့်ကျင်တိုက်ခိုက်လာခဲ့ကြတဲ့ လူမျိုးစုတောတွင်းလက်နက်ကိုင် အဖွဲ့(၁၇)ဖွဲ့ကို ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လက်တွဲလာအောင် ကြိုးပမ်းနိုင်ခဲ့ပါတယ်။

စီးပွားရေးတွင်လည်း လွတ်လပ်တဲ့တံခါးဖွင့် ပုဂ္ဂလိကဈေးကွက်စီးပွားရေး စနစ်ကျင့်သုံးလာတဲ့အတွက် ပြည်တွင်း၊ ပြည်ပက လုပ်ငန်းရှင်တွေ လွတ်လပ်စွာ လုပ်ကိုင်လာခဲ့ပြီဖြစ်ပါတယ်။ ဒီအပေါ်အကြောင်းပြုပြီး လုပ်ငန်းရှင်နဲ့ အလုပ်သမားလူတန်းစားတွေ၊ အလယ်အလတ် လူတန်းစားတွေနဲ့ ပညာရှင်လူတန်းစားသစ်တွေလည်း ပေါ်ထွန်းလာနေပြီးဖြစ်ပါတယ်။ အခြေခံထူထောင်ရေးလုပ်ငန်းတွေလည်း ကဏ္ဍအသီးသီးမှာ ပြောင်းလဲတိုးတက်လာခဲ့တာ အမှန်ပင်ဖြစ်ပါတယ်။ အခုလို ဒီမိုကရေစီအခြေခံကောင်းတွေ အင်္ဂါစုံရင့်မာလာဖို့အတွက် စီးပွားရေးနယ်တွင် လွတ်လပ်တဲ့ တံခါးဖွင့်ဈေးကွက်စီးပွားရေးစနစ်ကိုဆက်လက်စုပေါင်းလုံ့လပြု ကြိုးပမ်းသွားဖို့ဖြစ်ပါတယ်။ နိုင်ငံရေးနယ်တွင်လည်း စည်းလုံးညီညွတ်သော နိုင်ငံရေးအင်အားစုကြီးတစ်ရပ် ပေါ်ပေါက်လာရေးနဲ့ ပါတီစုံဒီမိုကရေစီစနစ်တစ်ရပ် ထွန်းကားလာရေးတို့အတွက် စုပေါင်းကြိုးပမ်းပျိုးထောင်သွားဖို့ဖြစ်ပါတယ်။ လူမှုရေးနယ်တွင်လည်း ပြည်သူလူထုများကို တာဝန်သိနိုးကြားတက်ကြွသော ကိုယ့်အားကိုယ်ကိုး စိတ်ဓာတ်မျိုးရှိတဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ရဲ့ နိုင်ငံသားကောင်းများ ဖြစ်လာရေးတို့အတွက် လေ့ကျင့်ပျိုးထောင်သွားဖို့ဖြစ်ပါတယ်။ ပြည်တွင်း၊ ပြည်ပ အင်အားစုအချို့ဟာ အခုလို ဒီမိုကရေစီဖော်ဆောင်ရေး အမျိုးသားလုပ်ငန်းစဉ်ကြီးအပေါ် ဆန့်ကျင်ပြီး အုပ်စုဖွဲ့မင်းမဲ့စရိုက်ကျင့်သုံးမှု၊ ထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်မှု၊ အဖျက်လုပ်ရပ်များဖန်တီးမှု၊ သူဖြူရင်ငါမည်းမယ်ဆိုတဲ့ အတိုက်အခံပြုမှု၊ မစေ့စပ်လိုမှု၊ ပြည်ပအားကိုးမှု၊ အဆိုးမြင်မှု၊ စီးပွားရေးပိတ်ဆို့အရေးယူမှုများကို အစဉ်တစိုက်ကြိုးပမ်းလုပ်ဆောင်လာခဲ့ပါတယ်။ ဒါကိုပဲ တံလျှပ်ကိုရေထင်ပြီး ဒီမိုကရေစီတိုက်ပွဲလို့ ထင်မှတ်နေကြပါတယ်။

ဥပမာပြောရမယ်ဆိုရင် လွန်ခဲ့တဲ့ငါးနှစ်ခန့်က ပြည်နယ်တစ်ခုက ရွာကြီးတစ်ရွာမှာ အများပြည်သူသွားလာနေတဲ့ ပျဉ်ခင်းတံတားငယ်တစ်ခုကို ဒီမိုကရေစီလိုလားတဲ့ လူငယ်နှစ်ဦးက ညဘက်လူမသိအောင် ဖျက်ဆီးပစ်ခဲ့တယ်။ သူတို့က ဒီတံတားက အစိုးရလုပ်တဲ့ အစိုးရတံတားဖြစ်တယ်။ ဒါတွေကိုဖျက်ဆီးနိုင်မှသာ စစ်အစိုးရဆန့်ကျင်ရေး၊ ဒီမိုကရေစီရေး တိုက်ပွဲဝင်ရာရောက်မယ်လို့ ပြောဆိုလေ့ရှိပါတယ်။ အခုလို တံတားကို လူမသိအောင်ဖျက်ဆီးပစ်ခဲ့ပေမယ့် သူတို့တစ်တွေရဲ့ အာဘော်ကိုကြည့်ပြီး ရွာသားတွေက ဒီလူငယ်နှစ်ဦးရဲ့ လက်ချက်ပဲဆိုတာ သိနေကြပါတယ်။ သက်ဆိုင်ရာကလည်း တံတားဖျက်သူကို အရေးယူဖို့ လက်ပူးလက်ကြပ် မမိတဲ့အတွက် အချိန်ယူလေ့လာနေဟန်တူတယ်။ အဲဒီလို အများပြည်သူ(နေ့စဉ်နေ့တိုင်း၊ နေ့ရောညပါ)သွားလာနေတဲ့ တံတားမရှိတော့တဲ့ အတွက် တံတားဖျက်သူတွေရဲ့ မိသားစုအပါအဝင် တံတားပေါ်မှာ သွားလာနေရတဲ့ တစ်ရွာလုံး၊ တစ်နယ်လုံးကို နိစ္စဓူဝ အခက်အခဲတွေ ကြုံနေရပါတယ်။ စီးပွားရေး၊ လူမှုရေး၊ သာရေးနာရေး၊ သာသနာရေး၊ ဘာသာရေးကအစ အဘက်ဘက်က ခက်ခဲနှောင့်နှေးလာတဲ့အတွက် မခံမရပ်နိုင်တဲ့ ရွာသားတွေဟာ တံတားဖျက်တဲ့ ဒီမိုကရေစီလိုလားသူ လူငယ်နှစ်ဦးကို ဝိုင်းဝန်းရိုက်နှက်ကြဖို့ ကြံစည်လာကြပါတယ်။ ဒီအပေါ် အချိန်မီသိရှိလိုက်တဲ့ရပ်မိရပ်ဖများက အဖျက်လုပ်ရပ် ကျူးလွန်သူ လူငယ်နှစ်ဦးကို ဝန်ချတောင်းပန်ခိုင်းပြီး တံတားကိုလည်း ရပ်သူရွာသား ထည့်ဝင်ငွေ၊ အစိုးရထောက်ပံ့ငွေ နှစ်ရပ်ပေါင်းနဲ့ ပြန်လည်ဆောက်လုပ်ခဲ့ရတယ်လို့ သိခဲ့ရပါတယ်။

ဒီနေရာမှာ အစိုးရကိုထိခိုက်အောင်ဆိုပြီး အစိုးရတံတားကို ဖျက်ဆီးပစ်ပေမယ့် အစိုးရဟာ အများပြည်သူအကျိုးအတွက် ဆောင်ရွက်နေတဲ့အတွက် အများပြည်သူသာ အကျိုးပျက်ရတယ်ဆိုတဲ့ သင်ခန်းစာကို ရခဲ့ကြပါတယ်။

ဒီကနေ့ အမေရိကန်နဲ့ အနောက်အုပ်စု အပေါင်းပါတွေရဲ့ မြန်မာအစိုးရကို ထိခိုက်အောင် ပိတ်ဆို့အရေးယူမှုတွေဟာလည်း အများပြည်သူအကျိုးအတွက် မနားမနေ ထူထောင်ကြိုးပမ်းနေတဲ့ အစိုးရလုပ်ငန်းတွေ ထိခိုက်ရင် အများပြည်သူသာ အကျိုးပျက်မယ်ဆိုတဲ့ သင်ခန်းစာကို ယူသင့်ပါတယ်။ ဒီမိုကရေစီထူထောင်ရေးအတွက် ကြိုးပမ်းတက်လှမ်းနေတဲ့ အခြေအနေကောင်းတွေကို ထိခိုက်ကုန်ရင် ဒီမိုကရေစီရေးသာ ထိခိုက်လာမယ်ဆိုတဲ့ သင်ခန်းစာကိုလည်း ယူသင့်ပါတယ်။

ဒါကြောင့် ဒီကနေ့လို ဆိုရှယ်လစ်နိုင်ငံဟောင်းများက ဈေးကွက်စီးပွားရေးနဲ့ ဒီမိုကရေစီထူထောင်ရေးသို့ ပြောင်းလဲလာချိန်မျိုးတွင် အမေရိကန်အစိုးရအဖို့ အသင့်လျော်ဆုံး နိုင်ငံခြားရေးမူဝါဒဟာ ကမ္ဘာ့စစ်ပြီးခေတ်က မာရှယ်စီမံကိန်းလို ပြာပုံထဲကနိုင်ငံတွေကို ကူညီခဲ့တဲ့ မူဝါဒမျိုးသာ ချမှတ်သင့်ပါတယ်။ အနောက်ဥရောပက စစ်ဒဏ်သင့်နိုင်ငံများဟာ စီးပွားရေးနာလန်ထလာတာနဲ့အမျှ အရင်းရှင်စနစ်(ဈေးကွက်စီးပွားရေး)ကို ဆက်လက်ထူထောင်ဖွံ့ဖြိုးသွားနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ဒီနောက်ပိုင်း အမေရိကန်အစိုးရ အဆက်ဆက်တို့ဟာ မာရှယ်စီမံကိန်းထက် အကုန်အကျသက်သာတဲ့ လူ့အခွင့်ရေးနဲ့ ဒီမိုကရေစီပြုပြင်ရေးတွေသာ ဦးစားပေးလုပ်ဆောင်ရေးဆိုတဲ့ နိုင်ငံခြားရေးဝါဒကို ကျင့်သုံးလာခဲ့ပါတယ်။ ဒါဟာ မာရှယ်စီမံကိန်းနဲ့ ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ဖြစ်တဲ့အတွက် (ULTRA DEMOCRATIC REFORMS) အစွန်းရောက် ဒီမိုကရေစီပြုပြင်ရေးလမ်းသာ ဖြစ်ပါတယ်။ ဒီနိုင်ငံခြားရေးဝါဒကို အကောင်အထည်ဖော်ရာတွင်လည်း စစ်ပြုတဲ့နည်း၊ စီးပွားရေးပိတ်ဆို့အရေးယူ အကျပ်ကိုင်ဖိအားပေးတဲ့နည်းတွေကို ကျင့်သုံးလာတဲ့အတွက် အမေရိကန်ဟာ ကမ္ဘာ့ဒီမိုကရေစီ ရှေ့ဆောင်နိုင်ငံ ဖြစ်ရမယ့်အစား အမေရိကန်အပေါ် နိုင်ငံတကာက ကိုလိုနီနယ်ချဲ့ လက်သစ်ကြီး၊ ဗိုလ်ကျစိုးမိုးရေးဝါဒီကြီးလို့သာ မြင်လာကြပါတယ်။

အမေရိကန်အစိုးရရဲ့ ဒီမိုကရေစီစမ်းသပ်ကွက်ဖြစ်တဲ့ အရှေ့ဥရောပနိုင်ငံအချို့ရဲ့ အဖြစ်ဆိုးတွေ၊ ကြောက်မက်ဖွယ်ရာ သွေးချောင်းစီးမှုတွေကို ဖုံးကွယ်ထားပြီး ဒီနည်းကိုပင် ဆက်လက်ကျင့်သုံးနေမှုတွေဟာ ဘယ်လိုမှ အောင်မြင်မယ် မဟုတ်ပါ။ ဥပမာအားဖြင့် ဒုတိယကမ္ဘာစစ်အပြီး အမေရိကန်ဦးဆောင်တဲ့ အနောက်အုပ်စု အရင်းရှင်နိုင်ငံကြီးတွေဟာ ဒီမိုကရေစီထွန်းကားရေး ဦးတည်ချက်နဲ့ ကိုရီးယားစစ်ပွဲ၊ ဗီယက်နမ်စစ်ပွဲနဲ့ အင်ဒိုချိုင်းနားဒေသနိုင်ငံတွေမှာ အကန့်အသတ် စစ်ပွဲဆင်နွှဲခဲ့ပါတယ်။ မကြာသေးခင်ကာလကလည်း အာဖရိကနိုင်ငံအချို့မှာ ကုလသမဂ္ဂအမည်နဲ့ အမေရိကန်တပ်တွေ ကြိုးပမ်းခဲ့ကြပါတယ်။ အဲဒီ ကြိုးပမ်းမှုတွေဟာ အရေးနိမ့်ခဲ့ကြောင်း သမိုင်းမှတ်တမ်းဝင်ခဲ့ပြီး ဖြစ်ပါတယ်။

အခုနောက်ဆုံး အာဖဂန်နစ္စတန်နဲ့ အီရတ်နိုင်ငံတို့မှာ စစ်ရေးနည်းနဲ့ အနောက်ဒီမိုကရေစီ ထွန်းကားဖို့ ကြိုးပမ်းမှုတွေဟာလည်း ဘယ်လိုမှဖြစ်လာမယ်မဟုတ်သေးဘူး။ ဘာကြောင့်လဲဆိုတော့ အဲဒီနိုင်ငံများရဲ့ စီးပွားရေးဘဝ၊ လူမှုရေးဘဝတွေကို အခြေခံကျစွာပြောင်းလဲ တိုးတက်လာအောင် လုပ်ဖို့ မကြိုးပမ်းဘဲ အပေါ်ထပ် နိုင်ငံရေးကိုသာ ပြောင်းဖို့ကြိုးပမ်းတဲ့ အမေရိကန်အစိုးရများရဲ့ အစွန်းရောက်နိုင်ငံခြားရေးဝါဒ အမှားကြောင့် ဖြစ်ပါတယ်။

အဲဒီလို အမေရိကန်အစိုးရရဲ့ တစ်ဖက်သတ် အကျပ်ကိုင်ပိတ်ဆို့အရေးယူမှု အန္တရာယ်ကို ဆင်ခြင်သတိပြုပြီး ဒီမိုကရေစီနိုင်ငံတော် ထူထောင်ရာတွင် အခြေခံလူမှုဘဝလိုအပ်ချက်ဖြစ်သော စီးပွားရေး ကုန်လုပ်စွမ်းအားစုများ ခေတ်မီဖွံ့ဖြိုးတိုးတက်လာရေးအတွက် တစ်မျိုးသားလုံး စုပေါင်းလုံ့လပြု ကြိုးပမ်းသွားဖို့ ဖြစ်ပါတယ်။ ။

မဟာသတိပဋ္ဌာန်ဝိပဿနာ(၁၀)ရက်တရားစခန်း

ရန်ကုန် ဩဂုတ် ၁၇

အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် မဟာသုခိတာလမ်းရှိ မဟာစည်သြဝါဒခံ သာသနာ့ဗိမာန်ရိပ်သာတွင် သာသနာ့ဗိမာန်ရိပ်သာ ပဓာနနာယက၊ မဟာအောင်မြေရိပ်သာကျောင်းတိုက်(လှိုင်သာယာမြို့နယ်)ပဓာနနာယကနှင့် မဟာစည်နာယက မဟာကမ္မဋ္ဌာနာစရိယ ဆရာတော်ဘဒ္ဒန္တဝါယာမာဝုဓကိုယ်တိုင် စက်တင်ဘာ ၅ ရက်မှ ၁၄ ရက်ထိ (၁၀) ရက်တိုင်တိုင် မဟာသတိပဋ္ဌာန် ဝိပဿနာ တရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများစိတ်အေးချမ်းသာစွာ တရားအားထုတ်နိုင်ရန် စားစရိတ်ငြိမ်း စီစဉ်ထားပြီး တရားစခန်းဝင်လိုသူများသည် စက်တင်ဘာ ၄ ရက် ညနေ ၅နာရီအရောက် စာရင်းပေးသွင်းပြီး ပစ္စည်းလေးပါး အထောက်အပံ့လှူဒါန်းလိုသူများသည် သာသနာနုဂ္ဂဟအဖွဲ့ ဖုန်း-၆၄၃၁၃၂၄သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၈-၈-၂၀၀၃ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၃၅ ၆။ မျိုးချစ်တပ်မတော်
- ၄:၄၅ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
  - (က) ဒုတိယနှစ် (ပထဝီဝင်)
  - (ခ) ဒုတိယနှစ် (စိတ်ပညာ)
- ၅:၃၀ ၉။ မြဝတီမင်္ဂလာကဏ္ဍ
- ၅:၄၀ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၂၅ ၁၄။ မြန်မာ့ရှုခင်း
- ၆:၃၅ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆:၄၅ ၁၆။ မြန်မာ့လက်သီး
- ၇:၀၀ ၁၇။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း အထ္ထုဝါချစ်သူ (အပိုင်း-၁၈)**
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
  - ၁၉။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
  - ၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
  - ၂၁။ **အရှင်ဇနကာဘိဝံသ-ထေရုပ္ပတ္တိ မှတ်တမ်း (အပိုင်း-၁၃) စည်းကမ်းလည်းကျ စာလည်းတတ်စေ**
  - ၂၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း သူငယ်ချင်းသုံးဖော် (အပိုင်း-၁၀)**
  - ၂၃။ သင့်အတွက်မနက်ဖြန်
  - ၂၄။ အပိတ်နှုတ်ဆက်စကား
  - ၂၅။ ပြီးပါပြီ။

ရန်ကုန် ဩဂုတ် ၁၇

ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)နှင့် ယဉ်ကျေးမှုတက္ကသိုလ် (မန္တလေး) တို့၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် အတွက် ပထမနှစ်သင်တန်းများကို ၂၀၀၃ခု နိုဝင်ဘာ ၁ ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။

ယဉ်ကျေးမှုတက္ကသိုလ်များမှ ဝိဇ္ဇာဘွဲ့ (ဂီတ)၊ (သဘင်)၊ (ပန်းချီ)၊ (ပန်းပု) သုံးနှစ်သင်တန်းများနှင့် ဝိဇ္ဇာဂုဏ်ထူးဘွဲ့ (ဂီတ)၊ (သဘင်)၊ (ပန်းချီ)၊ (ပန်းပု) လေးနှစ်သင်တန်းများကို ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး အထူးပြုဘာသာ တစ်ခုချင်းအတွက် သင်တန်းသား၅၀ ဦး လက်ခံသင်ကြားသွားမည် ဖြစ်သည်။

လျှောက်ထားသူသည်တက္ကသိုလ်ဝင်စာမေးပွဲကို မည်သည့်ဘာသာတွဲဖြင့်မဆို အောင်မြင်ခဲ့သူဖြစ်ခြင်း၊ ပညာသင်နှစ် စတင်သည့်နေ့၌ အသက်(၂၀) ထက် မကျော်လွန်သူဖြစ်ခြင်း၊ ကျန်းမာ

ယဉ်ကျေးမှုတက္ကသိုလ်များအတွက် သင်တန်းသား လျှောက်လွှာခေါ်ယူ

ရေး ကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါ ချို့ယွင်းမှုမရှိသူဖြစ်ခြင်းနှင့် အနုပညာဝါသနာပါသူဖြစ်ခြင်းစသည့် အရည်အချင်းများနှင့် ပြည့်စုံရမည်ဖြစ်သည်။

တက္ကသိုလ်ဝင်စာမေးပွဲများကိုရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ တနင်္သာရီတိုင်း၊ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ် စာစစ်ဌာနများမှ အောင်မြင်ခဲ့သူများသည် ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)သို့လည်းကောင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်စာစစ်ဌာနများမှ အောင်မြင်ခဲ့သူများသည် ယဉ်ကျေးမှုတက္ကသိုလ် (မန္တလေး)သို့လည်းကောင်း တက်ရောက်ကြရမည် ဖြစ်ပြီး တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာများကို ဩဂုတ် ၂၅ ရက်မှ စတင်၍ ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)နှင့် (မန္တလေး)တို့၌ ဝယ်ယူလျှောက်ထားကြရမည်ဖြစ်သည်။

အသေးစိတ်သိလိုပါက ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်) အောင်ဇေယျလမ်း (၂၆)ရပ်ကွက် ဒဂုံမြို့သစ် (တောင်ပိုင်း) ရန်ကုန်မြို့ ဖုန်း ၀၁- ၅၉၀၂၅၂နှင့် ၀၁-၅၉၀၂၅၄ တို့သို့လည်းကောင်း၊ ယဉ်ကျေးမှုတက္ကသိုလ် (မန္တလေး) ရွှေစာရံဘုရားအနီး ပုသိမ်ကြီးမြို့နယ် မန္တလေးတိုင်း ဖုန်း ၀၉- ၈၇၂၈၅၁ သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်သည်။ (သတင်းစဉ်)

ကွန်ပျူတာသင်တန်းများဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၇

ACE Data Systems သည် လက်တွေ့နှင့်အရည်အသွေးပြည့် နိုင်ငံတကာအဆင့်မီ Software Engineer များကို စနစ်တကျမွေးထုတ်ပေးလျက်ရှိရာ Software Engineering Course Level I,II.III သင်တန်းများကို လစဉ်ဖွင့်လှစ် သင်ကြားလျက်ရှိသည်။ Java Programming ကို ဩဂုတ် ၃၀ ရက်မှစ၍ နံနက် ၇ နာရီမှ ၉ နာရီထိ စနေ၊ တနင်္ဂနွေနေ့များတွင်လည်းကောင်း၊ C Programming ကို ဩဂုတ် ၁၈ ရက်မှစ၍ နံနက် ၇ နာရီမှ ၉ နာရီထိ တနင်္လာနေ့နှင့် သောကြာနေ့များတွင်လည်းကောင်း တက်ရောက်နိုင်ကြသည်။ စိတ်ဝင်စားသူများသည် ACE Data Systems(Training Division)အမှတ်(၁/၁၉) ပထမထပ် စာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်း သခင်မြပန်းခြံလမ်း အလုံမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၆၈၉၁ သို့ စုံစမ်းနိုင်ကြောင်းသိရသည်။ (က-ပ)

ရွှေမြန်မာဆရာတော်တရားစခန်းပွဲ

ရန်ကုန် ဩဂုတ် ၁၇

မဟာစည်နယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ(ဆောင်းပါးရှင် ဇမ္ဗူဒီပါ ဘဒ္ဒန္တ ဝိစ္ဆာသိဒ္ဓိ) ရွှေမြန်မာဆရာတော်သည် ၁၃၆၅ ခုနှစ် ဝါခေါင်လပြည့်ကျော် ၉၊ ၁၀၊ ၁၁၊ ၁၂ ရက်များတွင် မကွေးတိုင်း စလင်းမြို့နယ် သစ်ကိုက်ကျွန်းကျေးရွာ ဆရာတော် ဦးကုမာရကျောင်း၌ ဝိပဿနာ အလုပ်ပေးတရားတော်များ ဟောကြားမည်ဟု သိရသည်။ (က–ပ)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်

စဉ့်ကိုင်အထက ကျောင်းဆောင်သစ်များဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ တက်ရောက်

ရန်ကုန် ဩဂုတ် ၁၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်လိုက်ပါလျက် ဩဂုတ် ၁၆ရက် နံနက် ၈နာရီတွင် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက်သစ် ဓမ္မကာယကျောင်းသို့ ရောက်ရှိကြသည်။

ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မစိုးရိမ်တိုက်သစ် မဟာနာယကချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ရာဇဓမ္မာဘိဝံသအမှူးပြုသော နာယကဆရာတော်များအား ပူဇော်ကန်တော့ကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ဝါဆိုသင်္ကန်းများကို မဟာနာယကချုပ် ဆရာတော်၊ နာယကဆရာတော်များနှင့် သံဃာတော်များ အတွက် ဆက်ကပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မန္တလေးမြို့ ဒဟတ္တောကျောင်းတိုက် ရွှေငုပ်မင်းကျောင်းသို့ ရောက်ရှိကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ဒဟတ္တောကျောင်းတိုက် ဆရာတော် တိုင်းသံဃနာယကအဖွဲ့ (ရွှေကျင်)ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သုဇာတသာရအား ပူဇော်ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ပေးအပ်

ယင်းနောက် ဒဟတ္တောကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ သုဇာတသာရက မန္တလေးမြို့ မျက်ပါးရပ်နေ အလှူရှင် ဒေါ်ဘေဘီလှူဒါန်းထားသော ရှေးဟောင်း အန္တ ဂူ ကျောက်သားဆင်းတုတော်တစ်ဆူအား အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်ထံ ပေးအပ်သည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် နံနက် ၁၀နာရီ ၄၅မိနစ်တွင် မန္တလေးတိုင်း စဉ့်ကိုင်မြို့သို့ ရောက်ရှိကြသည်။

အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ခရိုင်နှင့်မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

တက်ရောက်ချီးမြှင့်

ထို့နောက် မန္တလေးတိုင်း စဉ့်ကိုင်မြို့ အခြေခံပညာအထက်တန်းကျောင်း ကံ့ကော်ဆောင်နှင့် ပိတောက်ဆောင် ကျောင်းဆောင်သစ်များ ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို နံနက် ၁၁နာရီတွင် အဆိုပါ ကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ မိဘဆရာအသင်းဝင်များ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်နုနုနှင့် ဆရာ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဘင်ခရာအဖွဲ့၊ပန်းဖွာအကအဖွဲ့၊ ကဗျာလွတ် အကအဖွဲ့များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် စဉ့်ကိုင်မြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ဖွင့်လှစ်

အစီအစဉ်အရ ကျောင်းဆောင်သစ်အလှူရှင် ဦးခင်မောင်အေး၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ အတွင်းရေးမှူး ဦးညီညီနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်နုနုတို့က စဉ့်ကိုင်မြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်များကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီးခင်ညွန့်က ကျောင်းဆောင်သစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးလိုက်သည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျောင်းဆောင်သစ်နှင့် Projected Media Room၊ Language Lab၊ Computer Skills Room နှင့် Computer Aided Instruction Room တို့ကိုလှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ စဉ့်ကိုင်မြို့ အခြေခံပညာအထက်တန်းကျောင်း ကံ့ကော်ဆောင်နှင့် ပိတောက်ဆောင် လွှဲပြောင်းပေးအပ်ပွဲအစီအစဉ်ကို ကျောင်းခန်းမ အတွင်း၌ ကျင်းပသည်။

လွှဲပြောင်း

အစီအစဉ်အရ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ အတွင်းရေးမှူး ဦးညီညီက ကျောင်းဆောင်သစ်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို အမှတ်(၂)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒုတိယ ဗိုလ်မှူးကြီးဝင်းထိန်သို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ အတွင်းရေးမှူး ဦးညီညီက ကျောင်းဆောင်သစ် တည်ဆောက်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ➪

ခုတင်–၂၀၀ ဆံ့ ဆေးရုံသစ်

ကျောက်ဆည်မြို့တွင် အသစ်တည်ဆောက် ပြီးစီးနေသော ခုတင်–၂၀၀ဆံ့ ဆေးရုံအဆောက်အအုံသစ်ကို တွေ့ရစဉ်။

(သတင်းစဉ်)

အမှာစကား

မြန်မာနိုင်ငံ ကွန်ပျူတာပညာ ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် မန္တလေးသတင်း အချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး ကော်ပိုရေးရှင်းလီမိတက် MICT Park(Mandalay)ဖွင့်ပွဲနှင့် International ICT Exhibition ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

★ **ရှေ့ဖုံးမှ**

ကွန်ပျူတာဝါသနာရှင်အသင်းတို့မှ ဥက္ကဋ္ဌများနှင့် အမှုဆောင်များ၊ MICT Park (Mandalay) မှ ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ ITကုမ္ပဏီများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အစီအစဉ်အရ ရှေးဦးစွာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်းတို့က မန္တလေးသတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး ကော်ပိုရေးရှင်း လီမိတက် MICT Park(Mandalay) ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် MICT Park(Mandalay) ဖွင့်ပွဲအစီအစဉ်ကို အဆင့်မြင့်ရတနာပုံဈေး တတိယထပ်၌ ဆက်လက်ကျင်းပသည်။

အစီအစဉ်အရ မြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က မန္တလေး သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအဆောက်အအုံ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးလိုက်သည်။

ယင်းနောက် MICT Park(Mandalay) ဖွင့်ပွဲအစီအစဉ်ကို အဆင့်မြင့်ရတနာပုံဈေး တတိယထပ်ရှိ Conference Room၌ ဆက်လက်ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံ ကွန်ပျူတာပညာ ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် အထက်မြန်မာပြည်၏ မြို့တော်ဖြစ်သည့် မန္တလေးမြို့တော်ကြီးတွင် ယခုကဲ့သို့ နိုင်ငံတကာ အဆင့်မီ MICT Park တစ်ခုပေါ်ထွန်းလာခြင်းသည် နိုင်ငံတော်အတွင်း နိုင်ငံတကာ အဆင့်မီ သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ဖြစ်ထွန်းလာရေး ကြိုးပမ်းဆောင်ရွက်မှုများအနက် ထူးခြားလေးနက်သည့် စွမ်းဆောင်မှုတစ်ရပ်ဖြစ်သကဲ့သို့ မန္တလေးမြို့တော်နှင့်တကွ အထက်မြန်မာပြည်အတွက် သမိုင်းမော်ကွန်းတင်ရမည့် တိုးတက်ဖြစ်ထွန်းမှုတစ်ရပ်လည်းဖြစ်သည်ဟု ပထမဦးစွာပြောကြားလိုကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး နိုင်ငံတကာနှင့်ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုးတိုးတက်စေရအောင် မိမိတို့၏ကိုယ်ပိုင်အမျိုးသားရေးစွမ်းအားကိုအားပြုပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အတွက် မိမိနိုင်ငံတော်အတွင်းခေတ်မီသိပ္ပံနှင့်နည်းပညာရပ်များ တိုးတက်ဖြစ်ထွန်းစေရေးနှင့် နိုင်ငံတကာအဆင့်မီနည်းပညာဆိုင်ရာ အခြေခံအဆောက်အအုံများပေါ်ထွန်းလာစေရေးတို့ကို အခြေခံအကျဆုံး အမျိုးသားရေးလိုအပ်ချက်များအဖြစ် ဦးတည်မျှော်မှန်းကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

တိုးတက်ပြောင်းလဲ

ယနေ့ နိုင်ငံတကာတွင် သိပ္ပံနှင့်နည်းပညာရပ်များအထူးသဖြင့် သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာ နည်းပညာများသည် နှိုင်းဆမရနိုင်သည့် အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲလျက်ရှိပြီး ဤသတင်းနှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာရပ်များသည် ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍအားလုံးကို လွှမ်းမိုးကြီးစိုးလာနေသည့်အပြင် တစ်ကမ္ဘာလုံးကို ဆက်စပ်ယှက်နွယ်ပြောင်းလဲစေလျက်လည်းရှိသည့် အခြေအနေကို ဖန်တီးဖော်ဆောင်လျက်ရှိနေပြီဖြစ်ကြောင်း။

ယင်းကဲ့သို့ အခြေအနေအချိန်အခါမျိုးတွင် တစ်ကမ္ဘာလုံး ဆက်စပ်ယှက်နွယ်ပြောင်းလဲဖြစ်ပေါ်နေမှုနှင့် နည်းပညာတိုးတက်ပြောင်းလဲမှုများက ဖန်တီးဖော်ဆောင်လာနေသည့် စိန်ခေါ်မှုနှင့် အခွင့်အလမ်းများကို ပိုင်ပိုင်နိုင်နိုင်ကိုင်တွယ်ဖြေရှင်းပြီး မိမိနိုင်ငံ မိမိလူမျိုး၏ အကျိုးစီးပွားတိုးတက်ဖြစ်ထွန်းရေးအတွက် ကြိုးပမ်းစွမ်းဆောင်နိုင်စေရေးသည်လည်း အလွန်အရေးပါသည့် အမျိုးသားရေးလိုအပ်ချက်တစ်ရပ် ဖြစ်လာနေပြီဖြစ်ကြောင်း။

ထို့ကြောင့် မိမိနိုင်ငံတော်အတွင်း သိပ္ပံနှင့်နည်းပညာရပ်များ အချိန်နှင့်တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် သိပ္ပံနှင့်နည်းပညာဆိုင်ရာ အခြေခံအဆောက်အအုံများပေါ်ထွန်းလာစေရေးတို့အတွက် အမျိုးသားရေးသန္နိဋ္ဌာန်ဖြင့် တစ်မျိုးသားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ကြမှသာ နိုင်ငံတကာသိပ္ပံနှင့်နည်းပညာ တိုးတက်ပြောင်းလဲမှုများက ဖန်တီးလာနေသည့် ကမ္ဘာ့နိုင်ငံများအကြား နည်းပညာကွာဟမှုကြီးမားကျယ်ပြန့်လာနေမှုက လွတ်မြောက်နိုင်မည်ဖြစ်ကြောင်း။ သို့မှသာ ယင်းကဲ့သို့ နည်းပညာကွာဟမှုကို အခွင့်ကောင်းယူအသုံးချပြီး ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် လွှမ်းမိုးခြယ်လှယ်ရန် ကြိုးစားလုပ်ဆောင်နေသည့် နိုင်ငံကြီးအချို့၏ ဩဇာအာဏာလောင်းရိပ်အောက်ကို မိမိနိုင်ငံနှင့် မိမိလူမျိုးကျရောက်မသွားအောင် ရှန်းထွက်နိုင်မည်ဖြစ်ကြောင်း။

ယင်းကဲ့သို့ တစ်ကမ္ဘာလုံး ဆက်စပ်ယှက်နွယ်ပြောင်းလဲမှုဖြစ်စဉ်နှင့် အသိပညာ အတတ်ပညာတို့ လွှမ်းမိုးသည့်ပညာခေတ်ကြီး၏ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်စေရန် နိုင်ငံတော်အစိုးရက စနစ်တကျစီမံဆောင်ရွက်ခဲ့သည့်အတွက် ယခုဆိုလျှင် အခြေခံပညာ ကျောင်းများကအစ ပညာရေးကဏ္ဍတစ်ခုလုံးနှင့် ပြည်သူများအကြား သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာ နည်းပညာရပ်များ ကျယ်ကျယ်ပြန့်ပြန့် ထွန်းကားပြန့်ပွားလျက် ရှိနေပြီဖြစ်သည်ကို အားလုံးမျက်မြင်ကိုယ်တွေ့ တွေ့ကြုံနေရပြီဖြစ်ကြောင်း။

ယခုဆိုလျှင် မြန်မာနိုင်ငံ၏ တက္ကသိုလ်၊ ကောလိပ်များ၊ အခြေခံပညာ ကျောင်းများတွင် e-Learning Centerများ၊ e-Resources Centerများ ထူထောင်ထားနိုင်ပြီဖြစ်သည့် အတွက် e-Education စနစ်တစ်ရပ်ဖြစ်ထွန်းစပြုနေပြီလည်းဖြစ်ကြောင်း။

အထူးအားပေးကူညီ

တစ်ဖက်တွင်လည်း နိုင်ငံတော်အတွင်း အရည်အသွေးမြင့်မားသည့် သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာ နည်းပညာရှင်များ ပေါ်ထွန်းလာစေရေး အတွက် နိုင်ငံတော်ကဏ္ဍတွင်သာမက ပုဂ္ဂလိကကဏ္ဍ IT လုပ်ငန်းများ၏ IT ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ IT ပညာရပ်ဆိုင်ရာ တီထွင်ဖန်တီးမှု လုပ်ငန်းများကို နိုင်ငံတော်အစိုးရက အထူးအားပေးကူညီဆောင်ရွက်လျက်လည်းရှိကြောင်း။

ထို့အပြင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအနေဖြင့် ၂၀၀၀ ပြည့်နှစ်အတွင်း စင်ကာပူနိုင်ငံ၌ ကျင်းပခဲ့သည့် စတုတ္ထအကြိမ်မြောက် အာဆီယံအလွတ်သဘော ထိပ်သီးအစည်းအဝေးကို တက်ရောက်ခဲ့ပြီး e-ASEAN လုပ်ငန်းဆိုင်ရာသဘောတူညီချက် (e-ASEAN Framework Agreement)တွင် မြန်မာနိုင်ငံပါဝင်ခဲ့ပြီးနောက် ဤ e-ASEAN လုပ်ငန်းဆိုင်ရာသဘောတူညီချက်များ အကောင်အထည်ဖော်ရေးအပါအဝင် နိုင်ငံတော်အတွင်း IT ပညာရပ်များ၊ IT ဆိုင်ရာအခြေခံအဆောက်အအုံများတိုးတက်ဖြစ်ထွန်းလာရေးအတွက် တာဝန်ယူဆောင်ရွက်နိုင်စေရန် Myanmar e-National Task Forceကို နိုင်ငံတော်အစိုးရက ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း။

အောင်မြင်ဖြစ်ထွန်းနေ

နိုင်ငံတော်အစိုးရတာဝန်ရှိပုဂ္ဂိုလ်များနှင့် တိုင်းရင်းသား IT ဆိုင်ရာ ပညာရှင်များ၊ လုပ်ငန်းရှင်များပါဝင်သည့် ဤ Myanmar e-National Task Force သည် IT Master Plan တစ်ရပ်ရေးဆွဲပြီး နိုင်ငံတော်အတွင်း နိုင်ငံတကာအဆင့်မီ IT ပညာရပ်များ၊ IT ပညာရပ်ဆိုင်ရာအခြေခံအဆောက်အအုံများတိုးတက်ဖြစ်ထွန်းလာစေရန် စနစ်တကျ စီမံဆောင်ရွက်ခဲ့ကြခြင်းကြောင့် ယခုဆိုလျှင် အောင်မြင်ဖြစ်ထွန်းနေပြီလည်းဖြစ်ကြောင်း။

နိုင်ငံကြီးအချို့က မြန်မာနိုင်ငံအပေါ် စီးပွား...
နိုင်ငံတကာအဆင့်မီ MICT Park ကြီး ဖွင့်...

ရန်ကုန်မြို့တော်ကြီးတွင် နိုင်ငံတကာအဆင့်မီ MICT Park နှင့် MICT Park ၏ ITဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း လိုအပ်ချက်များကို ဆောင်ရွက်ပေးနေသည့် Bagan Cybertech IDC & Teleport Data Centre တို့ကို ၂၀၀၂ ခုနှစ်၊ဇန်နဝါရီလတွင် တစ်ပြိုင်တည်း ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး IT ဆိုင်ရာ Hardware, Software လုပ်ငန်းများအပါအဝင် အဆင့်မြင့်ဝန်ဆောင်မှုလုပ်ငန်းများလည်း ဆောင်ရွက်နိုင်နေပြီဖြစ်ကြောင်း။

တွန်းအားပေးကူညီ

ယင်းကဲ့သို့ MICT Park ၏ လုပ်ငန်းများရှင်သန်ဖွံ့ဖြိုးပြီး IT ဆိုင်ရာ အဆင့်မြင့်အခြေခံအဆောက်အအုံများကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အတွက် အကျိုးရှိထိရောက်စွာ အသုံးပြုလာနိုင်နေပြီဖြစ်သည့် အချိန်အခါကောင်းတွင် e-Government စနစ်အပါအဝင် သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာ နည်းပညာကို အခြေခံသည့် စီမံခန့်ခွဲမှုစနစ်များ၊ကွန်ရက်စနစ်များ၊ နိုင်ငံတော်အစိုးရဌာနများ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများနှင့် ပြည်သူလူထုအတွင်းတွင်ပါ ဖြစ်ထွန်းလာစေရေးအတွက် နိုင်ငံတော်အစိုးရက တွန်းအားပေးကူညီ ပံ့ပိုးစီမံဆောင်ရွက်လျက် ရှိနေပြီဖြစ်ကြောင်း။

မန္တလေးသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကော်ပိုရေးရှင်း လီမိတက် MICT Park(Mandalay) ကို တွေ့ရစဉ်။ (သတင်းစဉ်)

စီးပွားကူးသန်း ရှေ့သို့လှမ်း

မြန်မာနိုင်ငံ ကွန်ပျူတာပညာ ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ဧည့်သည်တော်များ MICT Park (Mandalay) ၌ ပြသမည့် International ICT Exhibition ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကွန်ပျူတာအသုံးပြုပြီး ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

လုပ်ငန်းရှင်များက ပူးပေါင်းဆောင်ရွက် လက်တွေ့အကောင်အထည်ဖော်လိုက်ခြင်းပင်ဖြစ်ကြောင်း၊ ယနေ့ဖွင့်လှစ်လိုက်သော မန္တလေး MICT Park ကို မန္တလေးသတင်း အချက်အလက်နှင့် နည်းပညာဖွံ့ဖြိုးရေးကော်ပိုရေးရှင်း လီမိတက်က မြန်မာနိုင်ငံ ကွန်ပျူတာနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကောင်စီ၏ လမ်းညွှန်မှုအောက်တွင် သက်ဆိုင်ရာ အစိုးရဌာနအသီးသီး၏ ပူးပေါင်းဆောင်ရွက်မှုကို ရယူပြီး မနားမနေ ကြိုးစားဆောင်ရွက်ခဲ့သည့် ရလဒ်တစ်ခုပင် ဖြစ်ကြောင်း။

ယင်းကဲ့သို့ ခေတ်မီတိုးတက်သည့် ICT Park ကြီးတစ်ခု ပေါ်ထွန်းလာသည့်အတွက် အထက် မြန်မာပြည် မန္တလေးမြို့အနေဖြင့် နောင်မဝေးသောကာလတွင် နိုင်ငံတကာအဆင့်မီ Software များကို တီထွင်ရေးသားနိုင်သည့် Software Park ကြီးတစ်ခုရောက်ရှိလာမည်မှာ မလွဲတော့ကြောင်း၊ မန္တလေး၌ IT ပညာရှင်များ၊ IT ဝါသနာရှင်များ၊ IT လုပ်ငန်းရှင်များနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်မှု၏ အားမာန်သည် အထက်မြန်မာပြည်အတွက် နောင်တစ်ချိန်တွင် နိုင်ငံတကာ အသိအမှတ်ပြု ICT Park ကြီးတစ်ခု ဖြစ်လာနိုင်မည်ဖြစ်ကြောင်း။

အထောက်အကူဖြစ်

နိဂုံးချုပ်အနေဖြင့် ပြောလိုသည်မှာ IT ကို စာတွေ့အနေဖြင့် တတ်မြောက်ထားကြသည့် ပညာရှင်များသည် အသုံးချနယ်ပယ် အသီးသီး တစ်နည်းအားဖြင့် ပညာသင်ကြားရေးနယ်ပယ်၊ စီးပွားရေးနယ်ပယ်၊ အုပ်ချုပ်ရေးနယ်ပယ်၊ စက်မှုလုပ်ငန်းများမှ ကုန်ထုတ်လုပ်ရေးနယ်ပယ်၊ သုတေသနလုပ်ငန်းများ စသည်တို့တွင် အသုံးချသွားမည်ဆိုလျှင် နိုင်ငံတော်အနေဖြင့် IT ကဏ္ဍကို အကျိုးရှိထိရောက်စွာသုံးပြီး ခေတ်မီဖွံ့ဖြိုးသော နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် အထောက်အကူဖြစ်စေသည့်အတွက် မိမိတို့ မန္တလေး ICT Park အနေဖြင့်လည်း နိုင်ငံတော်၏

စာမျက်နှာ ၁၁ ကော်လံ ၄ သို့ ➪

အဘက်ဘက်ကဖွံ့ဖြိုး

မန္တလေးမြို့တော်ကြီးကိုလည်း နိုင်ငံတော်အစိုးရက အထက်မြန်မာပြည်၏ မြို့တော်အဖြစ်နှင့် အပြည်ပြည်ဆိုင်ရာမြို့တော်ကြီးများ၏ အင်္ဂါရပ်များနှင့်လျော်ညီထိုက်တန်စွာ ဖွံ့ဖြိုးတိုးတက်လာစေရန် စနစ်တကျစီမံဆောင်ရွက်ပေးလျက်ရှိသည့်အတွက် မန္တလေးမြို့တော်ကြီးသည် နိုင်ငံတော်အကြီးအကဲ၏ လိုအင်ဆန္ဒမျှော်မှန်းချက်များနှင့်အညီ အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်ဖြစ်ထွန်းနေပြီဖြစ်သည်ကို မန္တလေးမြို့တော်နေပြည်သူများ ကိုယ်တွေ့မျက်မြင် သိရှိခံစားနေကြရပြီလည်း ဖြစ်ကြောင်း။

ယခုဆိုလျှင် မန္တလေးရွှေမြို့တော်ကြီး၌ တည်ရှိခဲ့သည့် မြနန်းစံကျော်ရွှေနန်းတော်ကြီးအပါအဝင် မြန်မာ့ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်အဆောက်အအုံများ၊သာသနိကအဆောက်အအုံများသည် ရှေးမူမပျက်ပြန်လည်တင့်တယ်ဝင့်ကြွားနေပြီဖြစ်သည့်အပြင် အဆင့်မြင့်ဟိုတယ်ကြီးများ၊ အဆင့်မြင့်ဈေးကြီးများ၊ အဆင့်မြင့်လူနေတိုက်တာအဆောက်အအုံများ၊ နိုင်ငံတကာအဆင့်မီဘူတာရုံကြီးနှင့် အပြည်ပြည်ဆိုင်ရာ လေဆိပ်သစ်ကြီးစသည့် ခေတ်မီအဆောက်အအုံကြီးများသည်လည်း မြို့တော်ကြီး၏ ဂုဏ်ကျက်သရေကို ပိုမိုတိုးတက်တင့်တယ်စွာ ဖော်ဆောင်စေလျက်ရှိနေပြီဖြစ်ကြောင်း။

ပေါ်ထွန်းလာနေ

အလားတူပင် ကျန်းမာရေးကဏ္ဍတွင် နိုင်ငံတကာအဆင့်မီ အထွေထွေရောဂါကုဆေးရုံကြီးများ၊အထူးကုဆေးရုံကြီးများ၊ ဆေးပညာဆိုင်ရာ တက္ကသိုလ်ကြီးများ ပေါ်ထွန်းနေပြီ ဖြစ်သကဲ့သို့ ပညာရေးကဏ္ဍတွင်လည်း သစ်လွင်ခံ့ညားထည်ဝါသည့် တက္ကသိုလ်များ၊ ကောလိပ်များအပြင် ရန်ကုန်မြို့တော်နှင့် တန်းတူရာစုသစ်အရင်းအမြစ် ဗဟိုဌာန (New Century Resource Center) ကဲ့သို့သော IT နည်းပညာအခြေခံထားသည့် သင်ကြားမှုသင်ယူမှု အခြေခံအဆောက်အအုံများလည်း မန္တလေးမြို့တော်ကြီး၌ ပေါ်ထွန်းလာနေပြီလည်း ဖြစ်ကြောင်း။

ယနေ့ဆိုလျှင် မန္တလေးမြို့တော်ကြီး၏ ဖွံ့ဖြိုးတိုးတက်မှုသမိုင်းတွင် မော်ကွန်းမှတ်တမ်းရေးထိုးရမည့် နိုင်ငံတကာအဆင့်မီ MICT Park ကြီး ပေါ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း။ အထက်မြန်မာနိုင်ငံက ကျောင်းသူကျောင်းသားလူငယ်များအပါအဝင် လူသားစွမ်းရည်အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဤ MICT Park ကြီးက များစွာအထောက်အကူပြုပေးတော့မည်ဖြစ်ကြောင်း။

...ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများ တမင်ဖန်တီးလုပ်ဆောင်နေချိန်တွင် ...Park ကြီး ဖွင့်လှစ်လိုက်ခြင်းသည် ပိတ်ဆို့မှုကို စိန်ခေါ်လိုက်နိုင်ခြင်းဖြစ်

မှတ်တမ်းတင်ဂုဏ်ပြု

မန္တလေးမြို့တော်ကြီးက IT ပညာရှင်များ၊ IT လုပ်ငန်းရှင်များ၊ မန္တလေးတိုင်း ကွန်ပျူတာအသင်းများက အမှုဆောင်များ၊ အသင်းဝင်များ ပူးပေါင်းပါဝင်ပြီး မန္တလေး ICT ဖွံ့ဖြိုးတိုးတက်ရေးကော်ပိုရေးရှင်း လီမိတက်ကို ၂၀၀၃ခု ဖေဖော်ဝါရီလတွင် ဖွဲ့စည်းခဲ့ပြီး မန္တလေး ICT Park ကို စတင်တည်ဆောက်ခဲ့ရာ အချိန်တိုကာလအတွင်း ယခုကဲ့သို့ခံ့ညားထည်ဝါပြီး နိုင်ငံတကာအဆင့်မီသည့် မန္တလေးမြို့၏ ကျက်သရေဆောင် ICT Park ကို ခမ်းနားထည်ဝါစွာ ဖွင့်လှစ်နိုင်ခြင်းအတွက်လည်း ပါဝင်ပံ့ပိုးကြိုးပမ်းသူများအားလုံးကို မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်းကို တစ်ဆက်တည်း ပြောကြားလိုကြောင်း။

ယခုကဲ့သို့ မန္တလေးရွှေမြို့တော်ကြီး၌ နိုင်ငံတကာအဆင့်မီ IT ဆိုင်ရာ အခြေခံအဆောက်အအုံကြီးဖြစ်ထွန်းလာသည်နှင့်အမျှ Software Industry အပါအဝင် IT ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများ ဘက်စုံကဏ္ဍစုံတွင် တိုးတက်ဖြစ်ထွန်းလာတော့မည်မှာ ဧကန်အမှန်ပင်ဖြစ်ကြောင်း။ ထို့အတူပင် IT ပညာရှင်များ၊ ကျွမ်းကျင်သူများပြုစုပျိုးထောင်မွေးထုတ်ရေး အစီအမံများကိုလည်း အရည်အသွေးမြင့်မြင့်မားမားဖြင့် ဆောင်ရွက်နိုင်တော့မည်ဖြစ်သည့်အတွက် မန္တလေးမြို့တော်ကြီးတွင် အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုတိုးတက် ပေါ်ထွန်းလာတော့မည်ဖြစ်ကြောင်း။

ထို့အပြင် မန္တလေး ICT Park ပေါ်ထွန်းလာခြင်းသည် မန္တလေးမြို့တော်နှင့်တကွ အထက်မြန်မာပြည်၌ရှိကြသည့် စီးပွားရေး၊ လူမှုရေးအသင်းအဖွဲ့များ၊ အစိုးရဌာနဆိုင်ရာများ၏ လုပ်ငန်းများဆောင်ရွက်ရာတွင် IT နည်းပညာရပ်များကို ထိရောက်တွင်ကျယ်စွာအသုံးပြုလာနိုင်မည့် အခြေခံကောင်းများ၊ အလားအလာ ကောင်းများ တိုးပွားဖြစ်ထွန်းလာခြင်းပင်ဖြစ်ကြောင်း။

ခိုင်ခိုင်မြဲမြဲရပ်တည်

ယခုဆိုလျှင် ရန်ကုန်မြို့တော်ကြီးတွင် ယခင်ခေတ်ကာလကအိပ်မက်ဟု ထင်ခဲ့ရသည့် e-Commerce, e-Learning နှင့် e-Government စနစ်များကို တွင်တွင်ကျယ်ကျယ် အသုံးပြုအကောင်အထည်ဖော်နိုင်နေပြီဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရဝန်ကြီးဌာန အသီးသီးကလည်း သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာ နည်းပညာများကို အကျိုးရှိထိရောက်စွာ အသုံးပြုလာနိုင်နေပြီဖြစ်၍ ICT Park သည်လည်း အရေးပါသည့် အခန်းကဏ္ဍတွင် ခိုင်ခိုင်မြဲမြဲ ရပ်တည်နေပြီဖြစ်ကြောင်း။

MICTDC (မန္တလေး) အနေဖြင့်လည်း မကြာမီသောကာလတွင် e-Commerce, e-Learning, e-Government စနစ်များကို လက်တွေ့ဆောင်ရွက်လာနိုင်ပြီး IT နည်းပညာရပ်များ ပိုမိုထွန်းကားလျက် လုပ်ငန်းများပိုမိုသွက်လက်လာလိမ့်မည်ဟုယုံကြည်ထားပြီးဖြစ်ကြောင်း။

စိန်ခေါ်လိုက်နိုင်

နိုင်ငံကြီးအချို့က ပြည်သူ့အကျိုးစီးပွား မလိုလားသူ အင်အားစုအချို့နှင့် ပူးပေါင်း၍ မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများပြုလုပ်ကာ စီးပွားရေး ကျပ်တည်းအောင် တမင်ဖန်တီးလုပ်ဆောင်နေချိန်တွင် ယခုကဲ့သို့ နိုင်ငံတကာအဆင့်မီသော MICT Park ကြီးတစ်ခု ထူထောင်ဖွင့်လှစ်လိုက်ခြင်းသည် မမှန်မကန် တစ်ဖက်သတ် မတရားစီးပွားရေးပိတ်ဆို့မှုကို စိန်ခေါ်လိုက်နိုင်ခြင်းပင်ဖြစ်ကြောင်း။

ထို့ကြောင့် မန္တလေးမြို့တော်ကြီးနှင့်တကွ အထက်မြန်မာပြည် တစ်ဝန်းလုံးက ဒေသဆိုင်ရာအာဏာပိုင်များ၊ အစိုးရဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများနှင့်တကွ IT ပညာရှင်များ၊ လုပ်ငန်းရှင်များ အားလုံးက မတရားစီးပွားရေး ပိတ်ဆို့မှုကို ရဲရဲတင်းတင်း ရင်ဆိုင်ကျော်လွှားနိုင်အောင် IT အတတ်ပညာများဖြင့် ကြိုးပမ်းကြရန်၊ မန္တလေးမြို့တော်ကြီးတွင် တည်ရှိပြီးဖြစ်သည့် IT ဆိုင်ရာ အခြေခံကောင်းများ ပိုမိုတိုးတက်မြင့်မားခိုင်မာစေရအောင်၊ ICT နည်းပညာများ အချိန်နှင့်တစ်ပြေးညီ တိုးတက်ပြန့်ပွားစေရအောင် ကြိုးပမ်းကြရန်၊ ထို့အပြင် IT အခြေပြုသည့် စီမံခန့်ခွဲမှုကွန်ရက်စနစ်များ ဖြစ်ထွန်းလာစေရအောင် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြပါဟု တိုက်တွန်းမှာကြားလိုကြောင်း။

ရင်ဆိုင်ရန်ကြိုးပမ်း

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ–

- **မန္တလေးမြို့တော်ကြီး၌ပေါ်ထွန်းလာပြီဖြစ်သည့် MICT Park ကြီး အရှိန်အဟုန်ဖြင့် ရှင်သန်ဖွံ့ဖြိုး တိုးတက်ဖြစ်ထွန်းရေးအတွက် အားလုံးက တက်ညီလက်ညီ ပူးပေါင်းကြိုးပမ်းဆောင်ရွက်သွားကြပါ**
- **နိုင်ငံတော်အကြီးအကဲ၏ ထားရှိသည့် မွန်မြတ်မြင့်မားသော စေတနာနှင့် အနာဂတ်ကို ရည်မှန်းသော မျှော်မှန်းချက်များနှင့်အညီ အထက်မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ လူသားစွမ်းရည် အရင်းအမြစ်များ ထက်ထက်မြက်မြက် ဖြစ်ထွန်းလာစေရအောင်ဤ MICT Park ကြီးကတစ်ဆင့် ကြိုးပမ်းဆောင်ရွက်ပေးကြပါ**
- **ဤ MICT Park ကြီးကတစ်ဆင့် ထူးချွန်ထက်မြက်သည့် IT ပညာရှင်လူငယ်များ မွေးထုတ်ပေးပြီး တစ်ဖက်သတ်စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြပါ**

ဟု တိုက်တွန်း ပြောကြားသွားသည်။

ရန်ကုန်နှင့်တစ်ပြေးညီ

ထို့နောက် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က ပြောကြားရာတွင် ယနေ့သည် IT ပညာရပ်ကို မြန်မာနိုင်ငံအတွက် အားသစ်လောင်းပေးသည့် နေ့တစ်နေ့ဖြစ်သကဲ့သို့ မြန်မာနိုင်ငံ၏ ဒုတိယမြို့တော်ဖြစ်သည့် မန္တလေးမြို့၌ IT ပညာရှင်များ၊ သုတေသီများအတွက် မိမိတို့ လေ့လာဆည်းပူးပျိုးထောင်ထားသော ပညာရပ်များကို တိုးတက်ရှင်သန်လာအောင် လုပ်နိုင်သည့် ဥယျာဉ်ကြီးတစ်ခုဖြစ်လာသည်ဆိုလျှင်လည်း မမှားကြောင်း၊ IT ပညာရပ်အပိုင်းတွင် ရန်ကုန်နှင့်တစ်ပြေးညီလိုက်နိုင်ရန်၊ ရန်ကုန်နှင့်တစ်တန်းတည်း နိုင်ငံတကာ၏ သတင်းနှင့် နည်းပညာများရယူပြီး နည်းပညာတိုးတက်ရရှိစေရန် နိုင်ငံတော်အကြီးအကဲက ယခုကဲ့သို့ MICT Park တစ်ခု မန္တလေး၌ ပေါ်ထွန်းလာအောင် ပံ့ပိုးဆောင်ရွက်ပေးခဲ့သည့်အတွက် မန္တလေးမြို့တော် မန္တလေးတိုင်း၏ကိုယ်စား အထူးကျေးဇူးတင် ဝမ်းမြောက်မိပါကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါလှသည့် သတင်းနှင့် နည်းပညာဆိုင်ရာ တိုးတက်ဖွံ့ဖြိုးရေးအတွက် MICT Park တည်ဆောက်နိုင်ခြင်းသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံသစ်ကြီးကို လျှောက်လှမ်းရာတွင် ထိရောက်တွင်ကျယ်စေမည့် ခြေလှမ်းတစ်လှမ်းကို လျှောက်လှမ်းနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ရန်ကုန်မြို့၌ ၂၀၀၂ခုနှစ် ဇန်နဝါရီလတွင် ဖွင့်လှစ်နိုင်ခဲ့သကဲ့သို့ ယခု မန္တလေးမြို့၌ ယနေ့ ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် မြန်မာနိုင်ငံ၏ ICT ဖွံ့ဖြိုးတိုးတက်ရေးသမိုင်းတွင် အကြီးဆုံးမှတ်တိုင်တစ်တိုင်ကို အထက်မြန်မာနိုင်ငံ မန္တလေးမြို့၌လည်း စိုက်ထူနိုင်ခဲ့သည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း။

ကြိုးစားမှုရလဒ်

ယခုကဲ့သို့ ICT သမိုင်းသစ်တစ်ရပ်ကို မန္တလေးတွင် စိုက်ထူနိုင်ရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားမှုအပေါ် မန္တလေး IT ပညာရှင်များ၊

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၈–၈–၂၀၀၃ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ အတီးပြိုင်ပွဲ
၈:၀၅ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၈:၂၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Let's Go.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Demonstration Exercises for Correct Pronunciation.
၄:၄၅ ၄။ ငယ်မူဟန်ပန် သူ့အသံ
၄:၅၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ရက္ခဗေဒအထူးပြု) (ရက္ခဗေဒ)
၅:၁၀ ၆။ တေးဂီတအစီအစဉ်
၅:၂၀ ၇။ ၂၀၀၃ခုနှစ် ဇောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် မဟာဂီတ (အဆင့်မြင့်ပညာအဆင့်) (အမျိုးသား၊အမျိုးသမီး)
၅:၃၀ ၈။ **သူငယ်ချင်းမရှိတဲ့ဥပဒေ (မင်းဝေ၊ ခင်ဇာခြည်ကျော်၊ ကေရီကျော်ကျော်) (ဒါရိုက်တာ–မောင်ယဉ်ကျော်)**
၅:၄၀ ၉။ အကပဒေသာ
၅:၅၅ ၁၀။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၆:၀၅ ၁၁။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအဆိုအကများ
၆:၁၀ ၁၂။ ကြံ့ခိုင်ကျန်းမာ ပြည်မြန်မာ
၆:၁၅ ၁၃။ Discovery.
၆:၃၀ ၁၄။ ညနေခင်းသတင်း
၇:၀၀ ၁၅။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၆။ Milo Success in Soccer.
၇:၁၀ ၁၇။ သားငါးဖွံ့ဖြိုး ပြည့်အကျိုး
၇:၂၀ ၁၈။ တေးဂီတအစီအစဉ်
၇:၃၅ ၁၉။ မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံ ကျောက်ဆည်(အင်းကုန်း)
၈:၀၀ ၂၀။ ပြည်တွင်းသတင်း
၂၁။ နိုင်ငံတကာသတင်းများ
၂၂။ မိုးလေဝသအခြေအနေ
၂၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ ဟိုတယ်ချစ်သူ (အပိုင်း–၂)**
၂၄။ နောက်တစ်နေ့အစီအစဉ်
၂၅။ အစီအစဉ်ပြီး၏။

✻ ကျောဖုံးမှ

ဆက်လက်၍ အစိုးရနည်းပညာကောလိပ်ကျောင်းသူများဖြစ်ကြသော မစောယုမွန်နှင့် မဖြိုးဖြိုးခိုင်တို့က အစိုးရနည်းပညာကောလိပ် (ကျောက်ဆည်) ပင်မဆောင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် အစိုးရနည်းပညာကောလိပ် (ကျောက်ဆည်)အောင်မြင်စွာ တည်ဆောက်ဖွင့်လှစ်နိုင်ခြင်းအထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကား ပြောကြားရာတွင် ကျောက်ဆည်ဒေသအတွင်း မှီတင်းနေထိုင်ကြသည့် ကျောင်းသူ၊ကျောင်းသား လူငယ်များ စိတ်အေးချမ်းမြေ့စွာဖြင့် အဆင့်မြင့်ပညာများ အိုးမကွာအိမ်မကွာ နီးနီးနားနား ဆည်းပူးလေ့လာနိုင်စေရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် ကျောက်ဆည်ဒေသအတွင်း အဆင့်မြင့် ပညာကဏ္ဍ လူ့စွမ်းအား အရင်းအမြစ်များ ပြုစုပျိုးထောင်ရေး အခြေခံအဆောက်အအုံများကို စီမံတည်ဆောက်ပေးလျက်ရှိကြောင်း။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်ပြီးစီးသည့် အစိုးရနည်းပညာကောလိပ် (ကျောက်ဆည်) အဝင်မုခ်ဦးဆိုင်းဘုတ်ကို တိုင်းရင်းသား ကျောင်းသား၊ ကျောင်းသူများက ရွှေကြိုးဆွဲ၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)



နှင့် အဖွဲ့ဝင်များသည် ကံ့ကော်ပင်များကို စိုက်ပျိုးကြသည်။

နံ့သာရည်ပက်ဖျန်း

ဆက်လက်၍ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က အစိုးရနည်းပညာ ကောလိပ် (ကျောက်ဆည်)၏ မော်ကွန်းကမ္ပည်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးလိုက်သည်။ ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မော်ကွန်းကမ္ပည်းကို နံ့သာရည်များဖြင့် ပက်ဖျန်းပေးကြပြီး အစီအစဉ်ပထမပိုင်းကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် အစိုးရနည်းပညာကောလိပ် (ကျောက်ဆည်)ဖွင့်ပွဲ အစီအစဉ်ကို ပင်မဆောင်ခန်းမ၌ ဆက်လက်ကျင်းပသည်။

ရှေးဦးစွာသိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ကျောက်ဆည်မြို့ အစိုးရနည်းပညာကောလိပ် (ကျောက်ဆည်)၏ နောက်ခံသမိုင်း၊ သင်ကြားပေးလျက်ရှိသော ဘာသာရပ်များနှင့် သင်တန်းများ၊ ဆရာ၊ ဆရာမအင်အား၊ ကျောင်းသား၊ ကျောင်းသူဦးရေ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက ပံ့ပိုးပေးနေသော လုပ်ငန်းများ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက တက္ကသိုလ်၊ ကောလိပ်၊ စက်မှုလက်မှုသိပ္ပံများ တည်ထောင်ဖွင့်လှစ်ပြီး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ဝင်းက အစိုးရနည်းပညာကောလိပ် (ကျောက်ဆည်)အတွက် ဆောင်ရွက်ခဲ့သည့် တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ယင်းနောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဤအစီအမံများနှင့်အညီ ကျောက်ဆည်မြို့ကြီး၌ အစိုးရစက်မှုလက်မှုသိပ္ပံတစ်ရပ်ကို ၁၉၉၈ခုနှစ်တွင် တည်ထောင် ဖွင့်လှစ်ပေးခဲ့ပြီးနောက် ယင်းအစိုးရစက်မှုလက်မှုသိပ္ပံကို ၂၀၀၁ ခုနှစ်တွင် အစိုးရနည်းပညာကောလိပ်အဖြစ်အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း။

သက်သောင့်သက်သာ ဆည်းပူးနိုင်

ယင်းကဲ့သို့ အဆင့်တိုးမြှင့်ပေါ်ထွန်းလာသည့် အစိုးရနည်းပညာကောလိပ်ကြီး၌ နည်းပညာကောလိပ်တစ်ခု၏ အင်္ဂါရပ်များနှင့် အညီ စာသင်ဆောင်များ၊ အလုပ်ရုံများ၊စာကြည့်တိုက် အပါအဝင် လိုအပ်သော အဆောက်အအုံများကို နိုင်ငံတော်အစိုးရက အလျင်အမြန် ဆက်လက်တည်ဆောက်ပေးခဲ့သည့်အတွက် ကျောင်းသူ၊ကျောင်းသား လူငယ်များ အဆင့်အတန်းရှိရှိဖြင့် သက်သောင့်သက်သာ ပညာလေ့လာဆည်းပူးနိုင်လျက်ရှိနေပြီဖြစ်ကြောင်း။

ယင်းကဲ့သို့ နည်းပညာကောလိပ်ကြီး တည်ထောင်ပြီးသည့်နောက် ကျောက်ဆည် နည်းပညာကောလိပ်ဆိုသည့် ဂုဏ်ဒြပ်နှင့် ဆီလျော်ထိုက်တန်သော အဆင့်မြင့် ပင်မသုံးထပ်အဆောက်အအုံတစ်ခုကို နိုင်ငံတော်အစိုးရက ဆက်လက်တည်ဆောက်ပေးခဲ့သည့်အတွက် ယခုကဲ့သို့ သစ်လွင်ခံ့ညားထည်ဝါသော ပင်မဆောင်သစ်ကြီး ပေါ်ထွန်းလာခဲ့ခြင်းပင်ဖြစ်ကြောင်း။

အားထုတ်ကြိုးစား

ထို့ကြောင့် ကျောင်းသူ၊ကျောင်းသားလူငယ်များကလည်း မိမိတို့အပေါ် နိုင်ငံတော်အစိုးရက ထားရှိသည့် မွန်မြတ်သန့်စင်သော မေတ္တာ၊စေတနာများနှင့်အညီ ပေါ်ထွန်းလာပြီဖြစ်သည့် သစ်လွင်ခံ့ညားထည်ဝါသော ကောလိပ်အဆောက်အအုံသစ်ကြီး၌ စိတ်အေးချမ်းမြေ့စွာ ပညာဆည်းပူးလေ့လာရင်း မိမိရပ်ရွာ၊ မိမိဒေသ၊ မိမိနိုင်ငံ၏ အကျိုးကို သယ်ပိုးစွမ်းဆောင်ပေးနိုင်မည့် အသိပညာရှင်၊အတတ်ပညာရှင် အင်ဂျင်နီယာများ၊ နိုင်ငံအကျိုးပြုပုဂ္ဂိုလ်များဖြစ်လာအောင် အားထုတ်ကြိုးစားသွားကြပါဟု မှာကြားလိုကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာ့အလယ်တွင် တင့်တင့်တယ်တယ် ဝင့်ဝင့်ကြွားကြွား ရင်ပေါင်တန်း ရပ်တည်နိုင်စေရေး ဦးတည်ပြီး အမိနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရအောင်၊ နိုင်ငံတော်၏ စီးပွားရေးဘဝ တိုးတက်စည်ပင်ခိုင်မာစေရအောင် မိမိတို့၏ ကိုယ်ပိုင်အမျိုးသားရေး စွမ်းအားစုများ၊ နိုင်ငံတော်၏ သယံဇာတ အရင်းအမြစ်များနှင့် လူ့စွမ်းအားအရင်းအမြစ်များ၏ စွမ်းအားကို စုစည်းပျိုးထောင်အားပြုပြီး ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

စီမံတည်ဆောက်လျက်ရှိ

ယင်းကဲ့သို့ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးတွင် မိမိတို့၏ ကိုယ်ပိုင်အမျိုးသားရေး စွမ်းအားစုများ၏ စွမ်းပကားကို စုစည်းအားပြုဆောင်ရွက်နေသည့်အလျောက် နိုင်ငံသူ၊နိုင်ငံသားတိုင်းရင်းသား ပြည်သူများကလည်း မိမိနိုင်ငံ၊ မိမိလူမျိုး ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးချစ်စိတ်ဓာတ်ကိုယ်ခံအားကောင်းစွာဖြင့် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအပိုင်းကလည်း မိမိနိုင်ငံသူ၊ နိုင်ငံသားတိုင်းရင်းသားပြည်သူများကို နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် ထိထိရောက်ရောက် ပါဝင်စွမ်းဆောင်ပေးနိုင်မည့် အရည်အသွေးနှင့် စိတ်ဓာတ်တို့ ပြည့်စုံလာစေမည့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အခြေခံကောင်းများကို နိုင်ငံတစ်ဝန်းလုံး ဖြန့်ကြက်ပြီး စနစ်တကျ စီမံတည်ဆောက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရေးတွင် နိုင်ငံတော်တစ်ဝန်းလုံးရှိ နယ်မြေဒေသ အစိတ်အပိုင်းများအားလုံး ဟန်ချက်ညီညီ မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံတော်၏ နယ်မြေဒေသ အစိတ်အပိုင်းများအားလုံးတွင်လည်း စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသည့် ဖွံ့ဖြိုးရေးနယ်ပယ် ကဏ္ဍအသီးသီး၌ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရန် အလေးထား ကြိုးပမ်းနေခြင်းဖြစ်ကြောင်း။

လိုအပ်ချက်နှင့်အညီ

နိုင်ငံတော်အစိုးရက ပြည်ထောင်စုကြီး၏ နယ်မြေဒေသ အစိတ်အပိုင်းများအားလုံးတွင် ဒေသဖွံ့ဖြိုးတိုးတက်ရေးအစီအမံများကို ဒေသတစ်ခုချင်း၏ လိုအပ်ချက်နှင့်အညီ စီမံတည်ဆောက်ပေးသကဲ့သို့ ဒေသခံပြည်သူများအပိုင်းကလည်း နိုင်ငံတော်အစိုးရက ဖန်တီးဖော်ဆောင်ပေးလာသည့် ဖွံ့ဖြိုးရေး အခြေခံအဆောက်အအုံများကို ထိထိရောက်ရောက် အကျိုးရှိရှိ အသုံးချပြီး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြမည်ဆိုလျှင် နှောင့်ယှက်ဟန့်တားမှု၊ ပိတ်ဆို့မှုများ ရှိသော်ငြားလည်း ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်းဒေသအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာမည်မှာ အမှန်ပင်ဖြစ်ကြောင်း။

ယင်းကဲ့သို့ ပြည်ထောင်စုကြီး၏ နယ်မြေဒေသအစိတ်အပိုင်းများအားလုံး ညီညွတ်မျှတစွာ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်မှုများနှင့်အတူ ပြည်သူများ၏ စီးပွားရေးဘဝ၊ လူမှုရေးဘဝများသည်လည်း ဟန်ချက်ညီညီ တိုးတက်ဖြစ်ထွန်းလာမည်ပင်ဖြစ်ကြောင်း၊ ထို့အပြင် ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများအကြားတွင်လည်း ဆူကြွနိမ့်မြင့် ကွာဟချက်ကျဉ်းမြောင်းပပျောက်ပြီး အပြန်အလှန်အကျိုးပြုမှု၊ အပြန်အလှန် အမှီသဟဲပြုမှုများ တိုးပွားဖြစ်ထွန်းလာမည်ဖြစ်သည့်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့လည်း ပိုမိုတိုးပွားထွန်းကား ခိုင်ခံ့လာမည်မှာ မလွဲဧကန်ပင်ဖြစ်ကြောင်း။

ဖြန့်ကြက်တည်ဆောက်နေ

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ နယ်မြေဒေသအစိတ်အပိုင်းများအားလုံးတွင် ဖြန့်ကြက်ပြီး ဒေသတစ်ခုချင်း၏ ဖွံ့ဖြိုးတိုးတက်မှုလိုအပ်ချက်နှင့် အလားအလာများနှင့်အညီ နယ်မြေဒေသဖွံ့ဖြိုးရေး အခြေခံအဆောက်အအုံများ၊ လူ့စွမ်းအား အရင်းအမြစ်များ ပြုစုပျိုးထောင်မွေးထုတ်ရေး အခြေခံကောင်းများ၊ ဒေသခံပြည်သူများ ကျန်းမာကြံ့ခိုင်ပြီး စိတ်ဓာတ်ရေးရာ ကြည်လင်မြင့်မားစေရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှု အခြေခံကောင်းများကို စနစ်တကျ စီမံတည်ဆောက်ပေးလျက်ရှိခြင်းဖြစ်ကြောင်း။

ခေတ်မီတိုးတက်သည့် နိုင်ငံတစ်နိုင်ငံ တည်ထောင်ဖို့ဆိုရာတွင် စက်မှုအတတ်ပညာရှင်များ၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပညာရှင်များ၊ အင်ဂျင်နီယာများ ပြုစုပျိုးထောင်မွေးထုတ်ပြီး ယင်းအသိပညာရှင်၊ အတတ်ပညာရှင်များ၏ စွမ်းအားဖြင့် ထူထောင် တည်ဆောက်နိုင်မှသာလျှင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် ရပ်တည်နိုင်မည်ဖြစ်ကြောင်း။

လုံးဝတည်မှီ

တစ်နည်းပြောရလျှင် အမိနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးသည် မိမိနိုင်ငံတော်အတွင်း အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင် မွေးထုတ်နိုင်မှုနှင့် ယင်းကဲ့သို့ ပေါ်ထွန်းလာသည့် နိုင်ငံသူ၊ နိုင်ငံသား အသိပညာရှင်၊ အတတ်ပညာရှင်များ၏ ကြိုးပမ်းအားထုတ်မှု စွမ်းပကားတို့အပေါ်၌သာ လုံးဝဥဿုံ မှီတည်လျက်ရှိနေသည်ဟု နိုင်ငံတော်အစိုးရက ခံယူထားကြောင်း။

ယင်းခံယူချက်နှင့်အညီ နိုင်ငံတကာ သိပ္ပံနှင့် နည်းပညာ တိုးတက်ပြောင်းလဲမှုနှင့် ဆီလျော်ညီညွတ်စွာ မိမိနိုင်ငံတော်အတွင်း သိပ္ပံနှင့် နည်းပညာရပ်များ တိုးတက်ထွန်းကား ပြန့်ပွားစေရန် အရည်အသွေးမြင့်မားသည့် စက်မှုပညာရှင်များ၊ အင်ဂျင်နီယာများ၊ သိပ္ပံပညာရှင်များ ပြုစုပျိုးထောင် မွေးထုတ်ပေးနိုင်စေရန် နိုင်ငံတော်အစိုးရက စနစ်တကျ စီမံဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

ယင်းကဲ့သို့ နိုင်ငံတော် အစိုးရအနေဖြင့် နည်းပညာပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံအကျဆုံးဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင် မွေးထုတ်ပေးနိုင်စေမည့် တက္ကသိုလ်များ၊ ကောလိပ်များကို တစ်နိုင်ငံလုံး ဖြန့်ကြက်တည်ထောင်ဖွင့်လှစ်ပေးလျက်ရှိသည့်အတွက် ယခုဆိုလျှင် နိုင်ငံတော်အတွင်း နည်းပညာတက္ကသိုလ်လေးခု၊ ကွန်ပျူတာတက္ကသိုလ်နှစ်ခု၊ အစိုးရနည်းပညာကောလိပ် ၂၆ခု၊ အစိုးရကွန်ပျူတာကောလိပ် ၂၃ခုနှင့် အစိုးရ စက်မှုလက်မှုသိပ္ပံ ကိုးခုတို့ တည်ရှိနေပြီဖြစ်သည့်အပြင် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်နှင့် မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်ကြီးများကိုပါ ထူထောင်ပေးထားပြီးဖြစ်ကြောင်း။

ကျောက်ဆည်ဒေသ၌ဆိုလျှင် ကျောက်ဆည်တက္ကသိုလ်နှင့် ကျောက်ဆည် အစိုးရနည်းပညာကောလိပ်တို့ တည်ရှိနေပြီဖြစ်ကြောင်း။

စက်မှုနယ်မြေ

ထို့အပြင် ကျောက်ဆည်ဒေသကို အထက်မြန်မာနိုင်ငံ၏ စက်မှုနယ်မြေကြီးတစ်ရပ်အဖြစ် ဖြစ်ထွန်းလာအောင် ဦးတည်ကြိုးပမ်း တည်ဆောက်ခဲ့သည့်အတွက် လူသုံးကုန်ပစ္စည်းစက်ရုံများ၊ စားသောက်ကုန်ပစ္စည်း စက်ရုံများ၊ ဆောက်လုပ်ရေးဆိုင်ရာ ပစ္စည်းစက်ရုံများ၊ စက်မှုကုန်ကြမ်းပစ္စည်းစက်ရုံများ စသည့် စက်ရုံ၊ အလုပ်ရုံကြီးများ တစုတဝေးတည်း တည်ရှိနေသည့် စက်မှုနယ်မြေကြီး တစ်ရပ်အဖြစ် ထင်ထင်ပေါ်ပေါ် ဖြစ်ထွန်းလျက်ရှိနေပြီလည်းဖြစ်ကြောင်း။

ယင်းကဲ့သို့ တိုးတက်ဖြစ်ထွန်းနေသည့် စက်မှုဆိုင်ရာ အခြေခံကောင်း

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ▲

▲ စာမျက်နှာ ၁၀ မှ

များနှင့်ကျောက်ဆည်ဒေသရှိတက္ကသိုလ်နှင့် ကောလိပ်များက ပြုစုပျိုးထောင်မွေးထုတ်ပေးလိုက်မည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါင်းစည်းမိလာသည်နှင့်အမျှ ဒေသတွင်းရရှိဖြစ်ထွန်းနေပြီဖြစ်သည့် အလုပ်အကိုင် အခွင့်အလမ်းကောင်းများ၊ စက်မှုကုန်ထုတ်လုပ်မှု အလားအလာကောင်းများ၊ စီးပွားရေးတိုးတက်စည်ပင်မှု အခြေအနေကောင်းများသည် ပိုမိုပြီး ဆင့်ပွားတိုးတက်မြင့်မားလာလျက် ရှိနေပြီဖြစ်ကြောင်း။

အပြန်အလှန်အကျိုးပြု

ယင်းကဲ့သို့ အခြေအနေ အချိန်အခါကောင်းတွင် ကျောက်ဆည် အစိုးရနည်းပညာကောလိပ်၏ အသိပညာရှင်၊ အတတ်ပညာရှင်များ ပြုစုပျိုးထောင်ရေးအစီအမံများနှင့် ကျောက်ဆည်စက်မှုနယ်မြေကြီး၏ အခြေခံကောင်းတွေကို စနစ်တကျပေါင်းစည်းပြီး လေ့ကျင့်ပျိုးထောင်မှုနှင့် အလုပ်အကိုင် အခွင့်အလမ်း ရရှိမှုတို့ကို သဟဇာတဖြစ်အောင် အပြန်အလှန် အကျိုးပြုဖြစ်ထွန်းစေရအောင် စီမံဆောင်ရွက်သွားကြရန် အထူးလိုအပ်မည်ဖြစ်ကြောင်း။

ထို့ကြောင့် ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့၏ တပည့်ကျောင်းသူ၊ ကျောင်းသား လူငယ်များကို ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အင်ဂျင်နီယာပညာရှင်များဖြစ်လာစေရန်နှင့် မိမိတို့ဒေသအတွင်း ဖြစ်ထွန်းတည်ရှိနေသည့် စက်မှုဆိုင်ရာ အခြေခံကောင်းများကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်ပေးနိုင်သည့် အရည်အသွေးတို့နှင့် ပြည့်ဝသည့် အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်လာစေရန် လေ့ကျင့်ပျိုးထောင်ပေးကြပါဟု မှာကြားလိုကြောင်း။

ကြိုးစားသင်ယူ

ကျောင်းသူ၊ ကျောင်းသား လူငယ်များကလည်း နိုင်ငံတော် အစိုးရက မိမိတို့အတွက် စိတ်ရင်းစေတနာမွန်ဖြင့် ဖန်တီး တည်ဆောက်ပေးထားသော ခံ့ညားထည်ဝါပြီး ခေတ်မီကောလိပ်ကြီးတစ်ခု၏ ဂုဏ်ဒြပ်နှင့် ကိုက်ညီသည့် အမိ ကောလိပ်ကျောင်းတော်ကြီးအတွင်း စိတ်အေးချမ်းမြေ့စွာ ပညာသင်ယူဆည်းပူးလေ့လာရင်း တည်ငြိမ်အေးချမ်းပြီး အဆင့်အတန်းမြင့်မားသည့် ပညာရေးပတ်ဝန်းကျင်ကောင်းများ ဖြစ်ထွန်းနေစေရအောင် ကြိုးပမ်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းမှာကြားလိုကြောင်း၊ တစ်ဆက်တည်းမှာပင် မိမိတို့ တတ်သိအပ်သည့် အသိပညာ အတတ်ပညာများ ပြည့်ပြည့်ဝဝ ပိုင်ပိုင်နိုင်နိုင် တတ်ကျွမ်းပြီး မိမိတို့တတ်သိသည့် ပညာရပ်များဖြင့် မိမိရပ်ရွာ၊ မိမိဒေသ၊ မိမိနိုင်ငံတော်နှင့် မိမိလူမျိုး၏အကျိုး စွမ်းစွမ်းတမံသယ်ပိုးထမ်းရွက်နိုင်သည့် အသိပညာရှင်၊ အတတ်ပညာရှင်၊ အင်ဂျင်နီယာပညာရှင်များဖြစ်လာအောင် ကြိုးစားသင်ယူလေ့လာ ဆည်းပူးသွားကြပါဟု ထပ်လောင်းမှာကြားလိုကြောင်း။

ဝီရိယအားစိုက်

ယခု အချိန်အခါတွင် နိုင်ငံကြီးအချို့က ပြည်သူ့အကျိုးစီးပွား မလိုလားသူ အင်အားစုအချို့နှင့် ပူးပေါင်း၍ မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများပြုလုပ်ကာ ပြည်သူအများ ဒုက္ခဆင်းရဲဖြစ်အောင် တမင်ဖန်တီးနေချိန်တွင် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့် တစ်နည်းအားဖြင့် ကုန်ထုတ်စွမ်းအားစုများ ပိုမိုတောင့်တင်းခိုင်မာလာအောင် ပြုစုပျိုးထောင်ပေးသည့် တက္ကသိုလ်၊ ကောလိပ်များ အဆက်မပြတ်ဖွင့်လှစ်ပေးနေခြင်းအားဖြင့် စီးပွားရေးပိတ်ဆို့မှုကို စိန်ခေါ်လိုက်ခြင်းပင်ဖြစ်ကြောင်း၊

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် အစိုးရနည်းပညာကောလိပ်(ကျောက်ဆည်) အောင်မြင်စွာတည်ဆောက်ဖွင့်လှစ်နိုင်ခြင်း အထိမ်းအမှတ်အဖြစ် ကံ့ကော်ပင်စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ထို့အပြင် လစဉ် ဆည်မြောင်းတာတမံများ၊ မြစ်ကူးတံတားကြီးများ၊ ကျောင်းအဆောက်အအုံသစ်များ တည်ဆောက်ဖွင့်လှစ် ပေးနေခြင်းကြောင့်လည်း ပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်းများဖြစ်ထွန်းနေခြင်း၊ ကုန်ထုတ်စွမ်းအားစုများ မှန်မှန်ဖွံ့ဖြိုးစည်ပင်စေခြင်းတို့သည် အနောက်နိုင်ငံများ၏ စီးပွားရေးပိတ်ဆို့မှုကို အလိုအလျောက် ကာကွယ်ပြီးသား ဖြစ်သည်ကိုလည်း တွေ့ရကြောင်း၊ ထို့ကြောင့် နိုင်ငံတော် အစိုးရက နိုင်ငံတော် တည်ဆောက်ရေး လုပ်ငန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ မှန်မှန်ကြီးဆောင်ရွက်ပေးနေသကဲ့သို့ ပြည်သူများအပိုင်းကလည်း ဝီရိယအားစိုက်ထုတ်ပြီး ကုန်ထုတ်လုပ်ငန်းများ တိုးတက်မြင့်မားရေး၊ စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုတိုးတက်ဖြစ်ထွန်းရေးတို့ကို အစိုးရနှင့်ပြည်သူ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ယနေ့ ခံ့ညားထည်ဝါစွာ ပေါ်ထွန်းလာခဲ့ပြီဖြစ်သည့် ကျောက်ဆည် အစိုးရနည်းပညာ ကောလိပ်ကြီးမှသည် မိမိရပ်ရွာ၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးမယ့် ထူးချွန်ထက်မြက်သည့် အင်ဂျင်နီယာပညာရှင်များပေါ်ထွန်းလာစေရုံသာမက နိုင်ငံတကာအဆင့်မီ အရည်အသွေးမြင့် အင်ဂျင်နီယာပညာရှင်များ ပေါ်ထွန်းလာစေရအောင် ဆရာ၊ ဆရာမများ၊ ကျောင်းသူ၊ ကျောင်းသားများအားလုံးက ဆရာတပည့်ညီညွတ်စွာဖြင့် ကြိုးပမ်းအားထုတ် ဆောင်ရွက်သွားကြပါဟု တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်လိုက်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အစိုးရနည်းပညာကောလိပ်(ကျောက်ဆည်)မှ ဒုတိယနှစ်သင်တန်းသူ မမေသက်ဖွန့်အောင်က ကျောင်းသား၊ ကျောင်းသူများကိုယ်စား ဂုဏ်ယူဝမ်းမြောက်ကြောင်း ကျေးဇူးတင် စကားပြောကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ မြန်မာနိုင်ငံ ပညာရေးကော်မတီသို့ ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ဝင်းက အလှူငွေကျပ် သိန်း ၃၀၀ကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က လက်ခံသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က ရွှေသံလွင်ကုမ္ပဏီက လှူဒါန်းငွေ ကျပ်သိန်း ၃၀၀ ကို ကျောင်းအုပ်ကြီး ဦးတင်အေးအား လွှဲပြောင်းပေးအပ်သည်။

ရွှေသံလွင်ကုမ္ပဏီက အစိုးရနည်းပညာကောလိပ်(ကျောက်ဆည်) အတွက် ငွေကျပ်သိန်း ၅၀တန်ဖိုးရှိ (45) KVA မီးစက်တစ်လုံး၊ ငွေကျပ် ၂၅သိန်းတန်ဖိုးရှိ သောက်ရေသန့်စက် ၁၂လုံးတို့ကို ရွှေသံလွင် ဆောက်လုပ်ရေးကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးမိုးကျော်သူကလည်းကောင်း၊ ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများအတွက် ဝတ်စုံစရိတ် ငွေကျပ် ၁၁၅၅၀၀၀နှင့် ရုံးသုံးကိရိယာပစ္စည်းများ ဝယ်ရန် ငွေကျပ် ၁၀သိန်း တို့ကို ရွှေသံလွင်ကုမ္ပဏီ ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ကျော်က လည်းကောင်း ကျောင်းအုပ်ကြီး ဦးတင်အေးအား ပေးအပ်ကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အစိုးရနည်းပညာကောလိပ်(ကျောက်ဆည်) ရှိ e-Library၊ စာသင်ခန်းများ၊ Computer ခန်းနှင့် Language Lab တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

☞ စာမျက်နှာ ၉ မှ

တည်ဆောက်ရေးအပိုင်းတွင်ကဏ္ဍတစ်ခုအနေဖြင့်ပါဝင်ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဖွဲ့စည်းနိုင်ခဲ့

ဆက်လက်၍မန္တလေးသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကော်ပိုရေးရှင်း လီမိတက် MICT Park (Mandalay) ဥက္ကဋ္ဌ ဗိုလ်မှူးသန်းအောင်က နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြင့်အညီ မန္တလေးမြို့တွင် MICT Park တည်ဆောက်နိုင်ရေးအတွက် မန္တလေးတိုင်းရှိ ကွန်ပျူတာပညာရှင်အသင်းနှင့် ကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့မှ အမှုဆောင်များဖြင့် MICTDC ကို ဖွဲ့စည်းနိုင်ခဲ့ပါကြောင်း။

ပြုပြင်တည်ဆောက်နိုင်

မန္တလေးမြို့ရတနာပုံဈေးတတိယထပ်တွင် တည်ဆောက်ထားသည့် ဈေး၏ မူလအသွင်သဏ္ဌာန်ပေါ် မူတည်ပြီး လေးလတာကာလအတွင်း မန္တလေး MICT Park ကို အောင်မြင်စွာ ပြုပြင်တည်ဆောက်နိုင်ခဲ့ပါကြောင်း။

ယခုကဲ့သို့ MICT Park အောင်မြင်စွာ တည်ဆောက်ဖွင့်လှစ်နိုင်ရေးအတွက် အဘက်ဘက်က ဝိုင်းဝန်းကူညီဆောင်ရွက်ကြသူများအား အထူးကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် Production Block ၌ IT ကုမ္ပဏီ ၃၅ခု၏ Software လုပ်ငန်း၊ Hardware လုပ်ငန်း၊ သင်တန်းများဖွင့်လှစ်ခြင်းလုပ်ငန်းနှင့်ကုမ္ပဏီလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုကြသည်။

ဖွင့်လှစ်ပေး

ထို့နောက် မန္တလေးသတင်း အချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကော်ပိုရေးရှင်း လီမိတက် MICT Park(Mandalay) ဥက္ကဋ္ဌ ဗိုလ်မှူးသန်းအောင်က International ICT Exhibition ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးလိုက်သည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များနှင့် ဧည့်သည်တော်များသည် MICT Park(Mandalay) ၌ ပြသမည့် International ICT Exhibition ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ပြခန်း၌ ကွန်ပျူတာအသုံးပြုပြီး ဆက်သွယ်ရေးဝန်ဆောင်မှုပေးနေသော လုပ်ငန်းများ၊ Bagan Cybertech ပြခန်း၌ ဆက်သွယ်ရေးနှင့်ပတ်သက်သော အင်တာနက်နည်းပညာ၊ ဈေးနှုန်းသက်သာစွာ ဆောင်ရွက်နိုင်မည့် "Mail-4-U" email ဝန်ဆောင်မှုလုပ်ငန်းအသစ်၊ ITကုမ္ပဏီများကပြသထားသော ကွန်ပျူတာနှင့်အရန်ပစ္စည်းများ၊ ကွန်ပျူတာသုံးပရိုဂရမ်များ၊ ရန်ကုန်နှင့် မန္တလေး IT ကုမ္ပဏီများက ရေးသားတီထွင်ထားသည့် ပရိုဂရမ်များ၊ ကွန်ပျူတာသုံးဆက်သွယ်ရေးပစ္စည်းများ၊ ကွန်ပျူတာအသုံးပြုပြီး ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ၊ အီလက်ထရွန်းနစ်နည်းပညာအသုံးပြု ဆောင်ရွက်သည့် လူသုံးကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုကြသည်။

(သတင်းစဉ်)

ငယ်၊ လတ်၊ ကြီးများအတွက် ကျမ်းစာများဝယ်ယူနိုင်

ရန်ကုန် ဩဂုတ် ၁၇

ညောင်ဦးမြို့နယ် စဉ့်ကူမဟာဝိသုတာရုံကျောင်းတိုက် ပဓာနနာယက ဓမ္မာစရိယ၊ ပါဠိပါရဂူ၊ ဓမ္မကထိက ဘဒ္ဒန္တဥတ္တမ ဆရာတော်အရှင်သူမြတ် ပြုစုရေးသားတော်မူသည့် တိကမာတိကာ မူလတန်းညဝါ၊ ဒုကမာတိကာ ညဝါ၊ ဓာတုကထာညဝါကျမ်းစာများနှင့် ဋီကာကျော်နိယံ၊ ရူပသဒ္ဒိနိယကျမ်းစာအုပ်များ ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းများအတွက် ရိုက်နှိပ်ပြီးစီးပါ၍ ရန်ကုန်၊ မန္တလေးနှင့် အမြို့မြို့ရှိ စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

(က-ပ)

နိုင်ငံသားတိုင်း ပညာရည်မြင့်မားရေးလုပ်ငန်းစဉ်များကို နိုင်ငံတော်က စနစ်တကျစီမံချက်ချ ဆောင်ရွက်လျက်ရှိ သထုံမြို့နယ် ကြာပန်းကျေးရွာအထက သင်ထောက်ကူခန်းများဖွင့်

ရန်ကုန် ဩဂုတ် ၁၇

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ အမှတ်(၄၄) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်၊ သထုံတပ်နယ်မှ ဗိုလ်မှူးချုပ်မြင့်စိုးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၁၃ရက် နံနက်ပိုင်းတွင် မွန်ပြည်နယ် သထုံမြို့နယ် ကြာပန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်၍ အဆိုပါကျောင်း၏ သင်ကြားမှု သင်ယူမှုအထောက်အကူပြု စာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

အစီအစဉ်အရရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နွဲ့နွဲ့ရီနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကြည်မောင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က သင်ကြားမှု သင်ယူမှုအထောက်အကူပြု စာသင်ခန်းများဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ကျောင်းအုပ်ဆရာမကြီး ဒေါ်နွဲ့နွဲ့ရီက သင်ကြားမှု သင်ယူမှုအထောက်အကူပြု စာသင်ခန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကြည်မောင်က သင်ကြားမှု သင်ယူမှုအထောက်အကူပြု စာသင်ခန်းများ ပေါ်ပေါက်လာရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ကျေးဇူးတင်စကားပြောကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက သင်ကြားမှု သင်ယူမှုအထောက်အကူပြု တိပ်ခွေများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်နွဲ့နွဲ့ရီထံ ပေးအပ်လှူဒါန်းပြီး အမှတ်(၁)အခြေခံပညာ ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက ကျေးဇူးတင်စကား ပြောကြား၍ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က အမှာစကားပြောကြားသည်။

လွှမ်းမိုးလာ

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ချက် (၁၂)ရပ်ချမှတ်ကာ အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ယင်းဦးတည်ချက် (၁၂)ရပ်အနက် လူမှုရေးဦးတည်ချက်လေးရပ်တွင် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဆိုသော အချက်ပါရှိကြောင်း၊ နိုင်ငံသားတိုင်း ပညာရည်မြင့်မားရေး လုပ်ငန်းစဉ်များကို နိုင်ငံတော်က စနစ်တကျစီမံချက်ချမှတ် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပညာရေးသည် ဖွံ့ဖြိုးတိုးတက်မှုအားလုံး အခြေခံအုတ်မြစ်ဖြစ်သည်နှင့်အညီ ယခုအခါ သိပ္ပံနှင့်နည်းပညာရပ်များ တစ်ရှိန်ထိုးတိုးတက်ပြောင်းလဲလာသည်နှင့်အမျှ သတင်းနှင့်နည်းပညာရပ်များသည် လူ့ဘောင်အဖွဲ့အစည်းအပေါ် ပိုမိုတွင်ကျယ်စွာ လွှမ်းမိုးလာလျက်ရှိနေပြီဖြစ်ကြောင်း။

တိုက်တွန်းပြောကြား

ယခုအခါ သထုံမြို့နယ် ကြာပန်းအခြေခံပညာအထက်တန်းကျောင်းတွင် သင်ကြားမှု၊သင်ယူမှုအထောက်အကူပြု စာသင်ခန်းများ ဖြစ်ပေါ်ဖွင့်လှစ်နိုင်ခဲ့ခြင်းမှာလည်း တာဝန်ရှိသူများ၊ ကျောင်းသား မိဘများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဒေသခံပြည်သူများ၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်သဖြင့်မြန်မာနိုင်ငံပညာရေးကော်မတီကိုယ်စား ကျေးဇူးတင်ရှိပါကြောင်းကို ပြောကြားလိုကြောင်း၊ ပညာရည်မြင့်မားရေးအတွက်ဆက်လက်၍လည်း ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း စသည်ဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဒါတွေကို သိဖို့လိုတယ်

* မြှောက်တိုင်းလည်း မမြောက်နဲ့
* ခြောက်တိုင်းလည်း မကြောက်နဲ့
* ချော့တိုင်းလည်း မပျော့နဲ့

နယ်စပ်ဒေသမကျန် ကွက်လပ်ပြည့် ဖွံ့ဖြိုးတိုးတက်ရေး



ပွန်ချောင်းတံတားပြီးစီးမှု

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင်တွင် နိုင်ငံတော်အစိုးရမှ တာဝန်ယူ တည်ဆောက်လျက်ရှိသော နမ့်စန်-ပွန်ချောင်း ရထားလမ်း အချိန်မီပြီးစီးပါက ပြည်သူလူထုအနေဖြင့် ဆောလျင်စွာ အကျိုးခံစားရမည်ဟူသော ခံယူချက်ဖြင့် လွိုင်လင်ခရိုင်မှ ပူးပေါင်းပါဝင်ဆောက်လုပ်လျက်ရှိရာ နမ့်စန်-ပွန်ချောင်း မီးရထားလမ်းပိုင်းမှ ပွန်ချောင်းတံတားပြီးစီးမှု အခြေအနေကို ဩဂုတ် ၇ ရက်က ဤသို့ တွေ့ရသည်။

(၎င်းတံတား တည်ဆောက်ရာတွင် မြန်မာ့မီးရထားနှင့်အတူ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဦးဆောင်၍ လွိုင်လင်ခရိုင်အတွင်းရှိ ဌာနဆိုင်ရာများ၊ သစ်ထုတ်လုပ်နေသော ကုမ္ပဏီများ၊ သစ်စက်ပိုင်ရှင်များ၊ လုပ်ငန်းရှင်များ ပူးပေါင်းပါဝင် တည်ဆောက်ခဲ့ကြကြောင်း သိရသည်။) (အပေါ်ပုံ)

[ဓာတ်ပုံမှတ်တမ်း-သွင်အေး(ကြေးမုံ)]

ဓာတ်ပုံ မှတ်တမ်း

သွင်အေး(ကြေးမုံ)

သတင်းစဉ်

စိုက်ပျိုးရေး

လျှပ်စစ် မြစ်ရေတင်

မြင်းခြံခရိုင် တောင်သာမြို့နယ် ကျော့ဇီ လျှပ်စစ်မြစ်ရေတင်စီမံကိန်းအရ ဧရာဝတီမြစ်မှရေများကို စိုက်ပျိုးဒေသအရောက်ပို့ရန် လိုအပ်သော မြောင်းနှင့် ကန်များ တည်ဆောက်ထားသည်ကို ဤသို့ တွေ့ရသည်။ (အပေါ်ပုံ)

(ဓာတ်ပုံမှတ်တမ်း- စိုက်ပျိုးရေး)

နယ်စပ်ဒေသ ဟိုမိန်းတိုက်နယ်ဆေးရုံ

ရှမ်းပြည်နယ် (တောင်ပိုင်း) သံလွင်မြစ်အရှေ့ဘက် ဟိုမိန်းမြို့နယ်ခွဲတွင် တိုက်နယ်ဆေးရုံခွဲကို တည်ဆောက်ထားပြီး ဒေသနေ တိုင်းရင်းသား ပြည်သူများအတွက် ကျန်းမာရေး အထောက်အကူပြုပေးနေသော ဟိုမိန်း တိုက်နယ်ဆေးရုံကြီးကို တွေ့ရစဉ်။ (အပေါ်ပုံ) *[ဓာတ်ပုံမှတ်တမ်း-သွင်အေး(ကြေးမုံ)]*

ဖောင်ကြီးတံတား

ရန်ကုန်တိုင်း(မြောက်ပိုင်းခရိုင်) လှည်းကူးမြို့နယ်ရှိ ငမိုးရိပ်ချောင်းဖြတ် ဖောင်ကြီးတံတားကို တွေ့ရစဉ်။ (ဝဲပုံ)

(ဓာတ်ပုံမှတ်တမ်း-သတင်းစဉ်)

အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော

မွေးမြူရေးလုပ်ငန်းများ

သတင်းဆောင်းပါး-အောင်နိုင်ဦး၊ရွှေတင်အုန်း

ဓာတ်ပုံမှတ်တမ်း-ဌေးအောင်(ကြေးမုံ)

၂၀၀၂ခုနှစ် အောက်တိုဘာ ၄ ရက်မှစပြီး ဝက်ထီးတစ်ကောင်၊ ဝက်မကိုးကောင် စုစုပေါင်း ၁၀ကောင်ဖြင့် မွေးမြူထားရာမှ လျာထားချက်အထီး ၂၇ ကောင်နှင့် အမ ၄၅ ကောင် စုစုပေါင်း ၇၂ ကောင် ပေါက်ပွားလာပြီး အောင်မြင်နေသော ဧရာဝတီတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ ဝက်မွေးမြူရေးခြံကို ဤသို့ တွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း-ဌေးအောင်(ကြေးမုံ)

ရန်ကုန် ဩဂုတ် ၁၇

ဧရာဝတီတိုင်းသည် ရေခံ၊ မြေခံအခြေခံကောင်းများ ရှိနေသော ဒေသဖြစ်သည်နှင့်အညီ အချိန်တိုအတွင်း ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် ရနေသောတိုင်း၊ ရှေ့တွင်လည်း ဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများ ရှိနေသော တိုင်းတစ်တိုင်းဖြစ်သည်။

စိုက်ပျိုးရေးကဏ္ဍအနေဖြင့် ဧရာဝတီတိုင်းသည် နိုင်ငံတော်မှာရှိသည့် စပါးစိုက်ဧရိယာ လေးပုံတစ်ပုံကျော်ကို စိုက်ပျိုးလျက်ရှိပြီး မိုးစပါးရော နွေစပါးပါအများဆုံး တိုးချဲ့စိုက်ပျိုးသော တိုင်းဖြစ်လာသည်။ တစ်ဖန် ပဲမျိုးစုံ၊ ဆီထွက်သီးနှံနှင့် ဂုန်လျှော်တို့ကိုလည်း တစ်နှစ်ထက်တစ်နှစ် တိုးချဲ့ စိုက်ပျိုးလျက်ရှိသည်။

စားရိပ်သာကြီး

မွေးမြူရေးကဏ္ဍတွင်လည်း ငါးကန်ဧက ၆၀၀၀၀ ကျော်၊ ပုစွန်ကန်ဧက ၃၅၀၀၀ ကျော်၊ ထို့အပြင်လည်း ဘဲ၊ ဝက်နှင့်ဒေသန္တရကြက်တို့ကိုလည်း အများဆုံးမွေးမြူလျက်ရှိနေသည်။ တင်စား၍ဆိုရပါလျှင် ဧရာဝတီတိုင်းသည် နိုင်ငံတော်၏ စားရိပ်သာကြီးသဖွယ်ပင်တည်း။

ကြေးမုံသတင်းအဖွဲ့ ပုသိမ်မြို့သို့ ရောက်ရှိစဉ် အနောက်တောင်တိုင်း စစ်ဌာနချုပ်၏ ဒေသကြက်မွေးမြူရေးခြံ၊ ဝက်မွေးမြူရေးနှင့် မျိုးကောင်းမျိုးသန့် ဝက်မွေးမြူရေးစခန်း၊ ဧရာဝတီတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ ဝက်မွေးမြူရေးခြံတို့ကိုလွန်ခဲ့သောဇူလိုင် ၁၈ ရက်က သွားရောက်ကြည့်ရှုလေ့လာခဲ့ရာ မွေးမြူရေး တာဝန်ခံ ဗိုလ်ကြီး ကျော်ဇေယျနှင့် တွေ့ဆုံခဲ့ရသည်။

အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်း ကြက်၊ဝက်မွေးမြူရေးတာဝန်ခံ ဗိုလ်ကြီးကျော်ဇေယျက ကြေးမုံသို့ ရှင်းလင်းပြောကြားရာတွင်"၂၀၀၂ ခုနှစ် နိုဝင်ဘာ၂၇ ရက်မှာ ဒေသ ကြက်အထီး လေးကောင်နှင့် အမဆယ့်ခြောက်ကောင် စုစုပေါင်း ကောင်ရေ ၂၀ စတင်မွေးမြူခဲ့ကြောင်း၊ ပထမခြောက်လမှာ ကြက်ဖ ၅၂ ကောင်နှင့် ကြက်မ ၈၀ စုစုပေါင်း ၁၃၂ ကောင်ပေါက်ပွား ဖြစ်ထွန်းခဲ့ကြောင်း။

ဒေသကြက်မွေးမြူသည့် ကာလဒုတိယခြောက်လမှာ ကြက်ဖ ၂၄၀ နှင့် ကြက်မ ၃၂၀ စုစုပေါင်း ၅၆၀ဖြစ်ကြောင်း၊ ပထမခြောက်လ ကြက်ပေါက်ပွားမှုကောင်ရေ ၁၃၂ ကောင်ဖြစ်ပြီး ဒုတိယခြောက်လ ကြက်ပေါက်ပွားမှုကောင်ရေ ၅၆၀ စုစုပေါင်း ၆၉၂ကောင် ပေါက်ပွားကြီးထွားလာကြောင်း၊ ဒေသကြက် တစ်ယူနစ် ကြက်မ ခြောက်ကောင် နှင့် ကြက်ဖလေးကောင် ယူနစ်နှစ်ခု စုစုပေါင်း ကောင်ရေ ၂၀မှ ၆၉၂ကောင် ဖြစ်ထွန်းပေါက်ပွားလာခြင်း ဖြစ်ပါကြောင်း။

ဒေသကြက်များကို အိပ်တန်း တက်ချိန်မှလွဲ၍ တစ်နေ့လုံး လွတ်လပ်စွာ လွှတ်ထားပါကြောင်း၊ ဒါပေမယ့် တစ်နေ့ နံနက် ၇နာရီ တစ်ကြိမ် ညနေ ၃နာရီတစ်ကြိမ် စုစုပေါင်းနှစ်ကြိမ် အစာကျွေးပါကြောင်း၊ အစာကျွေးမယ်ဆိုရင် တုံးခေါက်လိုက်ကြောင်း၊ တုံးခေါက်လိုက်ရင် ရောက်တဲ့နေရာကနေ ချုံကြိုချုံကြား၊ မြက်ကြိုမြက်ကြားက ပြေးလွှားပြီး တုံးခေါက်တဲ့နေရာကို ဒေသကြက် အရွယ်အစား အမျိုးမျိုး ရောက်ရှိလာပြီး အစာများစားကြကြောင်း၊ တိုင်းမှူးသတ်မှတ်ပေးသည့် စံချိန်ထက် ဒေသကြက်များ ကျော်လွန် ပေါက်ပွား၍ အောင်မြင်မှုများ ရရှိကြောင်း၊ ဒေသကြက်မွေးမြူရာတွင် မည်သည့်အခက်အခဲမျှ မရှိဘဲ အကျိုးအမြတ် ရရှိသော မွေးမြူမှုတစ်ခုပင်ဖြစ်ကြောင်း" ပြောကြားသည်။

ဆက်လက်၍ ဩစတြေးလျနိုင်ငံမှ ဖရစ်ရှန်-၆၂ ပြားစပ်နွားထီးနှင့်နွားမများကိုလည်း မွေးမြူထားရာ တစ်နေ့လျှင် နွားမများမှ နွားနို့ကိုးပိဿာမှ ၁၀ပိဿာအထိ ထွက်ရှိ၍ နွားနို့ရောင်းရငွေမှာ တစ်နေ့ ဝင်ငွေ ကျပ်သုံးရာ ရရှိကြောင်း၊ နွားမွေးမြူရာမှာလည်း မည်သည့်အခက်အခဲမျှမရှိဘဲ အောင်မြင်လျက်ရှိကြောင်း ပြောကြားသည်။

ကြေးမုံသတင်းအဖွဲ့ အနောက်တောင်တိုင်း စစ်ဌာနချုပ် စစ်မှုထမ်းဟောင်းအဖွဲ့ ဝက်မွေးမြူရေးခြံကို လေ့လာကြရာ တာဝန်ခံက "အနောက်တောင်တိုင်း စစ်ဌာနချုပ် ဧရာဝတီတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ ဝက်မွေးမြူရေးခြံမှာ ၂၀၀၂ ခုနှစ် အောက်တိုဘာ၄ရက်မှစပြီး ဝက်ထီးတစ်ကောင်၊ ဝက်မကိုးကောင် ပေါင်း ၁၀ ကောင် စတင်မွေးမြူထားကြောင်း၊ ပထမအကြိမ် ဝက်မကြီးကိုးကောင်မှ ဝက်သားပေါက်၈၄ကောင် ပေါက်ကြောင်း၊ ဒုတိယအကြိမ် ဝက်မကြီးတစ်ကောင်မှ ကိုးကောင် ပေါက်ပွားကြောင်း။

သားပေါက်ချိန်မှ သားခွဲချိန်ထိ ဝက်ငယ်များကို စနစ်တကျမွေးမြူရကြောင်း၊ မိခင်ဝက်မကြီးအား အာဟာရပြည့်ဝစွာ ကျွေးမွေး၍ ဝက်ငယ်သုံးရက်သား၊ ၁၀ ရက်သားတို့ကို သံဓာတ်အားတိုးဆေး ထိုးပေး၍ ရောဂါဖြစ်ပွားမှုကို ကာကွယ်စေကြောင်း" ကြေးမုံသို့ ရှင်းလင်းပြောကြားသည်။

၂၀၀၂ ခုနှစ် နိုဝင်ဘာ ၂၇ ရက်မှစ၍ ဒေသကြက်အထီးလေးကောင်၊ ကြက်အမ ၁၆ကောင် စုစုပေါင်းကောင်ရေ ၂၀ဖြင့် မွေးမြူခဲ့ရာမှ ပထမခြောက်လ ၁၃၂ကောင်၊ ဒုတိယခြောက်လ ၅၆၀ စုစုပေါင်းကောင်ရေ ၆၉၂ ကောင်ပေါက်ပွားခဲ့သည်။ အစာကျွေးချိန် တုံးခေါက်လိုက်သည်နှင့် ဒေသကြက်များ လာရောက်အစာစားနေကြသည်ကို အောက်ပုံတွင် ဤသို့ တွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း-ဌေးအောင်(ကြေးမုံ)

မျိုးကောင်းမျိုးသန့် ဝက်မွေးမြူရေးစခန်းကို ဆက်လက် ကြည့်ရှုလေ့လာကြရာ တစ်ယူနစ်လျှင် စီမံချက်အရ ရှစ်လသားအရွယ် မျိုးကောင်းမျိုးသန့် ဝက်ထီးတစ်ကောင်၊ ဝက်မကိုးကောင် စုစုပေါင်း ၁၀ကောင် မွေးမြူပါက လေးလအတွင်း ဝက်မကြီးတစ်ကောင်မှ ရှစ်ကောင် ပေါက်ပွားကြောင်း၊ ဝက်မကြီးကိုးကောင်မှ စုစုပေါင်း ၇၂ကောင် တိုးပွားလာကြောင်း မူလဝက်ထီးတစ်ကောင်၊ ဝက်မကိုးကောင်နှင့် ပေါင်းပါက စုစုပေါင်း ဝက်ထီး ၂၈ ကောင်၊ ဝက်မ ၅၄ ကောင် ရရှိလာမှာဖြစ်ကြောင်း။

ဝက်မကြီးများမှာ တစ်နှစ်လျှင် နှစ်ကြိမ်သားပေါက်ကြောင်း၊ ရက် ၃၀နှင့် ၄၀ ရရှိ သည့် ဝက်သားပေါက်သည် ပထမနှစ်တွင် တစ်ကြိမ် ပေါက်ပြီး ဒုတိယနှစ်တွင် နှစ်ကြိမ် ပေါက်ပွားမှုရှိကြောင်း ပြောကြားသည်။

ဒေသကြက်မွေးမြူရေး စီမံချက်အရ တပ်တွင်း အိမ်ထောင်စု တစ်စုလျှင် ကြက်ဖတစ်ကောင်၊ ကြက်မလေးကောင် မွေးမြူရန် ချမှတ်ပေးထားသည်။ ယင်းမှ ခြောက်လအတွင်း ပေါက်ပွားမှုအရ ၂၈ ကောင် ရရှိလာသည်။ မူလမွေးကြက်ဖတစ်ကောင်၊ ကြက်မလေးကောင်နှင့် ပေါင်းပါက စုစုပေါင်း ၃၃ ကောင် တိုးပွားလာကြောင်း သိရသည်။

ထို့ပြင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တပ်ရင်းတပ်ဖွဲ့များတွင်လည်း တစ်နိုင်မျိုးစပ်ငါးခူများကိုစနစ်တကျ မွေးမြူလျက်ရှိသည်။ လက်တွေ့မွေးမြူရာမှာ အခက်အခဲမရှိဘဲ အောင်မြင်မှုရရှိခြင်းကြောင့် တိုးချဲ့မွေးမြူသွားမည်ဖြစ်ကြောင်း သတင်းစကား ကြားသိရသည်။

အကျိုးအမြတ်

မွေးမြူရေးလုပ်ငန်းများအတွက် အစာစပ်စက်ကိုလည်း တည်ထောင်ထားရာ ပြင်ပတွင် မွေးမြူရေးအစာဈေးနှုန်းမြင့်၍ မွေးမြူရေးအစာစပ်စက် တည်ထောင်ထားခြင်းဖြင့် အကျိုးအမြတ်များ ရရှိကြောင်းသိရသည်။

အနောက်တောင်တိုင်း စစ်ဌာနချုပ်၏ မွေးမြူရေးလုပ်ငန်းများကို မွေးမြူရေးအစာ ထုတ်လုပ်မှု ကုန်ကျစရိတ်လျှော့ချနိုင်ရေး၊ အရည်အသွေးစံချိန်စံနှုန်းမီ ဒေသစပ်အစာများ ထုတ်လုပ်နိုင်ရေး၊ မျိုးကောင်းမျိုးသန့်ဝက်များမွေးမြူပြန့်ပွားနိုင်ရေးနှင့် ဝက်မွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်မြင်ဖြစ်ထွန်းမှုများ ရရှိစေရန် ရည်ရွယ်ချက်များဖြင့် အောင်မြင်စွာ ဆောင်ရွက်နေလျက်ရှိကြောင်း ရေးသားဖော်ပြအပ်ပါသည်။ ॥ **(ကြေးမုံ)**

လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းသင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၁၇

လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏ ၂၀၀၃ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း သင်တန်းဖွင့်ပွဲကို ဩဂုတ်၁၅ရက် နံနက် ၁၀နာရီက မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း အစည်းအဝေးခန်းမတွင်ကျင်းပသည်။

အခမ်းအနားတွင် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ဌာနနေကိုယ်စားလှယ် Mr.Tang Zheng Pingက မိတ်ဆက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ (JICA)ရုံးမှ ကိုယ်စားလှယ်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ သက်ဆိုင်ရာဌာနအသီးသီးမှ ကိုယ်စားလှယ်များ၊ ညွှန်ကြားရေးမှူးများ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊လယ်ယာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း ဦးဆောင်ကော်မတီဝင်များ၊ FAO မှ ကျွမ်းကျင်သူ ပညာရှင်နှင့် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။ (က-ပ)

အခြေခံအင်္ဂလိပ်စာ သင်တန်းများဖွင့်

ရန်ကုန် ဩဂုတ် ၁၇

MAY Int'l Education & Training Center မှ နိုင်ငံတကာ ကျောင်းဝင်ခွင့် လျှောက်ထားရာတွင် မရှိမဖြစ် လိုအပ်သည့် TOEFL နှင့် IELTS စာမေးပွဲပြင်ဆင်မှု သင်တန်းများကိုလည်းကောင်း၊ အခြေခံ အင်္ဂလိပ်စာ အရေး၊ အဖတ်၊ အပြောနှင့် စကားပြော သီးသန့်သင်တန်းများကိုလည်းကောင်း၊ စနေ၊ တနင်္ဂနွေ တန်းခွဲသစ်များနှင့် တနင်္လာမှ သောကြာ တန်းခွဲသစ်များ ဖွင့်လှစ်လျက်ရှိသည်။

စက်တင်ဘာ ၇ ရက်တွင် ကျင်းပမည့် TOEFL စာမေးပွဲကို Institutional Testing Program(ITP) ဖြင့် လွယ်ကူလျင်မြန်စွာ စစ်ဆေးပေးမည်ဖြစ်ပြီး စာမေးပွဲဖြေဆိုမည့်သူများ ကျောင်းရုံးခန်းတွင် စာရင်းပေးသွင်း၍ Bulletin လာရောက် ထုတ်ယူနိုင်ကြသည်။၂၀၀၄ဇန်နဝါရီ(ပညာသင်နှစ်)အတွက် နိုင်ငံတကာကျောင်း လျှောက်ထားမည့်သူများ ကျောင်းဝင်ခွင့်ပုံစံ လူကိုယ်တိုင်လာရောက်ထုတ်ယူနိုင်ပြီး အမှတ် ၈၁(က) ဗညားဒလလမ်း (တာမွေလမ်း)ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၄၄၂၂၄၊ ၅၄၅၃၇၅ သို့ နံနက် ၇ နာရီမှည ၇ နာရီအတွင်း ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(ကပ)

ဝါတွင်းဓမ္မသဘင်

ရန်ကုန် ဩဂုတ် ၁၇

ပုဇွန်တောင်မြို့နယ် မဟာစည်သြဝါဒခံ လယ်တီစံသာသနာ့ရိပ်သာတွင် ဝါတွင်း ဓမ္မသဘင်နှင့် ၄၅ရက် အထူးတရားစခန်းကို ဩဂုတ် ၂၇ရက် (တော်သလင်းလဆန်း ၁ရက်မှ သီတင်းကျွတ် လပြည့်နေ့အထိ) ဖွင့်လှစ်မည်ဖြစ်သည်။ သီတင်းဥပုသ်နေ့တိုင်း မဟာစည်ဆရာတော်ကြီးများက တရားဟောကြားချီးမြှင့်မည်ဖြစ်ရာ စခန်းဝင်သူများနှင့် လှူဒါန်းလိုသူများသည် ရိပ်သာဖုန်း- ၂၀၁၆၃၄သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ (က-ပ)

➪ **စာမျက်နှာ ၇မှ**

ဆက်လက်၍ စဥ့်ကိုင်အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်နုနုက ကျေးဇူးတင်စကားပြောကြားသည်။

လှူဒါန်း

ထို့နောက် စဥ့်ကိုင်မြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် အလှူရှင် ဦးတင်မောင်နှင့် ဦးအောင်သန်း(ဟွန်ဒါမြန်မာကုမ္ပဏီ)က ငွေကျပ် ၁၂၅သိန်း၊ ဆန်းသီရိ မိသားစုက ငွေကျပ်သိန်း ၅၀၊ ဦးထွန်းမြင့်နိုင်နှင့် မိသားစု (အေးရှားဝေါလ် ကုမ္ပဏီလီမိတက်)က ငွေကျပ်သိန်း ၂၀၊ ဦးစိုးမြင့်နှင့် ဒေါက်တာခိုင်ခိုင်ကျော် (အောင်မိုးဟိန်းကုမ္ပဏီလီမိတက်)က အလှူငွေကျပ်သိန်း ၂၀တို့ကိုလည်းကောင်း၊ စဥ့်ကိုင်မြို့ ပြည်သူ့ဆေးရုံ ဆေးပဒေသာပင်အတွက် ခင်မောင်အေးကုမ္ပဏီလီမိတက်က ငွေကျပ် ၄၊သိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က လက်ခံသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ အလှူရှင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆေးရုံသစ်

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကျောက်ဆည်မြို့ ခုတင်-၂၀၀ဆံ့ ဆေးရုံသစ်ကြီးသို့ ရောက်ရှိကြရာ တိုင်းကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာသန်းထွန်းဦး၊ ဆေးရုံအုပ်ကြီး ဒေါက်တာမင်းကိုနှင့် အထူးကု ဆရာဝန်ကြီးများ၊ ဆရာဝန်၊ ဆရာမများက ကြိုဆိုကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အသစ်တည်ဆောက်ပြီးစီးနေသော ခုတင်-၂၀၀ဆံ့ ဆေးရုံအဆောက်အအုံသစ်နှင့် ဆေးရုံသစ်ကြီးရှိ ဓာတ်မှန်ခန်း၊ လူနာဆောင်၊ ခွဲစိတ်ခန်းနှင့် ဆေးရုံသစ်အဆောက်အအုံ ပုံစံငယ်တို့ကို ကြည့်ရှုစစ်ဆေးကြသည်။ (သတင်းစဥ်)

ကနေဒါ အေအိုင်အေအသင်းဘက်သို့ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း တိုက်စစ်မှူး မိုင်နီလာထွေး ထိုးဖောက်ဂိုးသွင်းစဥ်။ (ကြေးမုံ)

ချစ်ကြည်ရေးခြေစမ်းပွဲ မြန်မာအမျိုးသမီး အနိုင်ရ

ရန်ကုန် ဩဂုတ် ၁၇

မြန်မာ-ကနေဒါ နှစ်နိုင်ငံချစ်ကြည်ရေး အစီအစဥ်အရ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းနှင့်ကနေဒါနိုင်ငံ (အေအိုင်အေ) လက်ရွေးစင် အမျိုးသမီး ဘောလုံးအသင်းတို့၏ ချစ်ကြည်ရေး ခြေစမ်း ပထမပွဲစဥ်ကို ယနေ့ညနေ ၄နာရီက လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ကျင်းပရာ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်း- နှစ်ဂိုး။ (ဇင်မာဝမ်း)

ကနေဒါအေအိုင်အေလက်ရွေးစင် အမျိုးသမီးအသင်း- တစ်ဂိုး။ [နံပါတ်(၄)၊ Lindsay Rohla]

ဒိုင်လူကြီး- ဦးထွန်းထွန်း။

ခြေစွမ်းခြေစ တိုးတက်ကောင်းမွန်လာကာ နိုင်ငံတကာပြိုင်ပွဲများတွင် အထိုက်အလျောက် အောင်မြင်မှုရလာပြီဖြစ်သော မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းမှာ ယနေ့ခြေစမ်းပွဲတွင် ထင်သလောက် ခြေစွမ်းမပြနိုင်ခဲ့ပေ။

ပထမပိုင်းအစတွင် မြန်မာအမျိုးသမီးတို့က တောက်လျှောက်ဖိကစားနေရာမှ ၂၅မိနစ်တွင် အေအိုင်အေက တန်ပြန်တိုက်စစ်မှတစ်ဆင့် ထောင့်ကန်ဘောရသွားသည်။ ထိုထောင့်ကန်ဘောကို နံပါတ်(၄) Lindsay Rohla က တိုက်ရိုက်ကန်သွင်းရာ ဂိုးထဲသို့ ဝေ့ဝိုက်ဝင်သွား၍ အေအိုင်အေ ဂိုးစတင်ရရှိသွားသည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းက ချေပဂိုး ရရှိရေးအားကုန်ထုတ်လာရာ မိနစ် ၄၀တွင် ဇင်မာဝမ်းက ချေပဂိုး ပြန်လည်သွင်းယူလိုက်သည်။

ဒုတိယပိုင်းအစ နှစ်မိနစ်မပြည့်မီမှာပင် ဇင်မာဝမ်းက မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းအတွက် အနိုင်ဂိုးကို သွင်းယူသွားသည်။ ထို့နောက် ပိုင်းတွင် မြန်မာအမျိုးသမီးတို့ ဂိုးဆက်တိုက်သွင်းခွင့် ရသော်လည်း အေအိုင်အေဂိုးသမား ကောင်းလွန်း၍ ဂိုးထပ်မရဘဲ ပွဲအပြီး နှစ်ဂိုး-တစ်ဂိုးဖြင့်သာ အနိုင်ရခဲ့ခြင်းဖြစ်သည်။

ချစ်ကြည်ရေးခြေစမ်းပြိုင်ပွဲ ဒုတိယပွဲစဥ်ကို ဩဂုတ် ၁၉ရက် ညနေ ၄နာရီတွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်း၌ ကျင်းပမည်ဖြစ်သည်။ (ကြေးမုံ)

ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲစတင်ယှဥ်ပြိုင် မန်ယူနှင့် အာစင်နယ် ပွဲဦးထွက် နိုင်ပွဲရ

လန်ဒန် ဩဂုတ် ၁၇

ယခုနှစ် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲကို ယမန်နေ့က စတင်ယှဥ်ပြိုင်ကစားကြရာ လက်ရှိချန်ပီယံ မန်ချက်စတာယူနိုက်တက်အသင်းနှင့် ယမန်နှစ် ပရီမီယာလိဂ်ပြိုင်ပွဲတွင် အဆင့်(၁၇) နေရာ ရခဲ့သည့် ဘော်လတန်အသင်းတို့ အိုးထရက်ဖို့ဒ်ကစားကွင်းတွင် ယှဥ်ပြိုင်ကစားကြရာ မန်ယူက လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မန်ယူအသင်းမှ ဒေးဗစ်ဘက်ဟမ်း ပရီမီယာလိဂ်ပြိုင်ပွဲမကျင်းပမီ စပိန်ရီးယဲလ်မဒရစ်သို့ ပြောင်းရွှေ့ပြီးနောက် ဘက်ဟမ်း မပါဝင်ဘဲ ပထမဆုံး ယှဥ်ပြိုင်သည့် ပွဲလည်းဖြစ်သည်။ မန်ယူအသင်းအတွက် ပထမဆုံးဂိုးကို ၇၄မိနစ်တွင် ရှိုင်ယန်ဂစ်က ဘော်လတန် ဂိုးပေါက်ဝမှ မီတာ ၂၀အကွာမှ နေ၍ အလွတ်တည်ကန်ဘောမှ တစ်ဆင့် သွင်းယူခဲ့ခြင်းဖြစ်သည်။

နောက်သုံးမိနစ်အကြာ ၇၇မိနစ်တွင် ဂစ်ကပင် ဒုတိယဂိုး သွင်းယူခဲ့သည်။ တတိယဂိုးကို ပေါလ်စခိုးလ်က ၈၇မိနစ်တွင် သွင်းယူခဲ့ပြီး ဗင်နစ္စတယ်ရွိုင်းက စတုတ္ထမြောက်ဂိုးကို သွင်းယူခဲ့သည်။

မန်ချက်စတာယူနိုက်တက် အသင်းမန်နေဂျာ အလက်စ်ဖာဂူဆန်သည် မန်ယူအသင်း၏ ပွဲဦးထွက်ပွဲတွင် ဒုတိယပိုင်း၌ ကစားသမားနှစ်ဦးတို့ကို လူစားထိုးခဲ့သည်။ ၎င်းတို့နှစ်ဦးမှာ အသက် (၁၈)နှစ်အရွယ် ပေါ်တူဂီကစားသမား ခရစ္စတီယာနိုရိုနယ်ဒိုနှင့် အဲရစ်ဒီဂျမ်ဘာဂျမ်ဘာတို့ဖြစ်သည်။

အားရကျေနပ်

ခရစ္စတီယာနိုသည် ဒေးဗစ်ဘက်ဟမ်း ဝတ်နေကျ နံပါတ် (၇) အားကစား ဝတ်စုံကို ဝတ်ဆင်ကစားသည်။ ပွဲဦးထွက် ကစားသော်လည်း ခြေစွမ်းပြကစားနိုင်သဖြင့် ပွဲကြည့်ပရိသတ်က အားရကျေနပ်ကြသည်။

ဟိုက်ဘာရီတွင် ကျင်းပသည့် အာစင်နယ်နှင့် အဲဗာတန်တို့ပွဲတွင် အာစင်နယ်က နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အာစင်နယ်အသင်းမှာ ပထမပိုင်းမှာပင် အင်္ဂလန်အသင်းနောက်ခံလူ ဆိုးလ်ကင့်ဘဲလ်သည် အဲဗာတန်မှ သောမတ်စ်ဂရာဗီဆင်ကို တွန်းတိုက်ကစားသဖြင့် အထုတ်ခံရပြီး ၁၀ဦးတည်းဖြင့် ကစားသွားခဲ့ရသည်။

အမ်အင်အေ၊ရိုက်တာ။

KHIND ခင်ကမ္ဘာ Electrical Home Appliances

WARRANTY ဖြင့် အထူးလျှော့ဈေးနှုန်းကာလ

(၁) EI 402 Non Stick (11200)/ EI 802 Non Stick (12500)ကျပ်၊ EI 803 Steam နှင့် Non Stick (13000/) ကျပ်၊ EI 1002 Non Stick) 11800ကျပ်၊
(၂) Grill Microwave (23) လီတာ (Micro နှင့် ...) Digital (163000 ကျပ်) EI 802-12500 ... Non Stick ...
(၃) Fully Auto 6 Kg water fall ... washing machine (210000 ကျပ်) EI 402 - 11200 ... Non stick ...
Slow Cooker ... Air Pot ... Hair Dryer ...
❖ Warranty 3 နှစ် ... KHIND ... City Mart(I to VI)၊ Super One ... Golden City ... Blazon ... Ph: 200682) ... Victoria ...
Service Centre ... ☎ : (01) 700904, (01) 240935

ဝါဝါဝင်းမှ တိုက်ခန်းများ ရောင်းချရန်

V-Pile Foundation ၊ (၁၁)ပေ ... (Export Quality) ၊ တယ်လီဖုန်း (PABX) ၊ Kitchen Cabinet & Counter ၊ 2" ... (Central) ... Indoor / Without Carparking ...

ပါရမီအိမ်ရာစီမံကိန်း ➪ (ရန်ကုန်အင်းစိန်လမ်းနှင့် ပါရမီလမ်းထောင့်)ရှိ (၈) ခန်းတွဲ (၇) ထပ်တိုက်
၁၃၅၀ sqft - M.B (၁) ခန်း၊ Bed (၂) ခန်း
၈၀၀ sqft - M.B (၁) ခန်း၊ Bed (၁) ခန်း

တော်ဝင်သီရိရိပ်သာ ➪ (ပြည်လမ်းနှင့် တော်ဝင်လမ်းထောင့်)ရှိ (၄)ခန်းတွဲ (၁၂)ထပ်တိုက်
၁၅၀၀ sqft - M.B (၁) ခန်း၊ Bed (၂) ခန်း
(ရေကူးကန်) ပါဝင်သည်။

ဝါဝါဝင်း
Ph:250650, 09-500-7499 . Fax : 250753
E.mail : W.W.W @ mptmail.net.mm

လားရှိုးခရိုင် ဆင်းရွှေလီစပါး ထွန်တုံးပိတ်ပွဲကျင်းပ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် တက်ရောက်အားပေး

လားရှိုး ဩဂုတ် ၁၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် ၂၀၀၃ခုနှစ် အထူးအထွက်တိုး ဆင်းရွှေလီမိုးစပါးထွန်တုံးပိတ်ပွဲနှင့် နွေစပါးစိုက်ပျိုးမှု အကောင်းဆုံးဆုရ လယ်သမားများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ဟူးမွန်ဆည်ရေသောက် ဦးစောကျော်၏ လယ်မြေ၌ ဩဂုတ် ၇ရက် နံနက် ၇နာရီခွဲက ကျင်းပရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်ပိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် တက်ရောက်အားပေးသည်။

အခမ်းအနားတွင် တိုင်းမှူးက အမှာစကားပြောကြားပြီး လားရှိုးခရိုင်အတွင်း စိုက်ပျိုးပြီးစီးမှုအခြေအနေကို ခရိုင် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရွှေကလည်းကောင်း၊ ဝမ်းစာစပါးဖူလုံရေးနှင့် သီးနှံစိုက်ပျိုးမှုအခြေအနေကိုပြည်နယ် စိုက်ပျိုးရေးမန်နေဂျာ ဦးလှကြီးကလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်က စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့များအားလည်းကောင်း၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် လှမြင့်က နွေစပါးစိုက်ပျိုးမှု အကောင်းဆုံးဆုရရှိသော တောင်သူလယ်သမားများအားလည်းကောင်း ဆုများချီးမြှင့်ကြပြီး ဟူးမွန်ဆည်ရေသောက်ကွင်း ဦးပိုင်အမှတ် ၁၂/၆၉ လယ်မြေတွင် ဆင်းရွှေလီအထူးအထွက်တိုး စပါးကို တပျော်တပါး ထွန်တုံးပိတ်စုပေါင်းစိုက်ပျိုးကြသည်။ (၅၃၃)

သာယာဝတီမြို့နယ် ဆွမ်းဆန်စိမ်းလောင်းလှူ

သာယာဝတီ ဩဂုတ် ၁၀

သာယာဝတီ မြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို ဇူလိုင် ၂၁ ရက် နံနက် ၁၀ နာရီက သာယာဝတီမြို့ ဆရာစံခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဆရာတော်ကြီးများထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ကာ ခရိုင်ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးသိန်းလွင်နှင့်ဇနီး ဒေါ်ခင်မေအောင်၊ မြို့နယ် ဥက္ကဋ္ဌ ဦးလှအောင်နှင့် တာဝန်ရှိသူများက ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်း ဆက်ကပ်ကြသည်။

ဆက်လက်၍ မွန်းလွဲ ၁ နာရီတွင် မြို့နယ်အတွင်းရှိ ကျောင်းပေါင်း ၁၈၂ ကျောင်းမှ ဝါဆိုသံဃာ တော်နှင့် သီလရှင် ၁၁၅၆ ပါးတို့အား ဆန် ၅၇၈ အိတ်နှင့် လှူဖွယ်ဝတ္ထုပစ္စည်း တန်ဖိုးငွေကျပ် သုံးသိန်းကျော်ကို စုပေါင်းလောင်းလှူကြသည်။ **(ခရိုင်ပြန်/ဆက်)**

ရောဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကြံခင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ရှိသူများလိုက်ပါလျက် အုတ်တွင်း–ရေနံတောင် ကျေးလက် ကျောက်ချော လမ်းခင်း ဆောင်ရွက်မှုအခြေအနေကို ဩဂုတ် ၇ရက်က ကွင်းဆင်းစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

ရေသယံဇာတ ပေါကြွယ်ဝစေရေး ရောဝတီမြစ်တွင်းသို့ ငါးမျိုးစိုက်ထည့်

ကသာ ဩဂုတ် ၅

မြစ်ချောင်းများအတွင်းရေသယံဇာတ ပေါကြွယ်ဝစေရေး ရည်မှန်းချက်ဖြင့် ကသာခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ရောဝတီမြစ်အတွင်း ငါးမြစ်ချင်းသားပေါက်မျိုး စိုက်ထည့်လွှတ်ခြင်း အခမ်းအနားကို ဇူလိုင် ၃၀ ရက် ကသာမြို့ ကမ်းနားလမ်းတွင်ကျင်းပရာ စစ်ကိုင်းတိုင်း တိုင်းအုပ်ချုပ်ရေးမှူး ဦးဇော်ဝင်း၊ တိုင်းငါးလုပ်ငန်း ဦးစီးမှူး ဦးဝင်းသိန်းစိုး၊ မွေးမြူရေးနှင့် ကုသရေး တိုင်းဦးစီးမှူး ဒေါက်တာ စိန်လှိုင်၊ ကသာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူး ဆန်းဝင်းလှိုင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးတင်နု၊ ကသာခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးလှထွန်းနှင့် ဝန်ထမ်းများ၊ ရေလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

သိန်း ၅၀

အခမ်းအနားတွင် တာဝန်ရှိသူများက ငါးမြစ်ချင်းသားပေါက်ကောင်ရေ သိန်း ၅၀ ကို ရောဝတီမြစ်အတွင်း စိုက်ထည့် လွှတ်ပေးကြသည်။ **(အပေါ်ပုံ) (၄၈၄)**

မြို့နယ်သတင်းများ

ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်

သာစည် ဩဂုတ် ၂

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ဒေသခံ ကျေးရွာလူထုနှင့် ပူးပေါင်း၍ မြို့နယ်အတွင်း ကျေးရွာချင်းဆက်လမ်းများကို စီမံချက်ချမှတ် ဖောက်လုပ်လျက်ရှိသည်။

အဆိုပါ ဖောက်လုပ်လျက်ရှိသော ကျေးရွာချင်းဆက်လမ်းများမှာ ညောင်ရမ်းကျေးရွာအုပ်စုလမ်း၊ ဥသျှစ်ကုန်းကျေးရွာအုပ်စုလမ်း၊ ထနောင်းကန်ကျေးရွာ အုပ်စုလမ်း၊ မကျီးဦးကျေးရွာအုပ်စုလမ်းနှင့် ဇီးတောအိုင်ကျေးရွာအုပ်စုလမ်းများဖြစ်ကြသည်။

ဖောက်လုပ်ပြီးမြေသားလမ်းများ ခိုင်မာစေရေးအတွက် စည်ပင်သာယာရေးအဖွဲ့ပိုင် လမ်းကြိတ်စက်ဖြင့်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၂ ရက်က အမှုဆောင်အရာရှိ ဦးလှသောင်းနှင့် အင်ဂျင်နီယာအဖွဲ့သည် လမ်းခင်းလုပ်ငန်းခွင်သို့ ကွင်းဆင်းသွားရောက်ပြီး လုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ပေးကြသည်။ **(ယာပုံ)** (၄၂၅)

ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ် ရဲတပ်ဖွဲ့ပိုင် စပါးစိုက်ခင်း ၁၀ဧကတွင် ဇူလိုင်၂၀ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ဒု–ရဲမှူးစိုင်းထွန်းလှအေးနှင့် ရဲတပ်ဖွဲ့ဝင်များ အထူးအထွက်ကောင်း ဆင်းရွှေလီစပါးမျိုး စုပေါင်းစိုက်ပျိုးကြစဉ်။

(၂၄၂)

ခုခံအားကျရောဂါ ပညာပေးသင်တန်းဖွင့်

ပြည် ဩဂုတ် ၁၂

ပဲခူးတိုင်း ပြည်မြို့ ခုခံအားကျဆင်းမှုရောဂါနှင့် ကာလသားရောဂါ တိုက်ဖျက်ရေးအဖွဲ့ အုပ်စုတူ အချင်းချင်း ပညာပေးလုပ်ငန်း သင်တန်းဖွင့်ပွဲကို ဩဂုတ် ၈ ရက်က အဖွဲ့ရုံးခန်း၌ကျင်းပရာ ပြည်မြို့ ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းကိုကို နှင့် စီမံချက် မန်နေဂျာ ဒေါက်တာ လှထွဋ်လွင်တို့က အဖွင့်အမှာစကား ပြောကြားကြပြီး လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာထွန်းမြင့် နှင့် အဖွဲ့ခေါင်းဆောင် ဆရာဝန် ဒေါက်တာထင်အောင်တို့က သင်တန်းပို့ချကြသည်။

အဆိုပါ သင်တန်းသို့သင်တန်းသူ ၂၅ဦး တက်ရောက်ကြသည်။**(က–ပ)**

လှိုင်းဘွဲမြို့နယ် တခင်းလုံကျေးရွာ ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်ဖွင့်

လှိုင်းဘွဲ ဩဂုတ် ၈

လှိုင်းဘွဲမြို့နယ် တခင်းလုံကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်ဖွင့်ပွဲကို ဩဂုတ် ၃ ရက် နံနက် ၁၀ နာရီက ကျေးရွာစာကြည့်တိုက် ရှေ့ရှိ မြက်ခင်းပြင်ပေါ်တွင် ကျင်းပသည်။

— ဖဲကြိုးဖြတ်ဖွင့်လှစ် —

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဇောလှနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးစောမြရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌက နယ်မြေအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှင်းလင်းပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးက စာကြည့်တိုက်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။ **(မြို့နယ်ပြန်/ဆက်)**

လားရှိုးခရိုင် ဆင်းရှေလီစပါး ထွန်တုံးပိတ်ပွဲကျင်းပ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် တက်ရောက်အားပေး

လားရှိုး ဩဂုတ် ၁၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် ၂၀၀၃ခုနှစ် အထူးအထွက်တိုး ဆင်းရှေလီမိုးစပါးထွန်တုံးပိတ်ပွဲနှင့် နွေစပါးစိုက်ပျိုးမှု အကောင်းဆုံးဆုရ လယ်သမားများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ဟူးမွန်ဆည်ရေသောက် ဦးစောကျော်၏ လယ်မြေ၌ ဩဂုတ် ၇ရက် နံနက် ၇နာရီခွဲက ကျင်းပရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်ပိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် တက်ရောက်အားပေးသည်။

အခမ်းအနားတွင် တိုင်းမှူးက အမှာစကားပြောကြားပြီး လားရှိုးခရိုင်အတွင်း စိုက်ပျိုးပြီးစီးမှုအခြေအနေကို ခရိုင် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရွှေကလည်းကောင်း၊ ဝမ်းစာစပါးဖူလုံရေးနှင့် သီးနှံစိုက်ပျိုးမှုအခြေအနေကိုပြည်နယ် စိုက်ပျိုးရေးမန်နေဂျာ ဦးလှကြီးကလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်က စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့များအားလည်းကောင်း၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် လှမြင့်က နွေစပါးစိုက်ပျိုးမှု အကောင်းဆုံးဆုရရှိသော တောင်သူလယ်သမားများအားလည်းကောင်း ဆုများချီးမြှင့်ကြပြီး ဟူးမွန်ဆည်ရေသောက်ကွင်း ဦးပိုင်အမှတ် ၁၂/၆၉ လယ်မြေတွင် ဆင်းရှေလီအထူးအထွက်တိုး စပါးကို တပျော်တပါး ထွန်တုံးပိတ်စုပေါင်းစိုက်ပျိုးကြသည်။ (၅၃၃)

သာယာဝတီမြို့နယ် ဆွမ်းဆန်စိမ်းလောင်းလှူ

သာယာဝတီ ဩဂုတ် ၁၀

သာယာဝတီ မြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို ဇူလိုင် ၂၁ရက် နံနက် ၁၀ နာရီက သာယာဝတီမြို့ ဆရာစံခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဆရာတော်ကြီးများထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ကာ ခရိုင်ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးသိန်းလွင်နှင့်ဇနီး ဒေါ်ခင်မေအောင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးလှအောင်နှင့် တာဝန်ရှိသူများက ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်း ဆက်ကပ်ကြသည်။

ဆက်လက်၍ မွန်းလွဲ ၁ နာရီတွင် မြို့နယ်အတွင်းရှိ ကျောင်းပေါင်း ၁၈၂ ကျောင်းမှ ဝါဆိုသံဃာတော်နှင့် သီလရှင် ၁၁၅၆ ပါးတို့အား ဆန် ၅၇၈ အိတ်နှင့် လှူဖွယ်ဝတ္ထုပစ္စည်း တန်ဖိုးငွေကျပ် သုံးသိန်းကျော်ကို စုပေါင်းလောင်းလှူကြသည်။ (ခရိုင်ပြန်/ဆက်)

ရောဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကြံခင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ရှိသူများလိုက်ပါလျက် အုတ်တွင်း-ရေနံတောင် ကျေးလက် ကျောက်ချော လမ်းခင်း ဆောင်ရွက်မှုအခြေအနေကို ဩဂုတ် ၇ရက်က ကွင်းဆင်းစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

ရေသယံဇာတ ပေါကြွယ်ဝစေရေး ရောဝတီမြစ်တွင်းသို့ ငါးမျိုးစိုက်ထည့်

ကသာ ဩဂုတ် ၅

မြစ်ချောင်းများအတွင်းရေသယံဇာတ ပေါကြွယ်ဝစေရေး ရည်မှန်းချက်ဖြင့် ကသာခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ရောဝတီမြစ်အတွင်း ငါးမြစ်ချင်းသားပေါက်မျိုး စိုက်ထည့်လွှတ်ခြင်း အခမ်းအနားကို ဇူလိုင် ၃၀ ရက် ကသာမြို့ ကမ်းနားလမ်းတွင်ကျင်းပရာ စစ်ကိုင်းတိုင်း တိုင်းအုပ်ချုပ်ရေးမှူး ဦးဇော်ဝင်း၊ တိုင်းငါးလုပ်ငန်း ဦးစီးမှူး ဦးဝင်းသိန်းစိုး၊ မွေးမြူရေးနှင့် ကုသရေး တိုင်းဦးစီးမှူး ဒေါက်တာ စိန်လှိုင်၊ ကသာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး ဗိုလ်မှူး ဆန်းဝင်းလှိုင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးတင်နု၊ ကသာခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးလှထွန်းနှင့် ဝန်ထမ်းများ၊ ရေလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

သိန်း ၅၀

အခမ်းအနားတွင် တာဝန်ရှိသူများက ငါးမြစ်ချင်းသားပေါက်ကောင်ရေ သိန်း ၅၀ ကို ရောဝတီမြစ်အတွင်း စိုက်ထည့် လွှတ်ပေးကြသည်။ (အပေါ်ပုံ) (၄၈၄)

မြို့နယ်သတင်းများ

ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်

သာစည် ဩဂုတ် ၂

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ဒေသခံ ကျေးရွာလူထုနှင့် ပူးပေါင်း၍ မြို့နယ်အတွင်း ကျေးရွာချင်း ဆက်လမ်းများကို စီမံချက်ချမှတ် ဖောက်လုပ်လျက်ရှိသည်။

အဆိုပါ ဖောက်လုပ်လျက်ရှိသော ကျေးရွာချင်းဆက် လမ်းများမှာ ညောင်ရမ်းကျေးရွာအုပ်စုလမ်း၊ ဥသျှစ်ကုန်း ကျေးရွာအုပ်စုလမ်း၊ ထနောင်းကန်ကျေးရွာ အုပ်စုလမ်း၊ မကျီးဦးကျေးရွာအုပ်စုလမ်းနှင့် ဇီးတောအိုင်ကျေးရွာအုပ်စု လမ်းများဖြစ်ကြသည်။

ဖောက်လုပ်ပြီးမြေသားလမ်းများ ခိုင်မာစေရေးအတွက် စည်ပင်သာယာရေးအဖွဲ့ပိုင် လမ်းကြိတ်စက်ဖြင့်ဆောင်ရွက် လျက်ရှိရာ ဇူလိုင် ၁၂ ရက်က အမှုဆောင်အရာရှိ ဦးလှသောင်းနှင့် အင်ဂျင်နီယာအဖွဲ့သည် လမ်းခင်းလုပ်ငန်းခွင်သို့ ကွင်းဆင်းသွားရောက်ပြီး လုပ်ငန်းများကို ကြီးကြပ် ဆောင်ရွက်ပေးကြသည်။ (ယာပုံ) (၄၂၅)

ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ် ရဲတပ်ဖွဲ့ပိုင် စပါးစိုက်ခင်း ၁၀ဧကတွင် ဇူလိုင်၂၀ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ဒု-ရဲမှူးစိုင်းထွန်းလှအေးနှင့် ရဲတပ်ဖွဲ့ဝင်များ အထူး အထွက်ကောင်း ဆင်းရှေလီစပါးမျိုး စုပေါင်းစိုက်ပျိုးကြစဉ်။ (၂၄၂)

ခုခံအားကျရောဂါ ပညာပေးသင်တန်းဖွင့်

ပြည် ဩဂုတ် ၁၂

ပဲခူးတိုင်း ပြည်မြို့ ခုခံအားကျဆင်းမှုရောဂါနှင့် ကာလသားရောဂါ တိုက်ဖျက်ရေးအဖွဲ့ အုပ်စုတူ အချင်းချင်း ပညာပေးလုပ်ငန်း သင်တန်းဖွင့်ပွဲကို ဩဂုတ် ၈ ရက်က အဖွဲ့ရုံးခန်း၌ကျင်းပရာ ပြည်မြို့ ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းကိုကိုနှင့် စီမံချက် မန်နေဂျာ ဒေါက်တာ လှထွဋ်လွင်တို့က အဖွင့်အမှာစကား ပြောကြားကြပြီး လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာထွန်းမြင့်နှင့် အဖွဲ့ခေါင်းဆောင် ဆရာဝန် ဒေါက်တာထင်အောင်တို့က သင်တန်းပို့ချကြသည်။

အဆိုပါ သင်တန်းသို့သင်တန်းသူ ၂၅ဦး တက်ရောက်ကြသည်။(က-ပ)

လှိုင်းဘွဲမြို့နယ် တခင်းလုံကျေးရွာ ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်ဖွင့်

လှိုင်းဘွဲ ဩဂုတ် ၈

လှိုင်းဘွဲမြို့နယ် တခင်းလုံကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်ဖွင့်ပွဲကို ဩဂုတ် ၃ ရက် နံနက် ၁၀ နာရီက ကျေးရွာစာကြည့်တိုက် ရှေ့ရှိ မြက်ခင်းပြင်ပေါ်တွင် ကျင်းပသည်။

— ဖဲကြိုးဖြတ်ဖွင့်လှစ် —

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဇောလှနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးစောမြရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌက နယ်မြေအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှင်းလင်းပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးက စာကြည့်တိုက်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။ (မြို့နယ်ပြန်/ဆက်)

FMI GARDEN DEVELOPMENT LIMITED

Orchid Gardens

သစ်ခွဥယျာဉ်မြေကွက်များနှင့်
ခန့်ညားသောမြေကွက်များရောင်းချမည့်

"FMI CITY"

(၂၀–၈–၂၀၀၃) မှ (၃–၉–၂၀၀၃) ရက်နေ့အရောင်းပွဲတော်အတွင်း အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည်။

ပေ (၈၀×၈၀) မြေကွက်များ၊
နေချင်စဖွယ် ကုမ္ပဏီမှ
သတ်မှတ်ပေးထားသော
တစ်ထပ်တိုက်အိမ်ပုံစံ
ဆောက်လုပ်နိုင်သည်၊
(၅၀%)ကိုအရစ်ကျ
လစဉ်ခွဲသွင်းနိုင်သည်၊

ပေ (၈၀× ၈၀) ရှိ သစ်ခွဥယျာဉ်မြေကွက်များ
ကုမ္ပဏီမှ သတ်မှတ်ပေးထားသော
သစ်ခွဥယျာဉ်ပုံစံများဆောက်လုပ်နိုင်သည်၊
(၅၀%)ကို အရစ်ကျလစဉ်ခွဲသွင်းနိုင်သည်၊

ကုမ္ပဏီမှတိုက်ရိုက်ဝယ်ယူခြင်းဖြင့် –
(၁) အမည်ပေါက် နှစ် (၆၀) ဂရံ၊ ရေ/မီးအပြည့်အစုံ။
(၂) ဝယ်ယူသူမှအခွန်ပေးဆောင်ရန်မလိုပါ။
(၃) အရစ်ကျငွေချေစနစ်ဖြင့်ဝယ်ယူနိုင်သည်။

စိတ်ချမ်းသာစွာနေချင်လျှင်
စိတ်ချမ်းသာဖို့ကောင်းတဲ့ဝန်ဆောင်မှုတွေအများကြီးရှိတဲ့နေရာမှာနေမှဖြစ်မယ်။

ပေ (၈၀×၈၀) မြေပေါ်ရှိ ပြင်ဆင်ပြီး
လုံးချင်းနှစ်ထပ်တိုက်အိမ်များ၊
နှစ် (၆၀) ဂရံအမည်ပေါက်၊
အရစ်ပေါင်း (၆၀) အထိ
လစဉ်အရစ်ကျ
ငွေပေးချေ
နိုင်သည့်စနစ်၊

ပေ (၈၀×၁၀၀) ရှိ မြေကွက်များ၊
စိတ်ကြိုက်အိမ်ပုံစံဆောက်လုပ်နိုင်ပြီးရေကန်နှင့်ကပ်လျက်ရှိသော
ခန့်ညားသောမြေကွက်များနှင့် မျက်နှာချင်းဆိုင်တွင်တည်ရှိသည်၊
စိတ်အေးချမ်းသာစွာအနားယူနိုင်မည့်နေရာ၊
(၅၀%)ကို အရစ်ကျ လစဉ်ခွဲသွင်းနိုင်သည်၊

FMI City အရှေ့နောင်တံတားအနီး ရန်ကုန်-ပုသိမ်လမ်းမကြီးဘေး၊
လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၆၈၂၄၄၅ လိုင်းခွဲအမှတ် (၁၀၀၃၊၁၀၀၅၊၁၀၀၆) Fax:681955, Email: fmi-city@spa.com.mm

အဝနောင်ရေးစိတ်အေးဖို့ သင့်ရင်းငွေကိုအသုံးချပါ

Pun Hlaing Golf Estate

Lifestyle. Investment.

သင်၏ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍ အသေးစိတ်ဆွေးနွေးရန် ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာသို့ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း၊ တယ်လီဖုန်းဖြင့်သော်လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

(၂၀–၈–၂၀၀၃) မှ (၃–၉–၂၀၀၃) အတွင်း တန်ဖိုးရှိသောမြေကွက်များကို အထူးဈေးနှုန်းဖြင့်ရောင်းချပေးနေပါသည်။

ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကျွမ်းကျင်သူများက သင့်အားလက်ခံဆွေးနွေးရန် အမြဲအသင့်ရှိနေပါသည်။

ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

☎ - ၆၈၄၀၂၀ ~ ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ယဉ်ကျေးမှုဝန်ကြီးဌာန
အနုပညာဦးစီးဌာန
လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန

ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)နှင့် FOREVER GROUP

တို့ ပူးပေါင်းဖွင့်လှစ်သည့်

အနုပညာကွန်ပျူတာဒီပလိုမာသင်တန်း

DIPLOMA IN COMPUTER ARTS (Dip. CA)

လျှောက်လွှာခေါ်ယူခြင်း

၁။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)နှင့် Forever Group တို့ပူးပေါင်းဖွင့်လှစ်သည့် ၂၀၀၃–၂၀၀၄ပညာသင်နှစ် အနုပညာကွန်ပျူတာ ဒီပလိုမာသင်တန်းများ တက်ရောက်ရန် အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်။
(က) ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အခြေခံပညာအထက်တန်းစာမေးပွဲကို (က)အဆင့်(သို့မဟုတ်) တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးဖြစ်ရမည်။
(ဂ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲ၏ ထောက်ခံချက်တင်ပြရမည်။

၂။ **သင်တန်းများ**

Specialized in "Video/Audio Production"

Level 1. Graphic Production for Exporting Any Media	(၂)လ
Level 2. Video/Audio Production, Motion Graphics & Visual Effects	(၄)လ
Level 3. Character Animation & Advanced Media	(၄)လ

Specialized in "Multimedia & Infocom Technology"

Level 1. Graphic Production for Exporting Any Media	(၂)လ
Level 2. Rich Media Content Creation, Interactive TV & Streaming Video	(၄)လ
Level 3. Multimedia & Information Communication Technology	(၄)လ

ဒီပလိုမာသင်တန်းကာလ စုစုပေါင်း(၁၀)လ ကြာမြင့်မည်ဖြစ်ပါသည်။

၃။ **သင်တန်းတည်နေရာ**
– ကုမုဒြာခန်းမ (ပန်းချီပန်းပုကျောင်းဝင်း) အမှတ်(၈)၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၄။ သင်တန်းများကို(၂၁–၁၀–၂၀၀၃)နေ့တွင် စတင်ဖွင့်လှစ်ပါမည်။

၅။ လျှောက်ထားသူများသည် သတ်မှတ်လျှောက်လွှာပုံစံတွင် ပြည့်စုံစွာဖြည့်စွက်ပြီး (၁၀)တန်းအောင်လက်မှတ်မူရင်း(သို့)အမှတ်စာရင်းမူရင်းနှင့်အတူ (၂၀–၈–၂၀၀၃)ရက်နေ့ နောက်ဆုံးထား၍ ကုမုဒြာခန်းမ (ပန်းချီပန်းပုကျောင်းဝင်း)သို့ တိုက်ရိုက်လျှောက်ထားနိုင်ပါသည်။

၆။ လျှောက်လွှာများကို အောက်ပါလိပ်စာများတွင် ပိတ်ရက်မရှိ ဝယ်ယူနိုင်ပါသည်။ (သင်တန်းချိန်ရွေးချယ်မှုတွင် ဦးရာလူစနစ်ဖြစ်ပါသည်။)

Forever Group Co.,Ltd.
၁၇၃/၁၇၅၊ ပန်းဆိုးတန်းလမ်း(အလယ်)
ဖုန်း– (၀၁)၇၀၁၁၈၀၊ ၂၅၆၂၆၅

ကုမုဒြာခန်းမ(ပန်းချီပန်းပုကျောင်းဝင်း)
အမှတ်(၈)၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း– (၀၁)၇၂၈၇၁၆၊ ၇၂၈၇၁၇

၂၀၀၃–၂၀၀၄ ပညာသင်နှစ်တွင် Broadcast Studio တစ်ခုလုံး၏ စွမ်းဆောင်ရည် အပြည့်အစုံအတိုင်း သုံးစွဲနိုင်သည့် Globe Caster All In One Studio Solution ကို ဖြည့်စွက်၍ လက်တွေ့သင်ကြားခြင်းနှင့် Bagan Cybertech ၏ Broadband Internet/Intranet Facilities များနှင့် နည်းပညာအသစ်များ၊ သင်ကြားရေး အထောက်အကူပြု ပစ္စည်းအသစ်များကို ဖြည့်စွက်ထားပါသည်။ လုပ်ငန်းခွင်တွင် ပိုမိုကျွမ်းကျင်စွာ အသုံးချနိုင်ရေးကို ရှေးရှု၍ စာသင်ချိန်နှင့် စက်သုံးချိန်များကို ရက်သတ္တပတ်တွင် ၁၉နာရီအထိ တိုးမြှင့်သင်ကြားပါမည်။ ဒီပလိုမာသင်တန်းပြီးမြောက်ပါက ခေတ်မီကွန်ပျူတာ နည်းပညာများအသုံးပြု၍ မြန်မာ့ယဉ်ကျေးမှုအနုပညာများကို ထိန်းသိမ်းကြမည့် ပညာရှင်များ၊ လူထုဆက်ဆံရေး နယ်ပယ်အသီးသီးတွင် အသုံးဝင်သော ဂရပ်ဖစ်ဒီဇိုင်းပညာရှင်များ၊ ရုပ်သံကျွမ်းကျင်နှင့် ကမ္ဘာအနှံ့သို့ ရုပ်မြင် ဆက်သွယ်ပြန်ကြားမှု အတတ်ပညာရှင်များ၊ Web Designer များ၊ Rich Media Content Creator များ၊ Multimedia သတင်းအချက်အလက် ဆက်သွယ်ဖြန့်ချိမှု နည်းပညာကျွမ်းကျင်သူ Multimedia Developer များအဖြစ် အသက်မွေးဝမ်းကျောင်းပြုနိုင်ပြီး Information Age တွင် ရပ်တည်နိုင်ပါမည်။ ကျွမ်းကျင်မှုအရည်အချင်းအလိုက် ကျောင်းချိန်ပြင်ပတွင် On Job Training များ ပေးခြင်းအပြင် ပြည်ပနိုင်ငံများတွင် ပညာဆက်လက်သင်ကြားနိုင်ရန်နှင့် ပြည်တွင်းပြည်ပတွင် အလုပ်ရရှိစေရန် ပံ့ပိုးမှုများ ပြုလုပ်ပေးသွားပါမည်။

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန
ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)
အောင်ဇေယျလမ်း၊ (၂၆)ရပ်ကွက်၊
ဒဂုံမြို့သစ်တောင်ပိုင်း၊ ရန်ကုန်။

လက်ထပ်ထိမ်းမြားပြီးစီးခြင်း

ရန်ကုန်မြို့နေ(ဦးခင်မောင်ရင်)ညွှန်ကြားရေးမှူး(ငြိမ်း)ကညန–
ဒေါ်သန်းသန်းအေးတို့၏သား

မောင်အောင်ဇော် B.Sc(Physics), Cheif Mate
(Advanced Diploma in Maritime Transportation)
S' pore Maritime Academy

နှင့်

ရန်ကုန်မြို့နေ(ဗိုလ်မှူးဝင်းနိုင်)– ဒေါ်မြင့်မြင့်နိုင်တို့၏သမီး

မအေးအေးနိုင် B.A(English) (Hons;)
J &˚J CO.,LTD.

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူခွင့်ပြုချက်ဖြင့် လက်ထပ်ထိမ်းမြားပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်အောင်ဇော်–မအေးအေးနိုင်။

Air Con Bus, Restaurant, Hotel

MT&K Tourism Co.,Ltd

Yan Aung

1 Ex Saloon, Super Saloon, Double Cab, Pick-up, Saloons
ITO Co.,LTD

MPEC
Queen Star Computer Center နှင့်
MIT တို့ ပူးပေါင်းဖွင့်လှစ်သည့်
Java Fundamental Course
- J2SE
- Java Bean
- Applet
- Servelet
- JSP 2.0

Special Discount

Java Fundamental သင်တန်းကိုတက်ရောက်အောင်မြင်ပြီးသူများသည် OS Independent Application များကိုလွယ်ကူစွာ ရေးသားနိုင်မည် ဖြစ်ပါသည်။

Time : Sat & Sun (8 to 10 a.m.)

Ph: 502801, 505278, 539151, 652265, 652116

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာန
ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန
၁၂၃၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
၂၀၀၄–၂၀၀၅ပညာသင်နှစ်
ပညာရေးဘွဲ့ (ဘီ၊ အီးဒီ)စာပေးစာယူ(၂)နှစ်သင်တန်းအမှတ်စဉ်(၂၃) ဝင်ခွင့်စာမေးပွဲကျင်းပမည့်အစီအစဉ်ကြေညာချက်

၁။ ၂၀၀၄–၂၀၀၅ပညာသင်နှစ်အတွက် ပညာရေးဘွဲ့ (ဘီ၊ အီးဒီ) စာပေးစာယူ(၂)နှစ်သင်တန်း ဝင်ခွင့်စာမေးပွဲကို ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာနက သတ်မှတ်ထားသော စာစစ်ဌာနများတွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်–

စဉ်	ကျင်းပမည့်ရက်စွဲ	နေ့	အချိန်	ဘာသာရပ်
၁။	၈–၁၂–၂၀၀၃	တနင်္လာနေ့	၀၉:၀၀နာရီ မှ ၁၂:၀၀နာရီထိ	မြန်မာစာ
၂။	၉–၁၂–၂၀၀၃	အင်္ဂါနေ့	၀၉:၀၀နာရီ မှ ၁၂:၀၀နာရီထိ	အင်္ဂလိပ်စာ
၃။	၁၀–၁၂–၂၀၀၃	ဗုဒ္ဓဟူးနေ့	၀၉:၀၀နာရီ မှ ၁၂:၀၀နာရီထိ	သင်္ချာ
၄။	၁၁–၁၂–၂၀၀၃	ကြာသပတေးနေ့	၀၉:၀၀နာရီ မှ ၁၂:၀၀နာရီထိ	ရူပဗေဒ/ပထဝီဝင်
၅။	၁၂–၁၂–၂၀၀၃	သောကြာနေ့	၀၉:၀၀နာရီ မှ ၁၂:၀၀နာရီထိ	ဓာတုဗေဒ/သမိုင်း
၆။	၁၃–၁၂–၂၀၀၃	စနေနေ့	၀၉:၀၀နာရီ မှ ၁၂:၀၀နာရီထိ	ဇီဝဗေဒ/ဘောဂဗေဒ

၂။ အောက်ပါသတ်မှတ်ချက်များနှင့်ကိုက်ညီသည့် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ စီစဉ်ပို့ချသော အလယ်တန်းဆရာအတတ်သင်တန်း (အချိန်ပြည့်/စာပေးစာယူ/ပညာရေးကောလိပ်အခြေပြု) (သို့မဟုတ်) PGDT (သို့မဟုတ်) PGDMA သင်တန်းအောင်လက်မှတ်ရ ဆရာ/ဆရာမများသည် ၂၀၀၄–၂၀၀၅ပညာသင်နှစ်အတွက် ပညာရေးဘွဲ့ (ဘီ၊ အီးဒီ) စာပေးစာယူ (၂)နှစ်သင်တန်းဝင်ခွင့်စာမေးပွဲ ဖြေဆိုခွင့်လျှောက်လွှာများကို သက်ဆိုင်ရာ ပြည်နယ်/တိုင်း ပညာရေးမှူးရုံးသို့ ၂၀၀၃ခုနှစ်၊ အောက်တိုဘာလ (၁၅)ရက် (ဗုဒ္ဓဟူးနေ့)နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။
(က) အလယ်တန်းပြ (သို့မဟုတ်)အလယ်တန်းပြ(မူလတန်းတာဝန်)(သို့မဟုတ်)မူလတန်းကျောင်းအုပ်ဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ဂ) ၂၀၀၃ခုနှစ် ဒီဇင်ဘာလ(၃၁)ရက်နေ့တွင် လက်ရှိရာထူး၌ လုပ်သက်တစ်ဆက်တည်း (၅)နှစ်ပြည့်ပြီးသူဖြစ်ရမည်။ခြွင်းချက်အနေဖြင့် ဘွဲ့ရစဉ်က ဂုဏ်ထူးတန်းတက်ရောက်ရန်အဆင့်မီသူ (သို့မဟုတ်)မဟာဘွဲ့သင်တန်းတက်ရောက်ရန် အဆင့်မီသူဖြစ်ပါက ၂၀၀၃ခုနှစ် ဒီဇင်ဘာလ(၃၁)ရက်နေ့တွင်လုပ်သက်တစ်ဆက်တည်း (၂)နှစ်ပြည့်ပြီးသူဖြစ်ရမည်။
(ဃ) ၂၀၀၃ခုနှစ် ဒီဇင်ဘာလ(၃၁)ရက်နေ့တွင် အသက်(၅၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(င) အခြားသင်တန်းတစ်ခုခုတက်ရောက်နေသူမဖြစ်စေရ။
(စ) ပညာရေးဘွဲ့ရရှိပြီးသောအခါ ပညာရေးဝန်ကြီးဌာန၏ လိုအပ်ချက်အရ တာဝန်ပေးရာနေရာဒေသသို့သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ စာမေးပွဲဖြေဆိုခွင့်ရရှိသူများ၏ ခုံအမှတ်စာရင်းများကို သက်ဆိုင်ရာပြည်နယ်နှင့် တိုင်း ပညာရေးမှူးများက စာစစ်ဌာနအလိုက် ကြိုတင်ကြေညာပေးမည်ဖြစ်ပါသည်။

အတွင်းရေးမှူး
သင်တန်းဝင်ခွင့်ကြီးကြပ်ရေးအဖွဲ့

ROYAL ARROW
CAR RENTAL
211485, 212193

ကချင်ပြည်နယ်မှ သိနေဟဆရာ ဦးထိန်ဝင်း၊ ဆရာမ ဒေါ်သန်းသန်းနု

သားသမီးရလိုခြင်းအတွက် ဆေးစီစဉ်ပေးခြင်း၊ မီးယပ်အဖြူဆင်းခြင်း၊ ဓမ္မတာမမှန်ခြင်း၊ သွေးယားဖြစ်ခြင်း၊ အသည်းရောင်အသားဝါ၊ ဆီးချို၊ နှလုံး သွေးကြောကျဉ်း၊ လေးဘက်နာ၊ လေငန်း၊ သွေးတိုး၊ ဆီးကျောက်တည်၊ ကိုယ်ခံအားနည်းခြင်းများကို လက်ခံကုသပေးပါသည်။

၃၀၄၊ ဗိုလ်ဆွန်ပက်လမ်း၊ ဖုန်း–၂၄၃၅၃၃၊ ၅၇၀၂၀၅။
၇၆၂၊ ဖြူဟွန်စိုရ်လမ်းမကြီး၊ (၅)ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။
အမှတ်(၁၆၄)၊ (၁၉)လမ်း၊ ၈၂ x ၈၃ကြား၊ မန္တလေး။

အမြန်ဝယ်ချင်သည်

ရန်ကုန်တိုင်းအတွင်းရှိ
မြေကွက်များ
ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပါ။
ဖုန်း–၅၃၈၅၃၅၊၇၀၈၅၆၉၊၅၀၀၈၃၀။

TV-VIDEO-VCD
Ph-548197

ဒေါ်မိုးသူဇာ (၃၅)နှစ်
B.Sc (Botany)
(တပ်ကုန်း)

မန္တလေးတိုင်း၊ တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်နေ ဦးထွန်းပေါ–ဒေါ်ကျင်ရွှေတို့၏သမီး၊ ပင်လုံမြို့နေ ဦးသန်းဖေ–ဒေါ်အုံးခင်တို့၏သမီးချွေးမ၊ မခင်ဆွေဦး၊ ဦးမိုးကျော်(ဟိုပုန်း/စည်ပင်)–မခင်ဆွေသန်းတို့၏ညီမ၊ မအေးစန္ဒာထွန်း၏အစ်မ၊ ပင်လုံမြို့နေ ဗိုလ်မှူးချိုဝင်း၏ချစ်လှစွာသောဇနီး၊ မောင်ရဲမြတ်အောင်၊ မရွှေရည်မိုးမြင့်တို့၏မွေးသမိခင် ဒေါ်မိုးသူဇာသည် ၁၁–၈–၂၀၀၃ရက်တွင်တာစရ(၁/၅၀၀)မိတ္ထီလာ၌ ကွယ်လွန်ပါ၍ ၁၃–၈–၂၀၀၃ရက်နေ့တွင် တပ်ကုန်းမြို့၊ မိုးကောင်းသုသာန်၌ သင်္ဂြိုဟ်ပြီးစီးကြောင်းရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားပါသည်။ ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒုတိယဗိုလ်မှူးကြီးလဇွန်လုံးဝါ(ငြိမ်း)
အသက်(၇၇)နှစ်

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နေ ဦးလဇွန်ဂျာယာယံ–ဆရာမမရာမ်ထူဒေါ (အလက–၆)၊ ဦးနန်းစိမ်းဂျွန်ဘောက် (နမ္မတီးသကြားစက်)–ဒေါ်လဇွန်ခွန်ခွါရိန်၊ ဦးလဇွန်ဂရောင်လီ၊ ဒုတိယဗိုလ်မှူးကြီးမျိုးချစ်(ကလေးခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ)–ဒေါ်လဇွန်နူးရာလ်၊ Sister အဒွဲ၊ ပီတာနန်းစိန်လှ–မလဇွန်ထူကျာန်တို့၏ ချစ်လှစွာသော ဖခင်ကြီး၊ မြေး(၁၃)ယောက်၊ မြစ်နှစ်ယောက်တို့၏ဘိုး/ဘေး၊ (ဒူးဂျန်ထွေဇာဒေါ်မရာမ်နူ)၏ ချစ်လှစွာသောခင်ပွန်းသည် ၁၂–၈–၂၀၀၃ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၁၄–၈ ၂၀၀၃(ကြာသပတေးနေ့)မွန်းလွဲ၁နာရီတွင် မြစ်ကြီးနားမြို့ သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး
ဦးညိုထွန်း
အသက်(၇၆)နှစ်
(မြေအသုံးချရေးဌာန၊ မြန်မာစိုက်ပျိုးရေးလုပ်ငန်း–ငြိမ်း)

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ နတ်မောက်ရပ်ကွက်အမှတ်(၃၁)၊ ဦးထွန်းမြတ်လမ်းနေ(ဦးကြာညွန့်–ဒေါ်ကျင်မြိုင်)တို့၏သား၊ (ဦးသောင်းလွင်–ဒေါ်ခင်စောဝင်း)တို့၏ညီ၊ ဦးမျိုးလွင်၊ ဦးရန်သိန်း–ဒေါ်ခင်သန်းလွင်တို့၏အစ်ကို၊ ဒေါ်တင်တင်အေး၏ခင်ပွန်း၊ ဒေါ်မြတ်မြတ်မွန်(ခေတ္တ–U.SA)၊ ဦးဝင်းမြင့်–ဒေါ်မြတ်လေးနွယ်လှိုင်၊ ဦးအောင်ကျော်မြင့်–ဒေါ်စုစုမြင့်ထွန်း(ခေတ္တ-U.S.A)၊ ဦးနိုင်ဝင်းစိုး–ဒေါ်ချိုချိုထွန်း(စက်မှုကြွေ/မြေရုံးချုပ်)၊ဦးညီညီထွန်း (Down Light Co)–ဒေါ်သဥ္ဇာနိုင်(အဖွဲ့ခွဲမှူး၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန)၊ (မညိုဝင်းထွန်း)၊ မတင်ထွေးထွေးထွန်းတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ တူ၊ တူမငါးယောက်တို့၏ အဘိုးသည် ၁၅–၈–၂၀၀၃(သောကြာနေ့) မွန်းလွဲ၁နာရီတွင် ကွယ်လွန်သွားပါ၍ ၁၉–၈–၂၀၀၃(အင်္ဂါနေ့)မွန်းလွဲ(၃)နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အမှတ်–၃၁၊ ဦးထွန်းမြတ်လမ်းနေအိမ်မှကားများ မွန်းလွဲ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး၊ ရေတွင်း၊ ရေကန်အလှူရှင်
ဒေါ်ရင်ရင် (သုံးဆယ်မြို့)
အသက်(၇၃)နှစ်

သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့နေ (ဦးစိန်–ဒေါ်နု)တို့၏သမီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ မြန်မာ့ဂုဏ်ရောင်လမ်း၊ ခြံအမှတ်–၂၃၀ (စီ/၁)နေ (ဦးဘချစ်)၏ဇနီး၊ (ဦးမောင်မောင်ထွန်း–ဒေါ်ရီရီ)တို့၏ညီမ၊ (ဦးခင်စိုး–ဒေါ်တင်တင်)၊ ဦးမြင့်သိန်း–ဒေါ်မြမြသွယ်၊ (ဦးမြင့်သိန်း)၊ ဒေါ်စန်းကြည်၊ ဦးတင့်လွင်–ဒေါ်ခင်ဆွေဦးတို့၏အစ်မကြီး၊ ဒေါ်သန်းသန်းနု၊ ဦးတင်ထွဋ်–Peggy Chit ၊ ဦးနေဝင်း–ဒေါ်ခင်မြလွင်၊ ဦးရာဇာ–ဒေါ်အေးအေးသန်း၊ ဦးတင်ရိုန်–ဒေါ်စန်းစန်းချစ်၊ Vernon–ဒေါ်ခင်မျိုးချစ်၊ ဦးသိုက်ထွန်း(ခ) ဦးခင်မောင်တင့် – ဒေါ်ဖြူဖြူအောင်တို့၏ချစ်လှစွာသောမိခင်ကြီး၊ မြေး(၁၈)ယောက်တို့၏ အဘွားဖြစ်သူသည် ၁၅–၈–၂၀၀၃(သောကြာနေ့)တွင် ရွှေဂုံတိုင် အထူးကုဆေးရုံ၌ ကွယ်လွန်ပါသဖြင့် ၁၉–၈–၂၀၀၃(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင်ထွက်ခွာပါမည်။)ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ကိုသန့်မိုး(ဘဲလေး)
အသက်(၃၅)နှစ်
(တောင်ကြီး)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းအိမ်ရာ တိုက်(၁)အခန်း(၁၀၅/B)နေ ဦးကျော်တင့်–ဒေါ်ခင်စောမြင့် တို့၏သားငယ်၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊ တောင်ခြေလမ်းနေ(ဦးမောင်မောင်ခင်)–ဒေါ်ခင်သန်းကြည်တို့၏ သားသမက်၊ မခင်မျိုးခက်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်မင်းသန့်မောင်မောင်၏ဖခင်၊ ကိုတင့်မိုး–မနွဲ့နွဲ့ဝင်း၊ (ကိုမြင့်မိုး)–မနီနီစိုး၊ ကိုမြတ်မိုးတို့၏ညီ/မောင်၊ မမိုးဖြူဖြူထွေး၏အစ်ကို၊ တူ၊ တူမခြောက်ယောက်တို့၏ဦးလေးဖြစ်သူ ကိုသန့်မိုးသည် ၁၃–၈–၂၀၀၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၄–၈–၂၀၀၃ ရက်တွင် ရန်ကုန်မြို့ ထိန်ပင်သုသာန် ၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၉–၈–၂၀၀၃ အင်္ဂါနေ့တွင် ရက်လည်ဆွမ်းကျွေး တရားနာမည်ဖြစ်ပါ၍ အထက်ပါ ကြည့်မြင်တိုင်နေအိမ်သို့ ကြွရောက်ပါရန် လေးစားစွာဖိတ်ကြားပါသည်။

ကျန်ရစ်သူမိသားစု။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း
ဟာဂျီ ဦးတင်ကြည်
အသက်(၅၉)နှစ်
တနင်္သာရီတိုင်းလက်ရွေးစင်
ဘောလုံးသမားဟောင်း (ဂိုး)
ရွှေမြို့တော်ကဖီး (သထုံမြို့)

သထုံမြို့၊ အမှတ်(၂၆၆)၊ ဒီလမ်းနေ ဦးမောင်ကလေး– ဒေါ်အမာကြီးတို့၏ သား၊ ဒေါ်မချို၏ခင်ပွန်းသည် ၁၄–၈–၂၀၀၃ရက်တွင် အလ္လာသျှင်မြတ်အမိန့်ခံယူသွားပါသဖြင့် ယင်းနေ့ အဆွရ်နမာဇ်အပြီး သထုံမြို့ ဘင်လှိုင် ကဗရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ချစ်ခင်လေးစားရပါသော ဦးလေးဦးထွန်းလှ အသက်(၈၁)နှစ် ရွှေဒေါင်းယဉ်သက်န်းတိုက်၊ မုံရွာသည်(၁၃-၈-၂၀၀၃)ရက်တွင် ကွယ်လွန်ကြောင်းသိရ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဗိုလ်ချုပ်ဝင်းမြင့်-ဒေါ်နီနီမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
သီဟသုဓမ္မသိင်္ဂီ ဒေါ်မော်လီတင်(ခ)
ဒေါ်ဆွေဆွေလတ်
အသက်(၅၇)နှစ်

မွှာစရိယ တက္ကသိုလ် အလိုတော်ပြည့်ကျောင်းတိုက်
ဥပဋ္ဌာက အဖွဲ့ဝင်

မွှာစရိယတက္ကသိုလ် အလိုတော်ပြည့်ကျောင်းတိုက် ဥပဋ္ဌာကအဖွဲ့ဝင် ဒေါ်မော်လီတင်သည် ၁၄-၈-၂၀၀၃ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကောင်းရာသုဂတိ လားပါစေ---။

ဂေါပကအဖွဲ့ဝင်များ၊အလိုတော်ပြည့်ကျောင်းတိုက်၊ရန်ကုန်မြို့။

ဝမ်းနည်းကြေကွဲခြင်း
သီဟသုဓမ္မသိင်္ဂီ ဒေါ်မော်လီတင်(ခ)
ဒေါ်ဆွေဆွေလတ်
အသက်(၅၇)နှစ်

၁၄-၈-၂၀၀၃ရက်(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါ၍ မိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါရသည်။

ဦးရန်ရှင်း-ဒေါ်ညွန့်မေမိသားစု၊ ဒိုက်ဦးမြို့။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း
ဖာတမာအီဘရာဟင်မ်
ဘရူးချား(ခ)
ဒေါ်လှတင်(ဖာဖူခါလာ)
အသက်(၇၄)နှစ်

ရန်ကုန်မြို့ (အီဘရာဟင်မ်အီစွတ် ဘရူးချား-ဟဝါဘီဘရူးချား)တို့၏ သမီးထွေး၊ (S.A. ဂဖူးရ်-စဖီရာ ဘီဘီ) တို့၏ သမီးချွေးမ၊ [ချိုတူးကဝါလ်(ခ) ဦးလှမောင်]၏ ဇနီး၊ ရန်ကုန်မြို့၊ အမှတ်(၂၆)၊ သင်္ဂဟလမ်း၊ ကျောက်မြောင်း အထက်ရပ်ကွက်နေ မရင်ရင်လှ (ရွှေကျေးအုပ်ချုပ်ဆိုင်)၊ ကိုထိန်လင်း-မတင်တင်လှ၊ (ကိုဆန်နီလှမောင်)-မစုစန်၊ ကိုမောင်မောင်တင်-မခင်ခင်လှ၊ မမြင့်မြင့်လှ၊ ကိုသန်းမောင်-မတင်လှ-မချစ်ချစ်၊ ကိုမြင့်သိန်း-(မသန်းသန်းဝင်း)-မဌေးဌေးကြည်၊ မခင်ခင်စိန်၊ မစိန်စိန်လှ၊ မလှလှဝေ(မိုးဝေလွင် အပ်ချုပ်ဆိုင်)တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေး ၁၄ယောက်တို့၏ အဘွားသည် ၁၃-၈-၂၀၀၃(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁း၃၀ နာရီတွင် အလ္လာသျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ ညနေ ၅း၃၀ နာရီတွင် ရေဝေးစွန္နီမွတ်စလင်မ် ကဗရ်စတာန်(ဥယျာဉ်တော်)၌ ဒါဖနာပြီးစီးပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ကိုအောင်ကျော်မိုး(ခ)
အောင်အောင် (၃၅)နှစ်
(အင်းစိန်)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြိုင်ဟေဝန်အိမ်ရာ၊ တိုက်(၇)၊ အခန်း(၂၀)နေ (ဦးပု-ဒေါ်ထွား)၊ (ဦးသောင်းကြိုင်-ဒေါ်အမာ)၊ အင်းစိန်လမ်းသစ်နေ (ဒေါ်သိန်း)၊ (ဒေါ်ချောရင်)တို့၏ ချစ်လှစွာသောမြေး၊ (ဦးစိုးမြင့်)-ဒေါ်ခင်ခင်ပြုံးတို့၏ ချစ်လှစွာသောသား၊ ဦးစိုးဝင်း-ဒေါ်ရီရီစိုးဦး (အမက-၇၊ အင်းစိန်)တို့၏ ညီ/မောင်၊ မအေးချမ်းမိုမို၏ လေးလေးသည် ၁၇-၈-၂၀၀၃ ရက်တွင် ကွယ်လွန်ပါ၍ ၁၉-၈-၂၀၀၃ (အင်္ဂါနေ့) နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

သင်၏စလောင်းအတွက်

ပြုပြင်ခြင်း၊ လိုင်းအသစ်ထည့်ခြင်းနှင့် လိုအပ်သမျှ ကျွမ်းကျင်သော ဝန်ထမ်းများမှဆောင်ရွက်ပေးနေပါပြီ။ (နှစ်ပေစလောင်းအဟောင်းဝယ်သည်)။ (လိုင်းအသစ်စာအုပ်ရပြီ)။
ZN SatelliteGroup, Ph;727548

အမည်ပြောင်းခြင်း

ဦးထင်ကျော်၏သား အထက(၁) ဒဂုံ၊သတ္တမတန်း(B)မှ မောင်ဇော်သက်ထွန်းအား ယနေ့မှစ၍ မောင်ဈာန်ရဲထက်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဈာန်ရဲထက်။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ခ/၃၁၄ မော်တော်ယာဉ် လက်ဝယ်ရှိသူမှ မော်တော်ယာဉ် မှတ်ပုံတင်စာအုပ်(ကမ-၃) မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ယနေ့မှစ၍ ရက်ပေါင်း(၃၀) အတွင်းကညနဦးစီးဌာန(ပျဉ်းမနား)သို့လာရောက်ဆောင်ရွက်ပါရန်။ **ကညန(ပျဉ်းမနား)။**

ပုလောမြို့နယ်အသင်း(ရန်ကုန်)
ဦးစံလင်း(ခ)ဦးမောင်ဝဲ
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၀)ရပ်ကွက်၊ ငုဝါလမ်း၊ အမှတ်(၉၁၇)နေ (ဒေါ်မြမေ)၏ခင်ပွန်း၊ ဦးထွန်းလှအောင်(ဥက္ကဋ္ဌ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဗဟန်း)-ဒေါ်ဖြူဖြူ(အသင်းဝင်အမှတ်-၇၇၁)တို့၏ ဖခင်၊ ဦးစံလင်း(ခ) ဦးမောင်ဝဲသည် ၁၅-၈-၂၀၀၃ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၁၉-၈-၂၀၀၃ရက် မွန်းတည့်၁၂နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ဒဂုံမြောက်၊ ထားဝယ်ချောင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(အသင်းမှကားများ နံနက် ၁၁နာရီထွက်ပါမည်။)

အမှုဆောင်အဖွဲ့။

ဘုရား၊ ကျောင်း၊ သိမ်၊ ဇရပ်၊ ရဟန်းဒါယကာကြီး
ဦးစံလင်း(ခ)ဦးမောင်ဝဲ
အသက်(၈၃)နှစ်
(သာဂရ)

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၀)ရပ်ကွက်၊ ငုဝါလမ်း၊ အမှတ်(၉၁၈)နေ(ဦးလှမောင်-ဒေါ်စောမြ)တို့၏ သား၊ (ဦးအုံးဖေ-ဒေါ်စော)တို့၏ သားသမက်၊ ပြင်ဦးလွင်မြို့နေ (ဦးစိန်-ဒေါ်ဖွားတင်)၊(ဦးရှိန်၊ တောအုပ်ကြီး၊ငြိမ်း၊-ဒေါ်ထွားတင်)၊ (ဦးကြွယ် တောအုပ်ကြီး၊ငြိမ်း၊-ဒေါ်တင်ညွန့်)၊ (ဗိုလ်ကြီးကျော်ဇံ)-ဒေါ်ခင်သိန်း၊ (ဦးမျိုးညွန့်-ဒေါ်အမာ)၊ ဦးသာကျော်-ဒေါ်တရုတ်၊ သာဂရမြို့နေ (ဦးလှရွှေ) ဒေါ်အုံးကြည်၊ ဦးကိုလေး-(ဒေါ်အေးသိန်း)၊ (ဒေါ်အေးကျင်)၊ (ဒေါ်အမာညို)၊(ဦးစော)-ဒေါ်ခင်အေး(ခ)ဒေါ်ချောပုတို့၏ အစ်ကို/ညီ ဦးစံလင်း(ခ) ဦးမောင်ဝဲသည် ၁၅-၈-၂၀၀၃ ရက် ၉း၂၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၉-၈-၂၀၀၃ရက် မွန်းတည့် ၁၂နာရီတွင် ရန်ကုန်ဆေးရုံကြီးမှ ထားဝယ်ချောင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်း၊ ရဟန်းဒါယကာ
ဦးမြင့်အေး(ခ)ဖိုးနီ
အသက်(၅၆)နှစ်
(တရားရုံးချုပ်ရှေ့နေ)

ရန်ကုန်မြို့၊ ကမာရွတ်လှည်းတန်း၊ အမှတ်(၈)ရပ်ကွက်၊မာလာလမ်း၊အမှတ်(၁၁)နေသစ်တောအရေးပိုင် (ဦးမော်ဒင်-ဒေါ်ကြည်)တို့၏ သား၊ (ဦးကျော်)-ဒေါ်တင်ဥတို့၏ သားသမက်၊ (ဗိုလ်မှူးအောင်ဝင်း-လေ)-ဒေါ်စန်းရီ၊ ဒုတိယဗိုလ်မှူးကြီးသောင်းတင်(ငြိမ်း)-ဒေါ်သန်းသန်းမြင့်၊ (ဗိုလ်ကြီးသိန်းဆွေ-ကြည်း)-ဒေါ်ခင်သန်းမြင့်၊ တရားရုံးချုပ်ရှေ့နေ ဦးစန်းလွင်-ဒေါ်ဘေဘီအေးတို့၏ညီ/မောင်၊ ဒေါ်နှင်းနှင်းရီ၏ ချစ်လှစွာသော ခင်ပွန်း၊ မခိုင်ခင်ဦး၏ ချစ်လှစွာသော ဖခင်၊ တူ၊ တူမ၁၅ယောက်တို့၏ ချစ်လှစွာသော ဦးလေး၊ မြေး ၁၆ယောက်တို့၏ ချစ်လှစွာသော အဘိုး ဦးမြင့်အေး(ခ) ဖိုးနီသည် ၁၆-၈-၂၀၀၃ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၈-၈-၂၀၀၃ (တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊ ရဟန်း၊သိမ်ဒါယိကာမကြီး
ဒေါ်တင်လှ(၈၃)နှစ်
(ကျုံပျော်မြို့နယ်)

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန်လမ်းမကြီး၊ ဇောတိကအိမ်ရာ၊ တိုက်အမှတ်(စီ-၁)၊ အခန်း(၀၀၁)နေ (ဦးအန့်-ဒေါ်သိန်း)တို့၏ ဒုတိယသမီး၊ (ဦးဘိုးထင်-ဒေါ်ရွှေအုံ)တို့၏ချွေးမ၊ (ဦးသန်းညွန့်)၏ဇနီး၊ ဦးလှသွင်-ဒေါ်ခင်အေးကြွယ်၊ (ဦးမင်းထိုက်)-ဒေါ်ရင်ရင်မြင့်၊ ဦးစိန်ဖေ၊ ဒေါ်ခင်ခင်ဌေး၊ ဦးလှမင်း-ဒေါ်လှလှဝင်း၊ ဦးဌေးအောင်-ဒေါ်အေးအေးချို၊ ဦးရဲမြင့်(ဘိုဘို)-ဒေါ်ခင်သန်းနွဲ့၊ ဦးသက်ဦး-ဒေါ်အေးအေးခိုင်(ဘေဘီ)တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေး၂၀ယောက်၊ မြစ်၁၅ယောက်တို့၏အဘွားသည် ၁၇-၈-၂၀၀၃ရက် ညနေ၆း၅၈ နာရီတွင် အာရုတော်ဝင် နှလုံးအထူးကုကြပ်မတ်ကုသဆောင်၌ ကွယ်လွန်ပါသဖြင့် ၁၉-၈-၂၀၀၃(အင်္ဂါနေ့) မွန်းလွဲ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁း၄၅နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ကြိုင်ကြိုင်(အေမီ)(၆၆)နှစ်
B.A,B.L,R.A
အုပ်ချုပ်မှုဒါရိုက်တာ
ဥက္ကာဝင်း ကုမ္ပဏီလီမိတက်

ဒါးပိန်မြို့နေ(ဦးဘသိန်း-ဒေါ်ဒေါ်ကြင်)တို့၏သမီးထွေး၊ (ဦးအုံးဖေ-ဒေါ်လှမြိုင်) ဒေါ်မမလေးတို့၏ သမီးချွေးမ၊ (ဦးလှမောင်)၊(ဒေါ်မြသင်)၊ (ဦးတင်လှ)၊ (ဦးသန်းအောင်)ဒေါ်ရီရီ၊ ဦးလှအေး-ဒေါ်ညွန့်ညွန့်တို့၏ ညီမ၊ ဦးခင်မောင်ဝင်း (U.N.D.P/ ILO)(အငြိမ်းစား) ARCPPT Project၏ ချစ်လှစွာ သောဇနီး၊ မခင်ဌေးသန့်၊မရွှေရည်ဝင်းတို့၏ မွေးသမိခင် ဒေါ်ကြိုင်ကြိုင်သည် ၁၇-၈-၂၀၀၃ရက် ညနေ၄း၄၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၁၈-၈-၂၀၀၃ရက် ညနေ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ် ပါမည်။ ကွယ်လွန်သူအားရည်စူး၍ ၂၃-၈-၂၀၀၃ (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရန်ကုန်မြို့၊ အမှတ်(၉၆/၁)ကျွန်းရွှေမြိုင်လမ်း၊စုပေါင်းအိမ်ရာ သုဝဏ္ဏနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း

၁၇-၈-၂၀၀၃ရက်တွင် ရန်ကုန်ဆေးရုံကြီး အဆုတ်နှင့်ရင်ခေါင်းဌာန၌ ကွယ်လွန်သွားသော ဒေါ်ကြိုင်ကြိုင်အား နာမကျန်းဖြစ်စဉ်က ဂရုစိုက်ကြပ်မတ်ပြုစုကုသပေးခဲ့ကြသော ပါမောက္ခဆရာဝန်ကြီးနှင့်တကွ ဆရာဝန်၊ ဆရာမများအား လည်းကောင်း၊ဆေးရုံဝန်ထမ်းများအား လည်းကောင်း၊အဘက်ဘက်မှ ဝိုင်းဝန်းကူညီအားပေး သတင်းမေးနှစ်သိမ့်ကြသော ရပ်နီးရပ်ဝေးမှ လုပ်ဖော်ကိုင်ဖက်များနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလုံးအား ကျန်ရစ်သူမိသားစုမှ ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးချစ်(ခ)ဦးမောင်ချစ်
အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၆၃)၊ မင်းလမ်းနေ (ဦးစံညွန့်-ဒေါ်ရင်)တို့၏ သားကြီး၊ ဒေါ်သန်းရီ၏ ခင်ပွန်း၊ ဦးဇော်နေဝင်း[အမှတ်(၄) သစ်စက်၊ အလုံမြို့နယ်]၊ ဦးမောင်မောင်-ဒေါ်စန်းမေရီ၊ ဒေါ်ရီရီဝင်း၊ ဦးမျိုးအောင် (အေးရှားဝေါ) ဒေါ်တင်တင်ဝင်း၊ မသီဂ်ဝင်း(ဗဟိုဘဏ်)၊ မမာလာဝင်း (ဧရာဟိုတယ်)တို့၏ဖခင်၊ မြေးကိုးယောက်၊ မြစ်ငါးယောက်တို့၏ အဘိုးသည်၁၆-၈-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၁၈-၈-၂၀၀၃ (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး
ဦးမောင်ကို (၇၄)နှစ်
(သီတဂူ)

အမရပူရမြို့နေ (ဦးထွန်းအေး-ဒေါ်ချစ်ချစ်)တို့၏ သားကြီး၊ နွားနီဂျုံစက်ပိုင်ရှင် ဦးခင်မောင်မြ-ဒေါ်ညွန့်ညွန့်တို့၏ မောင်၊ ဦးသောင်းတင်-ဒေါ်သန်းနွဲ့၊ ဒေါ်မြရီတို့၏အစ်ကို၊ ဦးစိုးနိုင်(စစစ)-ဒေါ်ကြည်ကြည်၊ ဦးထွန်းဦး-ကျော်(ရန်ကုန်အဲယားဝေး)-ဒေါ်သက်သက်မာတို့၏ ဖခင်၊ မြေးငါးယောက်တို့၏ အဘိုး၊ လမ်း(၃၀-၈၄)၊ (၈၅) လမ်းကြားနေ ဒေါ်အေးတင်၏ ချစ်လှစွာသောခင်ပွန်းသည် ၁၅-၈-၂၀၀၃ရက်တွင် သီတဂူအာယုဒါနဆေးရုံ၌ ကွယ်လွန်ပါ၍ ယင်းနေ့တွင်စစ်ကိုင်းတောင်ရိုးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်နီနီဝင်း(ခ)
CHEN MEI-FEN
(B.Sc,Physics)
ပဲခူး-ပန်းလှိုင်
အသက်(၅၀)

ရန်ကုန်မြို့၊ပုဇွန်တောင်မြို့နယ်(၇) ရပ်ကွက်၊ပုဇွန်တောင်အိမ်ရာ၊လိပ်ကန်လမ်း တိုက် (၇) အခန်း(၂၀၅)နေ ဦးရွှေမောင်၏ ဇနီး၊ မောင်မြင့်ကို (B.A,Eco)၊ မောင်ဥက္ကာဇော် (1st Yr.IT,GTC. Thanlyin)တို့၏ ချစ်လှစွာသောမိခင်၊ (ဦးချင်ရိတ်ဝိန်)-ဒေါ်အေးကြည်တို့၏ ဒုတိယသမီး၊မန္တလေးမြို့နေ ဦးဝင်းမြင့်-ဒေါ်ဘေဘီတို့၏ ညီမ၊ဦးမောင်ချိတ်-ဒေါ်မိထောင်၊ဦးကြည်စိန်-ဒေါ်မိဖောင်း၊ ကိုမြင့်လွင်-ဒေါ်လှလှ၊ မမိမိစိမ်း၊ မမိမိဆောင်း၊ မနီလာဝင်းတို့၏ အစ်မ၊ ရန်ကုန်မြို့နေ(ဦးကျင်မောင်)-ဒေါ်ခင်လှ၊ ဦးဘကြိုင်-ဒေါ်လှရှင်(ခေတ္တ-U.SA)၊ ဦးအေးမောင်-ဒေါ်ခင်မာညို၊ဦးစိန်မောင်-ဒေါ်စန်းစန်းဌေးတို့၏ ညီမ၊ (ဦးသိန်းမောင်)၏အစ်မသည် ၁၆-၈-၂၀၀၃ရက်တွင်နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၂-၈-၂၀၀၃ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးကောင်းတံ့သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်း၊ ရဟန်းအမ
ဒေါ်သန်းနု (၇၅)နှစ်
အောင်သီရိရုပ်ရှင်ရုံပိုင်ရှင်ဟောင်း
(ဖွဲ့ဘာ)

အမှတ်(၈/၁၀)၊ ဒုတိယထပ်၊ (၁၂၆)လမ်း၊ သပြေကုန်းရပ်ကွက်၊မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးညို-ဒေါ်စောတင်)တို့၏ သမီးကြီး၊ (ဒေါ်တင်နွဲ့)၊ ဦးကြည်မောင်၊ (ဒေါ်မြကြည်)တို့၏ အစ်မကြီး၊ ဒေါ်အေးမြင့်၏ မိခင်သည် ၁၄-၈-၂၀၀၃ ရက် ညနေ ၃နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၅-၈-၂၀၀၃ ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေး၊ ရပ်နီးနေ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း
ဖာတမာအီဘရာဟင်မ်
ဘရူးချား(ခ) ဒေါ်လှတင်
(ဖာဖူခါလာ)
အသက်(၇၄)နှစ်

ရန်ကုန်မြို့နေ (အီဘရာဟင်မ်အီစွတ် ဘရူးချား - ဟဝါဘီဘရူးချား)တို့၏ သမီးထွေး၊ (S.A. ဂဖူးရ်-စဖီရာဘီဘီ) တို့၏ သမီးချွေးမ၊ [ချိုတူးကဝါလ်(ခ) ဦးလှမောင်]၏ ဇနီး၊ မောင်ဇော်မျိုးမြင့် (ဒုတိယနှစ်၊ စီးပွားစီမံ)၊ မောင်အောင်မျိုးဟိန်း (ပထမနှစ်၊ သမိုင်း)၊ မခင်မာလာ (ပထမနှစ်၊ ဇီဝ)၊ မတင်မာလာ၊ မဟေမာဆန်နီ၊ မောင်ကျော်မင်းထွန်း၊ မောင်ရဲကျော်နိုင်၊ မောင်ကျော်ကိုကိုဇင်၊ မလှလှသွယ်၊ မောင်ကျော်ညီညီဇင်၊ မသက်မာလာ၊ မမြင့်စန္ဒာလင်း၊ မအေးသူဇာ၊ မနှင်းစန္ဒာချစ်တို့၏ ချစ်လှစွာသော အဘွားသည် ၁၃-၈-၂၀၀၃(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် အလ္လာသျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ ညနေ ၅း၃၀နာရီတွင် ရေဝေးစွန္နီမွတ်စလင်မ် ကဗာရ်စတန် (ဥယျာဉ်တော်)၌ ဒါဖနာပြီးစီးပါကြောင်း ရပ်နီး ရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ပုလောမြို့နယ်အသင်း(ရန်ကုန်)
ဦးဘရှိ
အသက်(၇၂)နှစ်
အသင်းဝင်အမှတ်(၆၂၃)

တနင်္သာရီတိုင်း၊ ပုလောမြို့၊ အမှတ်(၁)ရပ်ကွက်၊ ရှမဝလမ်းနေ ဒေါ်လှရှင်၏ ခင်ပွန်း ဦးဘရှိသည် ၁၆-၈-၂၀၀၃ ရက်တွင် ကွယ်လွန်ပါ၍ ၁၈-၈-၂၀၀၃ရက် မွန်းတည့် ၁၂ နာရီတွင် ပုလောနေအိမ်မှ ပုလောသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့။

ဦးတင်မြင့်(၈၂)နှစ်
B.A. B.L
တွဲဖက်ညွှန်ကြားရေးမှူး (ငြိမ်း)
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
တရားရုံးချုပ်ရှေ့နေ
(ဆင်ပေါင်ဝဲ)

ရန်ကုန်မြို့၊ အရှေ့ရန်ကင်း၊ တိုက်(၁၂၅)၊ အခန်း(၇)နေ (ဦးဘမြိုင်-ဒေါ်ရှင်)တို့၏ သား၊ (ဒေါ်ခင်မမ)၏ ခင်ပွန်း၊ ဒေါ်ခင်မြတ်သူ(ရုပ်ရှင်လုပ်ငန်း နယ်ရုံးခွဲ)၊ ဗိုလ်မှူးမျိုးကြည်မင်း(ပုသိမ်)-ဒေါ်သူဝေမြင့်(အထက-၇၊ ပုသိမ်)တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မောင်ကြည်စိုးဟန်၊ မောင်ကျော်စိုးမင်း(အထက-၇) တို့၏အဘိုးသည် ၁၆-၈-၂၀၀၃ရက် (စနေနေ့) ည၇း၄၅နာရီတွင် ပုသိမ်မြို့ ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၈-၈-၂၀၀၃(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် သရောင်းချောင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးတင်မြင့်(၈၂)နှစ်
B.A. B.L
တွဲဖက်ညွှန်ကြားရေးမှူး(ငြိမ်း)
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
တရားရုံးချုပ်ရှေ့နေ
(ဆင်ပေါင်ဝဲ)

ရန်ကုန်မြို့၊ အရှေ့ရန်ကင်း၊ တိုက်(၁၂၅)၊အခန်း(၇)နေ (ဦးဘမြိုင်-ဒေါ်ရှင်)တို့၏သား၊ (ဒေါ်ခင်မမ)၏ခင်ပွန်း၊ (ဒေါ်သန်းမေ)၊ (ဦးဖေညွန့်-ဒေါ်ကြွေ)တို့၏ညီမောင်၊ ဗိုလ်မှူးမောင်မောင်လတ်၊ ဒေါ်သိန်းသိန်းလတ်၊ (ဦးလှဖေ)၊ ဒေါ်ခင်မကြီး (ဦးမောင်ဝမ်း)၊ ဒေါ်ခင်သန်းဆွေ (ဦးကိုကိုကြီး)၊ ဒေါ်ခင်မြမူတို့၏အဘိုးသည် ၁၆-၈-၂၀၀၃(စနေနေ့) ည၇း၄၅နာရီတွင် ပုသိမ်မြို့ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၈-၈-၂၀၀၃(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် သရောင်းချောင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးမောင်ညိမ်း
အသက်(၇၈)နှစ်
အရာခံဗိုလ်(ငြိမ်း)
ရေ-၂၉၉၈
ရုပ်ရှင်လုပ်ငန်း(ငြိမ်း)

သံတွဲမြို့နေ (ဦးဘညွန့်-ဒေါ်မယ်သန့်)တို့၏ သား၊ (ဦးရုပ်နန်-ဒေါ်သိန်းရှင်)တို့၏ သားသမက်၊ ဒေါ်မမကြီး၏ ခင်ပွန်း၊ ရန်ကုန်မြို့၊ သုဝဏ္ဏ၊ မီးဒုံးလမ်းသွယ်(၆)၊ တိုက်(၁၂၀)၊ အခန်း(၃)နေ ဒေါ်စန်းစန်းငြိမ်း(အထက-၄၊ ဗိုလ်တထောင်)၊ ဒေါ်အေးအေးငြိမ်း (စာရင်းစစ်မှူး၊သံတွဲ)၊ ဒေါ်ဌေးဌေးငြိမ်း (အမက-၁၀၊တောင်ဒဂုံ)၊ ဦးစိုးညွန့်ညိမ်း-ဒေါ်နီလာခင်၊ ဦးအောင်စိုးညိမ်း (ရှမ်းကန်-၃)၊ ဒေါ်သီသီငြိမ်း (Fame Electronics)တို့၏ ဖခင်၊ မောင်ထက်ဝေယံ၏ အဘိုးသည် ၁၇-၈-၂၀၀၃ရက်တွင်ကွယ်လွန်ပါ၍ ၁၉-၈-၂၀၀၃ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် ပါမည်။(နေအိမ်မှကားများနံနက်၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း၊ လမ်း၊ရေကန် ဒါယိကာမကြီး
ဒေါ်လှရှင်(၇၂)နှစ်
(ကျိုက်ထော်)

ရန်ကုန်တိုင်း၊ ကော့မှူးမြို့နယ်၊ ကျိုက်ထော်သရက်တောပိုင်းနေ (ဦးပါ-ဒေါ်မြမေ)တို့၏သမီး၊ ဦးထွန်းရွှေ၏ဇနီး၊ ဒေါ်တင်တင်ဝင်း၊ ဦးသန်းလွင်-ဒေါ်မြင့်မြင့်(ကွမ်းခြံ၊ သီရိမင်္ဂလာဈေး)၊ ဦးထွန်းဆန်း-ဒေါ်အေးသန်း၊ (ဦးညွန့်သောင်း-ဒေါ်ခင်စိုဝင်း)၊ ကိုဝင်းဇော်-မသင်းသင်းအေး (နိုင်လင်းအေးသံဆိုင်)၊ ကိုမျိုးဝင်းမြင့်-မမော်မော်ထွန်း၊ ကိုကျော်ဟိန်း-မမိမိချို၊ ကိုနေလင်းထွန်းတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၈ ယောက်တို့၏ အဘွားသည် ၁၇-၈-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၁၉-၈-၂၀၀၃(အင်္ဂါနေ့) နံနက် ၁၁း၃၀ နာရီတွင် ကျိုက်ထော် သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်းဒါယကာကြီး
ဦးအောင်စိုး အသက်(၇၀)
မြန်မာ့စီးပွားရေးဘဏ်
ငွေစုဘဏ်ခွဲ(၄)၊ ငြိမ်း
အာရှဓနဘဏ်(ရုံးချုပ်)
မန်နေဂျာ(ငြိမ်း)
ကြည့်မြင်တိုင်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဥယျာဉ်လမ်း၊ အမှတ်(၁၁)နေ (ဦးစိန်ထွန်း-ဒေါ်လှရီ)တို့၏ သား၊ အမှတ်(၆၆၅)၊ (၅၀)ရပ်ကွက်၊ စိန်ဗဒေါလမ်း၊ ဒဂုံမြောက်နေ ဒေါ်သန်းမြင့်၏အစ်ကို၊ (ကိုကျော်ထွဋ်)၊ သန့်စင်မောင်-ခင်သီတာ၊ ကိုမြသန်း-အေးအေးသန်း၊ ဦးထွန်းလှ-ဒေါ်ဝါဝါချို၊ ကိုသန်းအေး-မလှလှမြင့်၊ မောင်ကျော်သူ-မမိမိမော်၊ ကိုဝင်းဆွေ-မခင်သော်တာထွေးတို့၏ မွေးသဖခင်၊ မြေးခုနစ်ယောက်တို့၏ အဘိုးသည် ၁၆-၈-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၁၈-၈-၂၀၀၃ (တနင်္လာနေ့) ညနေ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ၂နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဟသ်ာတမြို့ ရွှေကျောင်းပရိယတ္တိစာသင်တိုက် ပဓာနနာယက
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်(ဝိနည်းမိုရ်)
ဆရာတော်ဘဒ္ဒန္တ ဝဏ္ဏိတ
(သာသနဓဇသိရီပဝရမွှာစရိယ)
သိက္ခာတော်(၅၃)ဝါ၊သက်တော်(၇၃)နှစ်

ဟသ်ာတမြို့၊ စစ်ကဲလမ်း၊ရွှေကျောင်းပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဖြစ်တော်မူသော ဆရာတော်ဘဒ္ဒန္တ ဝဏ္ဏိတအရှင်သူမြတ်သည် ၁၃၆၅ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ရက်၊ ၁၄-၈-၂၀၀၃(ကြာသပတေးနေ့) မွန်းလွဲ၂နာရီ ၅၅မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ၁၃၆၅ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ရက်၊ ၂၀-၈-၂၀၀၃(ဗုဒ္ဓဟူးနေ့)တွင် အန္တိမအဂ္ဂိဈာပန ပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေတပည့် သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။

တပည့်ဒါယကာ၊ဒါယိကာမများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ကောသလ္လ(ရွှေတောင်မှော်)
သက်တော်(၅၉)နှစ်၊ သိက္ခာတော်(၃၉)ဝါ

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်ကျောင်းတိုက်၌ သီတင်းသုံးတော်မူသော ဘဒ္ဒန္တကောသလ္လ မထေရ်မြတ်သည် ၁၃၆၅ ခုနှစ် ဝါခေါင်လပြည့်ကျော် ၅ရက်(တနင်္ဂနွေနေ့) နံနက် ၄း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၅ ခုနှစ် ဝါခေါင်လပြည့်ကျော် ၅ရက်၊ ၁၇-၈-၂၀၀၃ ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌ အန္တိမအဂ္ဂိဈာပန ဆင်ယင်ကျင်းပပြီးဖြစ်ပါကြောင်း သီတင်းသုံးဖော်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ။

ကျေးဇူးတင်ရှိခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယကာကြီး
ဦးထွန်းလှ(၈၁)နှစ်
ရွှေဒေါင်းယဉ်သက်န်းတိုက်၊ မုံရွာမြို့

၁၃-၈-၂၀၀၃(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားခဲ့သော ကျေးဇူးရှင်ဖခင်ကြီး ဦးထွန်းလှ၏ ဈာပနကိစ္စအဝဝတွင် အဘက်ဘက်မှ နည်းအမျိုးမျိုးဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသော ရပ်နီး၊ ရပ်ဝေးမှ မိတ်ဆွေများ၊ တယ်လီဖုန်းဖြင့် သော်လည်းကောင်း၊ ကြေးနန်းဖြင့်သော်လည်းကောင်း အားပေးနှစ်သိမ့်ကြသော မိတ်ဆွေများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးအောင်မြင့် (၇၈)နှစ်
မဟာဝန်လျှပ်စစ်ပုံနှိပ်တိုက်(မန္တလေးမြို့)

မန္တလေးမြို့၊ (၃၂)လမ်းနေ (ဦးအောင်ကျော်ကျော်-ရှုပ၊ ဒေါ်ဝေဝေ ခိုင်)၊ တောင်ကြီးမြို့နေ ဦးထွန်းညွန့်မော်-ဒေါ်ကြူကြူထွန်း(ပြည်ကျော်လင်းသစ်စက်)၊ မန္တလေးမြို့၊ ရွှေအိုးတန်းနေ ဦးဇော်-ဒေါ်ခင်မြင့်ဆွေ(ကထိက-ရူပဗေဒ၊ ငြိမ်း)(နေလဘီတင်လုပ်ငန်း)၊ (၃၅)လမ်း၊ သီရိရိပ်သာနေ ဦးထွန်းမင်း(ကထိက၊ အင်္ဂလိပ်စာဌာန၊ ငြိမ်း)-(ဒေါ်နန်းခမ်းမိုးအေး)၊ ရန်ကုန်မြို့ လမ်းမတော်သံဈေး ကွန်ဒိုစင်တာနှင့် မန္တလေးမြို့၊ (၇၈)လမ်း၊ ရတနာပုံဈေး(MICT Park)ရှိ (Europa International Education Academy)၏ မန်နေဂျင်းဒါရိုက်တာ ဦးသန်းစိန်-ဒေါ်တင့်တင့်တို့၏ ချစ်လှစွာသော ဖခင်၊ မြေး ၁၈ယောက်တို့၏ ချစ်လှစွာသော ဘိုးဘိုးကြီး၊ မန္တလေးမြို့၊ ကန်တော်ကြီးအိမ်ရာနေ ဒေါ်ခင်ရီရီ (မဟာဝန်လျှပ်စစ်ပုံနှိပ်တိုက်)၏ ချစ်လှစွာသောခင်ပွန်း ဦးအောင်မြင့်သည် ၉-၈-၂၀၀၃ (စနေနေ့) ည ၁၁း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၀-၈-၂၀၀၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် မန္တလေးနေအိမ်မှ ကြာနီကန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ပုလောမြို့နယ်အသင်း(ရန်ကုန်)
ဒေါ်စိန်လှိုင်
အသက်(၉၁)နှစ်
အသင်းဝင်အမှတ်(၃၇၁)

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ သုခမ္မာ(၆)လမ်း၊ အမှတ်(၁၁၁၅)နေ (ဦးလှတင်)၏ ဇနီး ဒေါ်စိန်လှိုင်သည် ၁၆-၈-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၁၈-၈-၂၀၀၃ ရက်ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အသင်းမှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့။

ဘုရား၊ကျောင်း၊သိမ်၊ဇရပ်၊ရဟန်း ဒါယကာကြီး
ဦးစံလင်း(ခ)ဦးမောင်ဝဲ
အသက်(၈၃)နှစ်
(သာဂရ)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၀)ရပ်ကွက်၊ ငုဝါလမ်း အမှတ်(၉၁၈)နေ(ဦးလှမောင်-ဒေါ်စောမြ)တို့၏သား၊(ဦးအုံးဖေ-ဒေါ်စော)တို့၏ သားသမက်၊(ဒေါ်မြမေ)၏ ခင်ပွန်း၊ ဦးစိုး ဝင်း(အတွင်းရေးမှူး၊ ဒဂုံမြို့သစ်မြောက်ပိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း)-ဒေါ်အေးမြင့်၊ ဦးစိုးမြင့် (စိန်မောင်ကြီး အုတ်၊ သဲ၊ ကျောက်)-ဒေါ်မြင့်မြင့်ရီ၊ ဦးထွန်းလှအောင်(ဥက္ကဋ္ဌ၊ မြို့နယ်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ဗဟန်း)- ဒေါ်ဖြူဖြူ၊ဦးကံကြီးမောင်-ဒေါ်ကြည်ဌေး၊ဦးရန်ကြီးအောင်-ဒေါ်ခင်ဌေး၊ ဦးစိုးရ၊ ဒေါ်အေးအေးမြင့် (ရန်ကုန်အရှေ့ပိုင်းခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း)၊ ဦးကျော်ဦး-ဒေါ်စီစီလင်း (ရွှေဒေါ်လာ အုတ်၊ သဲ၊ ကျောက်)တို့၏ ဖခင်ကြီး၊ မြေး ၁၆ယောက်၊ မြစ်လေးယောက်တို့၏ အဘိုးသည် ၁၅-၈-၂၀၀၃ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၁၉-၈-၂၀၀၃ရက်တွင် မွန်းတည့် ၁၂နာရီတွင် ရန်ကုန်ဆေးရုံကြီး အအေးတိုက်မှ ထားဝယ်ချောင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးအောင်စိုး(ခ)
Mr. Bernard Ellis
စိန့်ပေါလ်ကျောင်းသားဟောင်း
အသက်(၅၈)နှစ်
ရုံးအုပ်(ထုတ်လုပ်ရေးဌာန)
မြန်မာ့သဘော်ကျင်းလုပ်ငန်း

စစ်တွေမြို့နေ (ဦးနီထွန်းဦး-ရာဇဝတ်ဝန်-ဒေါ်ညို)တို့၏ မြေး၊ ရန်ကုန်မြို့၊ အမှတ်(၄၇)၊ ရတနာသိဒ်လမ်း၊ စမ်းချောင်းမြို့နယ်နေ (ဦးစံမြင့်-စီမံဘဏ္ဍာအတွင်းဝန်-ဒေါ်နှင်းရီ)တို့၏ သားကြီး၊ ရန်ကုန်မြို့၊ တိုက်(M-201)၊ ဆင်မလိုက် သင်္ဘောကျင်းဝန်ထမ်းအိမ်ရာနေ ဒေါ်ဌေးကြည်၏ ခင်ပွန်း၊ (မောင်စံမြင့်တင်)၊ မောင်ကျော်မင်းထွန်း(Smart Co. Ltd)၊ မောင်မင်းရဲထွန်း-မဇာဇာမင်း၊ မောင်မင်းသန်းထွန်း(Smart Co. Ltd)၊ မဌေးနန္ဒာအောင် (ဒသမတန်း-ခ၊ အထက-၂၊ကမာရွတ်)၊ (မောင်ထွန်းလင်းအောင်)တို့၏ ချစ်လှစွာသော မွေးသဖခင်သည် ၁၅-၈-၂၀၀၃ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၁၇-၈-၂၀၀၃ရက်တွင် ထိန်ပင် သုသာန်၌ ဝတ်ပြုကိုးကွယ်ပြီး ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီး၊ ရပ်ဝေး ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်အေး
အသက်(၅၀)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးတောင်ရပ်ကွက်၊ ဆာဘိုးသာ၊ ခြံအမှတ်(၃၈)နေ ကိုသိန်းမြင့်-မအေးအေးမူတို့၏မွေးသမိခင် ကျေးဇူးရှင်၊ ဦးအောင်ကြည်ထွန်း၏ ဇနီး ဒေါ်ခင်အေးသည် ၁၆-၈-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၁၈-၈-၂၀၀၃ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ [အမှတ်(၁၆)၊ ပုလဲလမ်း၊ ကျိုက္ကဆံရပ်ကွက်နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာ-ကြေးမုံ၊စာတည်းမှူး-၂၉၁၈၃၂၊စာတည်းများ-၂၉၂၈၃၂၊ သတင်းထောက်မှူး-၂၉၂၈၃၃၊ မန်နေဂျာ-၂၉၁၈၃၃၊ စီမံ/ငွေစာရင်း-၂၉၁၄၅၄၊ ဖြန့်ချိရေး-၂၉၂၈၃၀၊ ကြော်ငြာ-၂၉၉၄၂၇၊ ပုံနှိပ်-၂၉၂၈၃၁။ R/184

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်ပြီးစီးသည့် အစိုးရနည်းပညာကောလိပ် (ကျောက်ဆည်) ပင်မဆောင်ကို ဖွင့်ပွဲအခမ်းအနားၕ တွေ့ရစဉ်။ (သတင်းစဉ်)

ကျောက်ဆည် အစိုးရနည်းပညာကောလိပ်၏ လေ့ကျင့်ပျိုးထောင်မှုအစီအမံများနှင့် ကျောက်ဆည်စက်မှုနယ်မြေကြီး၏ အခြေခံကောင်းများကို စနစ်တကျပေါင်းစည်း လေ့ကျင့်ပျိုးထောင်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိမှု သဟဇာတဖြစ်ရန်လိုအပ်

ရန်ကုန် ဩဂုတ် ၁၇

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်ပြီးစီးသည့် အစိုးရနည်းပညာကောလိပ် (ကျောက်ဆည်) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၆ရက် မွန်းလွဲ ၁နာရီတွင် အဆိုပါကောလိပ်၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အစိုးရနည်းပညာကောလိပ်(ကျောက်ဆည်) ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဘင်ခရာအဖွဲ့၊ ပန်းဖွားအကအဖွဲ့၊ ကဗျာလွတ် အကအဖွဲ့၊ မင်္ဂလာစည်တော်အဖွဲ့နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေ့ဦးစွာ တိုင်းရင်းသားကျောင်းသား၊ ကျောင်းသူများက အစိုးရနည်းပညာကောလိပ်(ကျောက်ဆည်) အဝင်မုခ်ဦးဆိုင်းဘုတ်ကို ရွှေကြိုးဆွဲ၍ ဖွင့်လှစ်ပေးကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✳

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မောက်မယ်မြို့နယ် ဟိုနမ့် တိုက်နယ်ဆေးရုံ

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် မောက်မယ်မြို့နယ် ဟိုနမ့်တိုက်နယ်ဆေးရုံသစ်(အပေါ်ပုံ)**ကို ဩဂုတ် ၇ရက်ကဖွင့်လှစ်ခဲ့ရာ ဒေသတည်ငြိမ်အေးချမ်းမှု၊ စည်းလုံးညီညွတ်မှု၏ အကျိုးရလဒ်ပင်ဖြစ်သည်။ ဆေးရုံဧရိယာမှာ ၃ ဒသမ ၈ ဧက ကျယ်ဝန်းပြီး ၁၆ခုတင်ဆံ့ ဆေးရုံသစ်ကြီးဖြစ်သည်။ ၎င်းဆေးရုံတွင် ဆရာဝန်အပါအဝင် ဝန်ထမ်းခြောက်ဦးရှိပြီး ဆေးရုံတွင် ပြင်ပလူနာဆောင်၊ တာဝန်ခံသူနာပြု အခန်း၊ အမျိုးသားလူနာဆောင်၊ အမျိုးသမီးလူနာဆောင်၊သားဖွားဆောင်၊ ဆေးသိုလှောင်ခန်းနှင့် ခွဲစိတ်ခန်းတို့ပါဝင်သည်။ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် မြို့ပေါ်ဆေးရုံပေါင်း ၂၃ရုံနှင့် ကျေးလက်ဒေသများတွင် ဆေးရုံပေါင်း ၂၇ရုံ ရှိခဲ့ရာ ယခု ဟိုနမ့်တိုက်နယ်ဆေးရုံသည် ၂၈ရုံမြောက် ဆေးရုံတစ်ရုံဖြစ်သည်။**

(သတင်းမှတ်စု–သိန်းဝင်းလတ်) (ဓာတ်ပုံ–သွင်အေး၊ ကြေးမုံ)